# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# (၄၂)ရက်မြောက်နေ့ အစီအစဉ်

# [ ၂၈–၉–၂၀၁၆ ] ( ဗုဒ္ဓဟူးနေ့ ) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဒေါ်နန်းမိုး၊ မန်တုံ မဲဆန္ဒနယ်၏ **ဖုန်းတာဝါတိုင်ကို မန်တုံမြို့ပေါ် ရပ်ကွက်သို့ ရွှေ့ပြောင်းပေးရန်နှင့် အခြားလူဦးရေထူထပ်သည့် ကျေးရွာအုပ်စုများတွင် ဖုန်းလိုင်းများ တိုးချဲ့ပေးရန်အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးစိုင်းဆိုင်မိုင်း၊ မိုင်းကိုင် မဲဆန္ဒနယ်၏ **ရှမ်းပြည်နယ်တောင်ပိုင်းတွင် ဆက်သွယ်နိုင်ရန် တယ်လီဖုန်းလိုင်းများကို မည်မျှတပ်ဆင် ဆောင်ရွက်ထားပြီး မိုင်းကိုင်မြို့နယ်နှင့် ဒေသတွင်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ရန် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည် တို့ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်နီနီမေမြင့်၊ တောင်ကုတ် မဲဆန္ဒနယ်၏ **တောင်ကုတ်မြို့နယ် အတွင်းရှိ လက်ပံကျွန့်ကျေးရွာတွင် ရွာဦးဘုန်းတော်ကြီး ကျောင်းဝင်း အတွင်း ချောက်ကမ်းပါး ပြိုကျနေမှုများကို ထိန်းသိမ်း ကာကွယ်ရန် ကမ်းထိန်းနံရံများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက တင်သွင်းသည့် **"မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှု ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုများအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်က တင်သွင်းသည့် **"မိမိနိုင်ငံအတွင်း အလုပ်အကိုင် ရှားပါးမှုနှင့် လုပ်ခလစာနည်းပါးမှုကြောင့် နိုင်ငံရပ်ခြားသို့ ထွက်၍ အလုပ်လုပ်နေကြသော မြန်မာနိုင်ငံသားများအား သက်ဆိုင်ရာ နိုင်ငံများမှ အလုပ်ရှင်များက ဥပဒေမဲ့ခိုင်းစေခြင်း၊ အနိုင်ကျင့်ခြင်း၊ စော်ကားခြင်း၊ ဖမ်းဆီးနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း ပြုလုပ်နေမှုများအား နိုင်ငံတော် အစိုးရမှ နှစ်နိုင်ငံအစိုးရချင်း ချိတ်ဆက်၍ အမြန်ဆုံး ထိရောက်စွာ ကူညီပံ့ပိုး ကယ်တင်စောင့်ရှောက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း–

(က) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၊

(ခ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၊

(ဂ) ဦးအင်ထုံးခါးနော်ဆမ်၊ မြစ်ကြီးနား မဲဆန္ဒနယ်၊

(ဃ) ဗိုလ်မှူးတင်အောင်ဝင်း၊ တပ်မတော်သားကိုယ်စားလှယ်၊

(င) ဗိုလ်မှူးဟိန်းမင်းထက်၊ တပ်မတော်သားကိုယ်စားလှယ်၊

(စ) ဒေါ်နန်းခင်စော၊ ကွန်ဟိန်း မဲဆန္ဒနယ်၊ **(ခွင့်)**

၈။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# (၄၂)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်
## (၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၀၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၄.၈၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးပိုက်ကို(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးပိုက်ကို၊ ပခုက္ကူမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၀၄ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၉ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်၊

(၂) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး ခွင့် ၁ ရက်၊

(၃) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၁ ရက်၊

(၄) ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင် ခွင့် ၁ ရက်၊

(၅) ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်၊

(၆) မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဖိုးမြတ် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၇) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမောင်ဘို ခွင့် ၁ ရက်၊

(၈) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်နှင့်

(၉) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၃ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၉ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၂၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၃ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၂၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဖုန်းတာဝါတိုင်ကို မန်တုံမြို့ပေါ်ရပ်ကွက်သို့ ရွှေ့ပြောင်းပေးရန်နှင့် အခြားလူဦးရေထူထပ်သည့် ကျေးရွာအုပ်စုများတွင် ဖုန်းလိုင်းများ တိုးချဲ့ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းမိုး(မန်တုံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် အားလုံး မင်္ဂလာပါ။ ကျွန်မကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုး ဖြစ်ပါတယ်။ ကျွန်မတို့ မန်တုံမြို့တွင် ရပ်ကွက်သုံးခုနှင့် ကျေးရွာအုပ်စု ၂၉ ခုရှိပါတယ်။ သို့သော် မြို့ပေါ်ရပ်ကွက်သုံးခုကလွဲလို့ ကျန်သော လူနေထူထပ်သောကျေးရွာအုပ်စုများတွင် ယခုအချိန်အထိ ဆက်သွယ်ရေးလိုင်းမရသေးပါ။ ဥက္ကဋ္ဌကြီးရှင့်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့အတွက်ကြောင့်လည်းကောင်း၊ နယ်မြေမအေးချမ်းတဲ့အတွက်ကြောင့်လည်းကောင်း ကျွန်မတို့မှာ ရပ်ရေး၊ ရွာရေးကိစ္စများဆောင်ရွက်တဲ့အခါ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပြုလုပ်တဲ့အခါမှာလည်း ဖုန်းလိုင်းမရတဲ့အတွက်ကြောင့် အလွန်ပဲခက်ခဲလွန်းလှပြီး ယခုအချိန်ထိ စာပို့တဲ့စနစ်ကိုပဲ ကျင့်သုံးနေရတဲ့အတွက် လုပ်ငန်းပြီးမြောက်မှု အင်မတန်မှ နှေးကွေးလွန်းလှပါတယ်။ မြို့ကြီးပြကြီးမှာ E-Government ပြောနေတဲ့အချိန်မှာ ကျွန်မတို့မြို့မှာတော့ အခုချိန်အထိ ဖုန်းလိုင်းကောင်းဖို့ ကြိုးစားနေရတုန်းပါပဲ။ ကျွန်မတို့ မန်တုံမြို့နယ်ရှိ မန်ပတ်ဆက်သွယ်ရေးတာဝါတိုင်ကို ၂၀၀၇ ခုနှစ်တွင် တည်ထောင်ပြီး နမ့်တူမြို့ တာဝါတိုင် Station မှတစ်ဆင့်ဆက်သွယ်၍ အသုံးပြုလျက်ရှိပါတယ်။ ယင်းသို့ ဆက်သွယ်ရေးစနစ်ကောင်းမွန်လာသဖြင့် ပြည်သူများ၏လူမှုကိစ္စအဝဝ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်စေ၍ မြို့နယ်အတွင်း အော်ပရေတာလိုင်းများ ထပ်မံဖွင့်လှစ်ပေးပါရန်လည်း လိုအပ်နေပါတယ်။ သို့မှသာ မြို့နှင့်ကျေးရွာ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်နိုင်မယ်ဖြစ်ပါတယ်။ မန်ပတ်ကျေးရွာတွင် စိုက်ထူထားတဲ့တိုင်မှာ ဖုန်းလိုင်းအတွက် အသုံးပြုထားတဲ့တာဝါတိုင်မဟုတ်ဘဲ ရုပ်သံလိုင်းအတွက် စလောင်းတိုင်သာဖြစ်၍ လေအနည်းငယ်တိုက်ခံရရုံဖြင့် လိုင်းများပြတ်တောက်သွားခဲ့ပြီး ဖုန်းလိုင်းများဆက်သွယ်ရာတွင်လည်း အခက်အခဲဖြစ်ပေါ်မှု မကြာခဏကြုံတွေ့နေရပါ

တယ်။ ရေရှည်အကျိုးအတွက် တောင့်တင်းခိုင်မာ၍ အဆင့်မီသောတာဝါတိုင်စိုက်ထူပေးပါရန် ကွင်းဆင်းလေ့လာစစ်ဆေးချက်ကို ကျွန်မ တင်ပြပါရစေ။ Power Point သုံးခွင့်ပြုပါ။ ဒါကတော့ ကျွန်မတို့ မန်ပတ် Station (ဖုန်း Station)ပါ။ ဒီဥစ္စာလည်း ဖုန်းတာဝါတိုင် ပေါ့နော်။ အဝေးကနေ လှမ်းမြင်ရတယ်။ ဒီဟာကတော့ ကျွန်မ မြားပြထားတဲ့နေရာမှာတော့ သူက အလေးချိန်က မနိုင်တော့ လို့ လေတိုက်တဲ့အချိန်မှာ နည်းနည်းကွေးနေတာကို တွေ့မြင်ရမှာပါ။ ဒီဟာကတော့ သူက စလောင်း တိုင်ပေါ့နော်။ ထူးခြားချက်ကတော့ မြို့ပေါ်က ဖုန်းစလောင်းနဲ့မတူဘူး။ တမူထူးခြားနေတယ်ပေါ့။ ဒါကတော့ ၂၀၀၇ ခုနှစ်မှာ တာဝါတိုင်စိုက်ထူဖို့အတွက် ဖောင်ဒေးရှင်းတွေ လုပ်ထားပြီးတော့ အခုချိန်အထိ အကောင်အထည်မဖော်သေးဘူးပေါ့နော်။ ဒါကတော့ ကျွန်မတို့ ကွင်းဆင်းလေ့လာတာ။ ဒါကတော့ ကျွန်မတို့ မန်တုံမြို့နယ်ရဲ့မြေပုံဖြစ်ပါတယ်။ အခု ကျွန်မတို့ မန်တုံမြို့နယ် ကျေးရွာအုပ်စု ၂၉ အုပ်စုနဲ့ ရပ်ကွက်စုစုပေါင်းမှာ ကျွန်မ မြားပြထားတဲ့နေရာ တစ်နေရာတည်းပဲ ဖုန်းလိုင်းရပါတယ်။ လူကြီးမင်းများမြင်တဲ့အတိုင်းပါပဲ လမ်းပန်းဆက်သွယ်ရေးလည်း ခက်ခဲပါတယ်။ ဒီနေရာပဲ ကွက်ပြီးတော့မှ ဖုန်းလိုင်းရတဲ့အတွက်ကြောင့် ကျွန်မတို့အတွက် အလုပ်လုပ်တဲ့အခါမှာ အင်မတန်မှ ခက်ခဲလွန်းလှပါတယ်။ ကျွန်မ အခု ဒီမေးခွန်းကိုတင်တဲ့အချိန် ဒုတိယအကြိမ် ဒုတိယပုံမှန် လွှတ်တော် အစည်းအဝေးလာခဲ့စဉ်ကတည်းကနေ ဖုန်းလိုင်းပျက်တာ ဒီမေးခွန်းမဖြေခင် တစ်ပတ်အတွင်းမှပဲ ကျွန်မတို့ ဖုန်းလိုင်းရတယ်။ အဲဒီတော့ ကျွန်မ လွှတ်တော်ကိုလာတက်တဲ့အချိန်မှာ ကျွန်မတို့မြို့နယ်မှာ လုံးဝအဆက်အသွယ်ပြတ်တောက်တယ်။ ကျွန်မ ဘယ်လိုမှ အလုပ်လုပ်လို့ အဆင်မပြေပါဘူး။ ကျွန်မ ဒီကိုရောက်ပြီဆိုလို့ရှိရင် ကျွန်မတို့မြို့နယ်မှာ ဘာတွေဖြစ်ပျက်နေလဲဆိုတာ ကျွန်မ တကယ်ကိုမသိပါ ဘူး။ ဖုန်းလိုင်းအဆက်အသွယ်ကြောင့် ကျွန်မမြို့နယ်မှာရှိတဲ့အခက်အခဲတွေလည်း ကျွန်မကို မတင်ပြ ပေးနိုင်ပါဘူး။ အဲဒါကြောင့်မို့လို့ ကျွန်မတို့မြို့နယ်မှာ လူထူထပ်တဲ့နေရာ ကျေးရွာအုပ်စုတွေဖြစ်တဲ့ နမ့်ဟိုင်း၊ မိုင်းမော်အုပ်စု၊ ဆိုင်းလိန်အုပ်စု၊ မန်ဆက်အုပ်စု၊ လွယ်ကန်ရပ်ကွက်၊ မန်ပွန်းအုပ်စု စတဲ့ လူနေထူထပ်တဲ့ ကျေးရွာအုပ်စုမှာ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ဖုန်းလိုင်းတိုးချဲ့ပေးဖို့ အစီအစဉ် ရှိ/မရှိနဲ့ ဖုန်းတာဝါတိုင်ကို မြို့ပေါ်ရပ်ကွက်ကို ပြောင်းရွှေ့ပေးရန်အစီအစဉ်ရှိ/မရှိ သိရှိလိုတဲ့အတွက် ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။

ကျွန်တော်တို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ တအောင်း (ပလောင်)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသွားတဲ့ဟာတွေက အကုန်လုံးအမှန်တွေကြီးပါပဲ။ တကယ်လည်းပဲ လမ်းပန်းဆက်သွယ်ရေးကလည်းခက်ခဲတယ်။ တကယ်လည်း ငြိမ်းချမ်းရေးအခြေအနေလည်း လိုအပ်တယ်။ အဲဒီအခါ အဲဒီလိုနေရာတွေမှာ ဖုန်းလိုင်းတွေမပေးနိုင်သေးဘူးဆိုတာ သေချာပါတယ်။ သူမေးတဲ့မေးခွန်းထဲမှာ ပထမမေးခွန်းကတော့ ဖုန်းတာဝါတိုင်ကို မန်တုံမြို့ပေါ်ရပ်ကွက်ကို ရွှေ့ပြောင်းပေးရန်အစီအစဉ်ရှိ/မရှိ နှင့် မန်တုံမြို့ပေါ်ရပ်ကွက်အပြင် အခြားလူဦးရေထူထပ်တဲ့ကျေးရွာအုပ်စုတွေမှာ ဖုန်းလိုင်းတွေတိုးချဲ့ ရန်အစီအစဉ်ရှိ/မရှိ ခုနကပြောတဲ့ International Operator တွေ၊ ပုဂ္ဂလိကဖုန်းလိုင်းတွေ ဝင်ရောက်ရန်အစီအစဉ်ရှိ/မရှိကို ကျွန်တော် ဖြေကြားသွားမှာဖြစ်ပါတယ်။ ဒီမန်တုံမြို့ဟာ ပထဝီဝင်အနေအထားအရ ချိုင့်ဝှမ်းအတွင်းမှာတည်ရှိတဲ့အတွက်ကြောင့်မို့လို့ အဝေးဆက်သွယ်မှုစနစ်ရရှိဖို့ရန်အတွက် လားရှိုး(ဆင်တောင်)-နမ္မတူ မိုက္ကရိုဝေ့ဗ်စခန်း(ဂျပန်တောင်)အဲဒီကနေတစ်ဆင့် မန်တုံကိုဆက်သွယ်ရပါတယ်။ မန်တုံအနီးတဝိုက်မှာရှိတဲ့ မန်ပတ်ဆိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့ မန်ပတ်မိုက္ကရိုဝေ့ဗ်စခန်းတည်ရှိရာနေရာမှ Line of Sight ကောင်းစွာရပါတယ်။ ဒါကြောင့် သူက ချိုင့်ဝှမ်းထဲမှာရှိနေတော့ ဒီ Line of Sight ရတဲ့နေရာမှာပဲ မန်ပတ်ဆက်သွယ်ရေးစခန်းကိုပဲ ဒါကြောင့် ရွေးချယ်ထားရတာဖြစ်ပါတယ်။ ဒါကြောင့် မန်ပတ်ကို မန်တုံမြို့ပေါ်ရပ်ကွက်ကိုပြောင်းရွှေ့ပေးနိုင်ခြင်းမရှိပါကြောင်း လေးစားစွာ ပြန်ကြားအပ်ပါတယ်။

ဒီ လားရှိုး(ဆင်တောင်)-နမ္မတူ-မန်ပတ် မိုက်ခရိုဝေ့ဗ်ဆက်ကြောင်းကို သုံးပြီးတော့ CDMA ကိုဆက်ရတာဖြစ်ပါတယ်။ CDMA-450 က ခုနကပြောတဲ့ Digital ဟာ မရပါဘူး။ အဲဒီမှာလည်းဆက်သွယ်ရေးလိုင်းကောင်းစွာမရတဲ့အတွက်ကြောင့် ထူးခြားတဲ့စလောင်းကြီးကို သုံးရတာက ဂြိုလ်တုကို ပထမသုံးပါတယ်။ ပထမ IP Star သုံးတာကနေပြီးတော့ အခု နောက်ပိုင်း အမေရိကန် Satellite ကို ပြောင်းပြီးတော့ သုံးစွဲပြီးတော့ Migrate လုပ်ထားပါတယ်။ အဲဒါကြောင့်မို့လို့ အရင်ဟာတုန်းက ဒီဂြိုလ်တုဆက်ကြောင်းတွေကို သုံးတဲ့အခါမှာ Bandwidth က နည်းနည်းပဲရပါတယ်။ နည်းနည်းပဲရတဲ့အတွက်ကြောင့် ခဏခဏပျက်တတ်ပါတယ်။ ရာသီဥတုမကောင်းတဲ့အချိန်တွေဆိုရင်

ပျက်တတ်တာဖြစ်ပါတယ်။ အခုတော့ မန်တုံမှာ Auto Exchange နဲ့ GSM/UMTS မိုဘိုင်းဆက်သွယ်ရေးစခန်း ဆိုဒ်အမှတ် (SHN 00123) ကိုလည်းပဲ တည်ဆောက်ပြီးတော့ မိုဘိုင်းဝန်ဆောင်မှုတွေကို ပေးနေပြီဖြစ်ပါတယ်။ ဒါ့အပြင် မန်တုံမြို့မှာ ဆက်သွယ်ရေးကဏ္ဍ ပိုပြီးကောင်းလာဖို့ရာအတွက် လုံးတောင်ကျေးရွာ ဆိုဒ်အမှတ်(SHN 00296)မှာ စခန်းတစ်ခု၊ နောင်ရှမ်းကျေးရွာမှာ ဆိုဒ်အမှတ် (SHN 00281) မှာ စခန်းတစ်ခု စုစုပေါင်း GSM/UMTS စခန်းနှစ်ခုကို တိုးချဲ့ဖွင့်လှစ်ရန်အတွက် မြေနေရာများ ရှာဖွေဆောင်ရွက်လျက်ရှိပါတယ်။ မြေနေရာရရှိတဲ့အခါမှာ တာဝါတည်ဆောက်ခြင်း၊ စက်ပစ္စည်းများတပ်ဆင်ခြင်း၊ အဝေးဆက်သွယ်မှုဆက်ကြောင်း ချိတ်ဆက်ခြင်းလုပ်ငန်းများကို ဆက်လက်ပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ် ဇူလိုင်လမှာ GSM/UMTS မိုဘိုင်းဝန်ဆောင်မှုလုပ်ငန်းတွေကို ၂၀၁၇ ခုနှစ်ဇူလိုင်မှာ စတင်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

တစ်ခါ မန်တုံမြို့ပေါ်မှာ ဖုန်းလိုင်းတွေ ပြတ်တောက်မှုမရှိစေရန်အတွက် မိုက်ခရိုဝေ့ဗ်ဆက်ကြောင်းနဲ့ Fiber အဝေးဆက်သွယ်မှုဆက်ကြောင်းတွေကိုလည်းပဲ ရရှိလာအောင် ရာသီဥတုအခြေအနေ၊ မြေပြင်အနေအထား၊ လျှပ်စစ်ဓာတ်အားရရှိနိုင်မှုအခြေအနေ စသည်တို့အပေါ်မှာ မူတည်ပြီးတော့ ပြုပြင်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ အခြား Operator တွေအနေနဲ့ကတော့ Telenor အနေနဲ့က မန်တုံမြို့နယ်မှာ ဆက်သွယ်ရေးတာဝါနှစ်ခုဆောက်ဖို့ရာအတွက် ဆိုဒ်အမှတ် (SHN 0530) နှင့် (SH 0941) တို့မှာ တာဝါတိုင်တစ်တိုင်စီ တည်ဆောက်ပေးဖို့ရန်အတွက် လျာထားထားပါတယ်။ အဲဒီမှာ မြေနေရာရရှိပြီးရင်တော့ တာဝါတည်ဆောက်ခြင်းနှင့် စက်ပစ္စည်းတပ်ဆင်ခြင်း၊ အဝေးဆက်သွယ်မှုဆက်ကြောင်း ချိတ်ဆက်ခြင်းတို့ကိုလည်း လုပ်မှာပါ။ အူရီဒူးကတော့ မန်တုံမြို့နယ်မှာ မလုပ်နိုင်သေးပါဘူး။ လောလောဆယ် လျာထားခြင်းမရှိသေးပေမယ့် ဆက်သွယ်ရေးကွန်ရက်လွှမ်းခြုံနိုင်မှုတိုးချဲ့တဲ့အခါမှာ ထည့်သွင်းဆောင်ရွက်သွားမယ်လို့ သိရှိရပါတယ်။ အဲဒီတော့ ကျွန်တော်နည်းနည်း ပုံကြမ်းလေး တင်ပြချင်ပါတယ်။ Power Point သုံးခွင့်ပြုပါ။ ဒီ တအောင်း(ပလောင်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့နယ်မှာ ဆောင်ရွက်လျက်ရှိတဲ့ CDMA-450 စခန်းနှစ်ခုရှိပါတယ်။ မန်ပတ်မှာတစ်ခု၊ မန်တုံမှာတစ်ခု၊ အခုဟာကတော့ မန်တုံကဟာ လုပ်ပြီးပါပြီ။ အဲဒီမှာ လုံးတောင်ကျေးရွာနှင့် နောင်ရှမ်းကျေးရွာမှာတော့ မြေနေရာရှာဖွေလျက်ရှိပါတယ်။ အဲဒီမြေနေရာတွေကို မြန်မြန်ဆန်ဆန်ရရှိဖို့ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများကို လွှန်ခဲ့တဲ့အပတ်ထဲကနေပြီးတော့ ဒီကိစ္စတွေကို မြန်မြန်ဆန်ဆန်ဆောင်ရွက်နိုင်ဖို့၊ မြေနေရာတွေရရှိနိုင်ဖို့၊ အမြန်ဆုံးအကူအညီပေးကြဖို့ရန်အတွက် ကော်မတီဖွဲ့ပြီးတော့ ဗဟိုနဲ့၊ ပြည်ထောင်စုအစိုးရနဲ့ တိုင်းဒေသကြီးနှင့်

ပြည်နယ်အစိုးရတွေရဲ့ကြားထဲမှာ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့ အစည်းအဝေးလည်း ခေါ်ထားပြီးပြီ။ အကူအညီလည်း တောင်းထားပြီးပြီ။ ဒီလိုနေရာတွေကို မြန်မြန်ဆန်ဆန်လုပ်ပေးဖို့ရန် အတွက် ကျွန်တော် တွန်းအားပေးဆောင်ရွက်နေကြောင်း ပြောလိုပါတယ်။ ဒါကတော့ မြေနေရာ ရှာတုန်းပဲ ရှိပါသေးတယ်။ အဲဒီမှာ ဖွင့်လှစ်ပြီးတဲ့နေရာကတော့ နှစ်နေရာဖြစ်ပါတယ်။ မြေနေရာရှာနေ တဲ့အစိမ်းက နှစ်နေရာဖြစ်ပါတယ်။ မြေနေရာရှာဖို့ရာအတွက် လျာထားထားတဲ့ Telenor က နှစ်နေရာ ဖြစ်ပါတယ်ဆိုတဲ့အကြောင်းကို လေးစားစွာ တင်ပြအပ်ပါတယ်။

**ရှမ်းပြည်နယ်တောင်ပိုင်းတွင် ဆက်သွယ်နိုင်ရန် တယ်လီဖုန်းလိုင်းများကို မည်မျှတပ်ဆင်ဆောင်ရွက် ထားပြီး မိုင်းကိုင်မြို့နယ်နှင့် ဒေသတွင်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်ရန် မည်ကဲ့သို့ စီစဉ် ဆောင်ရွက်ထားသည်တို့ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဆိုင်မိုင်း(မိုင်းကိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ၊ TV ဖန်သား ပြင်မှာ စောင့်ကြည့်နေကြသော မဲဆန္ဒရှင်ပြည်သူများအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ မိုင်းကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စိုင်းဆိုင်မိုင်း ဖြစ်ပါတယ် ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းကိုင်မြို့နယ်မှာ GSM, MPT တယ်လီဖုန်း တိုင်တွေ စိုက်ထူထားတာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ယနေ့ထိတိုင် အများပြည်သူ ဆက်သွယ်အသုံးပြုခွင့် မရရှိသေးပါ။ အဲဒီလိုပဲ အခြားသော ပုဂ္ဂလိကတယ်လီဖုန်းလိုင်းများ ဆောင်ရွက်နေပါသော်လည်း ယနေ့အချိန်ထိ အသုံးပြုနိုင်ခွင့်မရှိသေးပါ။ ယခု မိုင်းကိုင်မြို့မှာ CDMA-450 တယ်လီဖုန်းလိုင်းများ တပ်ဆင်ထားရှိသော်လည်း အဆိုပါဖုန်းဆက်ကြောင်းကို IP Star နှင့် ဂြိုလ်တုမှတစ်ဆင့် ဆက်သွယ် အသုံးပြုရတဲ့အတွက် ဖုန်းခေါ်ဆိုရန်များစွာခက်ခဲလျက်ရှိပါတယ်။ အခြားမြို့နယ်တွေကို ခေါ်နိုင်ဖို့ မပြောနဲ့ မိမိမြို့နယ်အတွင်း တစ်အိမ်နဲ့တစ်အိမ် ခေါ်ဆို၍မရနိုင်လောက်အောင် ခက်ခဲလျက်ရှိပါ တယ်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့ မိမိမဲဆန္ဒရှင်ပြည်သူများနဲ့ အမြဲထိတွေ့ဆက်ဆံနိုင်ဖို့ ဖုန်းလိုင်းဆက်သွယ်မှုခက်ခဲတဲ့အတွက်ကြောင့် ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒတွေကို ဖော်ထုတ်နိုင်ခြင်း မရှိသလိုဖြစ်နေပါတယ်။ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးဟာ လွှတ်တော်ကို တာဝန်ခံရတဲ့သူဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်

တစ်ဦးရဲ့အားနည်းချက်ဟာ လွှတ်တော်ရဲ့အားနည်းချက် ဖြစ်နေပါ တယ်။ ဒီအားနည်းချက်တွေကြောင့် ကျန်းမာရေးဆိုင်ရာ၊ ပညာရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ လူမှုရေး ဆိုင်ရာများနှင့် ဌာနဆိုင်ရာ ဆက်သွယ်မှုများ အချက်အလက်ပေးပို့ခြင်း၊ ရယူခြင်းများနှောင့်နှေးရပြီး ကမ္ဘာမှာ မြန်မာကို နောက်ကျကျန်စေခဲ့တဲ့အဓိကအချက်ဖြစ်ပါတယ်။ ဒီလိုအရေးကြီးတဲ့ ဆက်သွယ်ရေး လိုအပ်ချက်ကို ကျွန်တော့်မဲဆန္ဒနယ် မိုင်းကိုင်မြို့တစ်ခုတည်းမဟုတ်ဘဲ မြန်မာနိုင်ငံမှာရှိနေတဲ့ လိုအပ်ချက် ရှိတဲ့မြို့တိုင်းကို အမြန်ဖြည့်ဆည်းပေးဖို့ လိုအပ်နေပါပြီ။ လွှတ်တော်အတွင်းမှာ ဆွေးနွေး မှတ်တမ်းတင် အတည်ပြုထားတဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကဏ္ဍ၊ လူမှုဘဝလုံခြုံရေးကဏ္ဍနှင့် အခြား အရေးပါတဲ့ ဆွေးနွေးချက်တွေကို ပြည်သူတွေဆီအချိန်နှင့်တစ်ပြေးညီ သတင်းပေး၊ အသိပေးနိုင် ခြင်း မရှိတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ရဲ့ ပြန်လည်ထိန်းကျောင်းခြင်းကဏ္ဍလည်း မှေးမှိန်နေပါ တယ်။ ယခုအခါ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖော်ဆောင်ရာတွင် မိမိတို့မြို့နယ်အနေဖြင့် သတင်းအချက်အလက်များ လွယ်ကူလျင်မြန်စွာ ဆက်သွယ်ရယူပေးပို့နိုင်သော မြို့တစ်ခုအဖြစ် ပြည်သူများမှ လိုလားတောင့်တလျက်ရှိပါတယ်။ E-Government နိုင်ငံအဖြစ်တည်ဆောက်ရာမှာ မြို့နယ်တိုင်း ကောင်းမွန်သောဖုန်းလိုင်းများ၊ Internet လိုင်းများ အသုံးပြုနိုင်သောအခြေအနေကို ဖန်တီးတည်ဆောက်ရန် အဓိကလိုအပ်လျက်ရှိပါတယ်။ လက်ရှိမိုင်းကိုင်မြို့နယ်မှာ ဖုန်းလိုင်းများ၊ Internet လိုင်းဆက်သွယ်မှု အသုံးမပြုနိုင်တဲ့အတွက် ကမ္ဘာကြီးနှင့်သီးခြားကင်းလွတ်ကာ အဆက် အသွယ်ပြတ်တောက်နေသည့် မြို့တစ်မြို့အဖြစ် ရပ်တည်နေရတဲ့သဘောဖြစ်နေပါတယ်။

သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ဆက်သွယ်ရေးတယ်လီဖုန်း လိုင်းများကို မည်မျှတပ်ဆင်ဆောင်ရွက်ထားရှိပြီး မည်သည့်မြို့နယ်များက မည်ကဲ့သို့ဆက်သွယ်အသုံး ပြုနိုင်ကြောင်းနှင့် မိုင်းကိုင်မြို့နယ်နှင့် ဒေသတွင်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ရန် မည်သည့် ကာလတွင် မည်ကဲ့သို့စီစဉ်ဆောင်ရွက်ထားသည်ကို ဒေသခံပြည်သူများသိရှိနိုင်ရန် ဒေသခံပြည်သူ များ၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ

အားလုံး မင်္ဂလာပါခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းကိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆိုင်မိုင်းရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုဖို့ မေတ္တာရပ်ခံပါတယ်ခင်ဗျား။ မေးတဲ့မေးခွန်းမှာ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ဆက်သွယ်ရေးတယ်လီဖုန်းလိုင်းများကို မည်မျှတပ်ဆင်ဆောင်ရွက်ထားပြီး မည်သည့်မြို့နယ်များက မည်ကဲ့သို့ ဆက်သွယ်အသုံးပြုနိုင်မည်နှင့် မိုင်းကိုင်မြို့နယ်နှင့် ဒေသတွင်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင် မည်သည့်ကာလတွင် မည်ကဲ့သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ် ၂၁ မြို့နယ်မှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ အော်တိုအိတ်ချိန်း ၃၂ ခု၊ ADSL စခန်း ၁၈ ခု၊ GSM(2G နှင့် 3G)စခန်း ၂၃၈ ခု၊ CDMA-800 စခန်း ၅ ခု၊ CDMA-450 MHz စခန်း ၂၀ တို့ကို အောက်ဖော်ပြပါဇယားအတိုင်း မြို့နယ်အလိုက် ရှင်းလင်းတင်ပြအပ်ပါတယ်။ မိုင်းကိုင်မြို့နယ်မှာတော့ CDMA-450 MHz စခန်းတစ်ခုကို ၈-၁၁-၂၀၁၁ ရက်နေ့မှာ ဖွင့်လှစ်ထားရှိခဲ့ပြီးတော့ GSM(2G,3G) စခန်းတစ်ခုကို V-Sat ဂြိုလ်တုစနစ်ဖြင့် ချိတ်ဆက်ပြီးတော့ ၁၅-၈-၂၀၁၆ ရက်နေ့က ဖွင့်လှစ်ခဲ့ပါတယ်။ မိုင်းကိုင်မှာ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့အတိုင်း မှန်ပါတယ်။ CDMA စခန်းသာလျှင်ရှိပါတယ်။ အဲဒီမှာ သူက Digital မရပါဘူး။ အဲဒါကို ကျွန်တော်တို့က အရင်တုန်းက IP Star သုံးခဲ့ရာကနေပြီးတော့ ၈ လပိုင်းကမှ ကျွန်တော်တို့ကို Inter-Sat ဂြိုလ်တုကို စာချုပ်ငှားရမ်းပြီးတော့ အဲဒီဂြိုလ်တုကို သူ့ရဲ့ဂြိုလ်တုနေရာကိုရောက်အောင် Migrate လုပ်ရပါတယ်။ အဲဒီ Migrate ဆက်သွယ်တဲ့ဟာက ၈ လပိုင်မှာပြီးသွားတဲ့အတွက်ကြောင့် အသင့်အတင့်တော့ ကောင်းသွားမည်ဆိုတဲ့အကြောင်း တင်ပြလိုပါတယ်။

ဒါ့အပြင် ရှမ်းပြည်နယ် (တောင်ပိုင်း) မြို့နယ် ၂၁ မြို့နယ်မှာ အခြား International Operator Telenor နဲ့ Ooredoo တို့ရဲ့ လုပ်ဆောင်ချက်တွေကို ဇယားနဲ့ဖော်ပြတာဖြစ်ပါတယ်။ တယ်လီနောက GSM စခန်း ၁၉၂ ခု၊ အူရီဒူး မြန်မာလီမိတက်က GSM စခန်း ၈၁ ခု စုစုပေါင်း GSM စခန်း ၂၇၃ ခုကို တည်ဆောက်ထားပြီးတော့ မိုင်းကိုင်မြို့နယ်မှာတော့ တယ်လီနောမြန်မာလီမိတက်က GSM စခန်း နှစ်ခု၊ အူရီဒူးမြန်မာလီမိတက်က GSM စခန်းနှစ်ခုကို စက်ပစ္စည်းတပ်ဆင်ဖို့နှင့် အဝေးဆက်ကြောင်းချိတ်ဆက်ရန် ဆောင်ရွက်လျက်ရှိကြောင်း ဇယားနှင့်တကွ တင်ပြအပ်ပါတယ်။ အဲဒီမှာ မိုင်းကိုင်မြို့နယ်မှာတော့ တယ်လီနောက နှစ်ခု၊ အူရီဒူးက နှစ်ခုဖြစ်ပါတယ်။ စက်ပစ္စည်းတွေ တပ်ဆင်ဖို့နဲ့ အဝေးဆက်ကြောင်းများ တပ်ဆင်ရန် ကျန်ပါသေးတယ်။ ဒါကလည်းပဲ ခုနတုန်းကပြောတဲ့

**မူကြမ်း**

အတိုင်း လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ တကယ့်ဆက်ကြောင်းကို ခုနကပြောတဲ့ Fiber Optic ဆက်ကြောင်းကိုလည်းပဲ ပုဂ္ဂလိကကုမ္ပဏီတစ်ခုနှင့် ပေါင်းပြီးတော့မှ အဲဒီဘက်ကိုဖြတ်ပြီးတော့၊ တောင်/မြောက်ဖြတ်ပြီးတော့ မိုင်းကိုင်ကိုသွားဖို့ရာအတွက် ကျွန်တော်တို့ ကြိုးစားနေပါတယ်။ ဒီနေရာမှာပြောချင်တာက အားလုံးလိုလိုဟာ SIM Card များများရောင်းရတဲ့၊ စီးပွားရေးတွက်ခြေ ကိုက်တဲ့၊ လူဦးရေထူထပ်တဲ့နေရာတွေကိုသာ Operator အားလုံးက လုပ်ချင်ကြပါတယ်။ ဒီလို ရပ်ဝေးဒေသတွေ၊ နယ်စွန်နယ်ဖျားတွေကို သွားဖို့ရာအတွက် ကျွန်တော်က အမြဲတမ်းလိုလို တွန်းအား ပေးဆောင်ရွက်နေရပါတယ်။ ဒီနေရာမှာ သူတို့ရဲ့ Operator စာချုပ်အရ သူတို့က နှစ်နှစ်ခွဲနီးပါး လောက်ရှိပါပြီ။ သုံးနှစ်ပြည့်တဲ့အခါမှာ သူတို့ရဲ့ Commitment Map အရ သူတို့သာမပြည့်မီရင် ကျွန်တော်က Universal Service Fund လို့ခေါ်တဲ့ သူတို့ရဲ့ Total Revenue စုစုပေါင်းဝင်ငွေပေါ် ကနေ နှစ်ရာခိုင်နှုန်း (USF)ပေါ့။ Universal Service Fund ကို ကျွန်တော်ရအောင်တောင်းမှာပါ။ အဲဒီအခါမှာ ပိုပြီးတော့ အကုန်လုံး အစွန်အဖျားအားလုံးကိုရောက်အောင် ကြိုးစားသွားမှာပါ။ ဒီငါးနှစ် အတွင်းမှာတော့ ကြိုးစားသွားနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒါပေမဲ့ လောလောဆယ်အခြေအနေ မှာတော့၊ အခက်အခဲရှိနေသေးတဲ့အကြောင်းကိုတော့ အားလုံးသိအောင် ကျွန်တော် ဝန်ခံလိုပါတယ်။ ဒါဟာ မိုင်းကိုင်မြို့နယ်အတွင်းမှာရှိတဲ့နေရာတွေပါ။ အဲဒီမှာ အဝါရောင်က မြေနေရာရှာဖွေဆဲ သုံးနေရာပါ။ အပြာရောင်က ဖွင့်လှစ်ပြီးတာ နှစ်ခုတည်းပဲရှိပါသေးတယ်။ အစိမ်းရောင်ကလည်းပဲ စက်တပ်ဆင်ဖို့ စောင့်ဆိုင်းနေရတာပါ။ စက်ကသူများနိုင်ငံကတင်သွင်းရပါတယ်။ အဆင့်ဆင့် ဖြတ်ကျော်ပြီးတော့မှ အဲဒီကို ရောက်အောင်ပို့ရပါတယ်။ စက်တပ်ဆင်ပြီးတဲ့အခါမှာလည်း ခုနက ပြောတဲ့ စမ်းသပ်ခြင်း၊ ဆက်သွယ်ခြင်းအမျိုးမျိုးလုပ်ရပါတယ်။ အဲဒီမှာ မီးမရရင်လည်းပဲ မီးစက် တပ်ဆင်ရတယ်။ မီးစက်မောင်းရတယ်။ အဲဒါမျိုး အမျိုးမျိုးအဆင့်ဆင့်တွေ လုပ်ရတဲ့အကြောင်း ကျွန်တော် လေးစားစွာတင်ပြအပ်ပါတယ်။ Universal Service Fund သာ Total Revenue ရဲ့ နှစ်ရာခိုင်နှုန်းရရင်တော့ အားလုံးဟာ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရရဲ့လုပ်ပိုင်ခွင့်ထဲမှာ ရောက် သွားတာ။ ကျန်တဲ့ဟာတွေကတော့ Operator တွေကို ကျွန်တော်က တွန်းအားပေးပြီးတော့ ဆောင်ရွက်နေရပါတယ်ဆိုတဲ့အကြောင်း လေးစားစွာရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**တောင်ကုတ်မြို့နယ်အတွင်းရှိ လက်ပံကျွန်ကျေးရွာတွင် ရွာဦးဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း ချောက်ကမ်းပါးပြိုကျနေမှုများကို ထိန်းသိမ်းကာကွယ်ရန် ကမ်းထိန်းနံရံများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နီနီမေမြင့်(တောင်ကုတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နီနီမေမြင့် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျွန်မ မဲဆန္ဒနယ်အတွင်းမှာရှိတဲ့ လက်ပံကျွန်းကျေးရွာရဲ့ ရွာဦးဘုန်းတော်ကြီးကျောင်းဝင်းအတွင်းမှာ ကမ်းပါး ပြိုကျနေမှုများနှင့်ပတ်သက်ပြီးတော့ ကမ်းထိန်းနံရံပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းပြီး တော့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ တောင်ကုတ်မြို့နယ် တန်းလွဲချောင်း လက်ပံကျွန်းကျေးရွာ အုပ်စု လက်ပံကျွန်းကျေးရွာမှာဆိုရင် အိမ်ခြေ ၃၀၀ ခန့်နှင့် လူဦးရေမှာလည်း ၁၅၀၀ ကျော်နေထိုင် လျက်ရှိပါတယ်။ ဒေသခံတွေရဲ့ အဓိကစီးပွားရေးလုပ်ငန်းမှာလည်း လယ်ယာလုပ်ငန်းကို အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ကြပါတယ်။ အခုလက်ရှိ အဲဒီရွာရဲ့ ရွာဦးဘုန်းတော် ကြီးကျောင်းဝင်းအတွင်းမှာ နှစ်စဉ်နှစ်တိုင်း ရေကြီးရေလျှံမှုတွေကြောင့် ကမ်းပါးပြိုကျနေမှုများ ဆက်တိုက်ဖြစ်ပွားလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ထိုကမ်းပါးပြိုကျနေမှုများကြောင့် သာသနိကအဆောက်အဦများကလည်း ရေထဲပါမှာစိုးတဲ့အတွက် တချို့ကိုဖျက်ထားရပါတယ်။ တချို့အဆောက်အဦများဆိုရင်လည်း ချောင်းကမ်းပါးနားထိရောက်နေပါပြီ။ ရွာသူရွာသားများမှာလည်း ၎င်းကိစ္စနဲ့ပတ်သက်ပြီးတော့ စိုးရိမ ပူပန်နေကြရပါတယ်။ ဒီအတိုင်းသာဆက်ထားမယ်ဆိုပါက ရွာလုံးကျွတ်နီးပါး ပြောင်းရွှေ့ရမယ့် အနေအထားကို သိပ်မကြာသောနှစ်အတွင်းမှာပဲ ရောက်ရှိသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ပို၍ မြင်သာအောင် Power Point အသုံးပြုခွင့်ပေးပါရှင်။ ဒါ ရွာဦးကျောင်း ဆွမ်းစားကျောင်းဆောင် အနီးမှာ ကမ်းပါးပြိုကျနေတဲ့ အခြေအနေပါ။ ဒါကတော့ ကျွန်မတို့ ဒီအလယ်ကဟာကတော့ ရွာဖြစ် ပါတယ်။ ဟိုဘက်ဒီဘက်က ချောင်းဖြစ်ပြီးတော့ အလယ်မှာကျလို့ရှိရင် ရွာသူရွာသားတွေစုပေါင်း ပြီးတော့ ငုတ်တွေရိုက်ထားတာ ဖြစ်ပါတယ်။ ဒါဟာလည်း ချောင်းကမ်းပါးပြိုကျနေတဲ့ဟာက ကျောင်းနားအထိရောက်နေပါပြီ။ ဒါကလည်း ခေတ်ပုံမှတ်တမ်းတွေပါ။ ဒါဟာဆိုလို့ရှိရင်လည်း

ကျွန်မတို့အလယ်မှာတွေ့ရတာက ရွာဖြစ်ပါတယ်။ ဒီဘက်မှာဆိုလို့ရှိရင်လည်း ချောင်း၊ ဒီချောင်းဟာ ဆိုလို့ရှိရင်လည်း သိပ်တော့မနက်ပါဘူး။ သောင်တွေခံပြီးတော့ ရွာသူရွာသားတွေဟာ နှစ်စဉ်နှစ်တိုင်း မိုးနည်းနည်းရွာလိုက်တာနဲ့ ရေကတက်လာတဲ့အတွက်ကြောင့်မို့လို့ ကိုယ်ထူကိုယ်ထနဲ့ ငုတ်စိုက်ထားတာဖြစ်ပါတယ်။ ဒါဆိုလို့ရှိရင် ပုံမှာကြည့်လိုက်တာ အဲဒါသောင်ခုံဖြစ်ပါတယ်။ အကုန်လုံးက သောင်တွေပါ။ ဒါအလယ်ကဟာရွာပါ။ ဒါဟိုဘက်ဒီဘက် ချောင်းတွေချည်းပါပဲ။ ဒါလည်း ဒီအလယ် ခေါင်ကကျောက်ပုံတွေ၊ သောင်ခုံတွေ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မဲဆန္ဒရှင်ပြည်သူများကိုယ်စား အထက်ပါမေးခွန်းအား လေးစားစွာမေးမြန်းအပ်ပါတယ်ရှင်။ အားလုံး ကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ တောင်ကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ဖြေကြားသွားမှာဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့် မေးမြန်းထားတဲ့ တောင်ကုတ်မြို့နယ် လက်ပံကျွန်းကျေးရွာမှာရှိတဲ့ ရွာဦးဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း ချောက်ကမ်းပါးပြိုကျနေမှုကို ထိန်းသိမ်းကာကွယ်ရန်အတွက် မရှိမဖြစ် လိုအပ်နေတဲ့အတွက်ကြောင့် ကမ်းထိန်းနံရံများ ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ၊ ရှိမည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်၊ မရှိပါက အဘယ်ကြောင့်ဆိုသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းပြီးတော့ တကယ်တမ်းတော့ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့ကနေပြီးတော့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဆီကို မေးမြန်းခဲ့ပါတယ်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့အဖြေပေါ်မှာ ကျွန်တော်ပြန်လည်ပြီးတော့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဖြေကြားသွားမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကမ်းထိန်း၊ ကမ်းပြိုမှုကိစ္စတွေကို ရန်ပုံငွေက ရခိုင်ပြည်နယ် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတွေဆီကိုပဲ ခွင့်ပြုထားတာဖြစ်ပါတယ်။ အဲဒီတော့ အဲဒီမှာစိစစ်လိုက်တဲ့အခါကျတော့ သူတို့ရဲ့အဖြေပေါ်မှာ ကျွန်တော်ဆက်စပ်ပြီး စုစည်းလိုက်ပါတယ်။ စုစည်းလိုက်တဲ့အခါမှာ ၂၀၁၃-၂၀၁၄ ဘတ်ဂျက်ကစပြီး

တော့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ငွေလုံးငွေရင်းခွင့်ပြုငွေများနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးရာမှာ အဲဒီနှစ်က ၁၁၇၄.၄၅၀ ကျပ်သန်းဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၁၃ ခု၊ ကျွန်တော်ရှင်းလင်းသွားအောင် Power Point လေးတင်ပြခွင့်ပြုပါခင်ဗျား။ နောက်တစ်ခါ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၃၈၅၈.၆၄၄ သန်းဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၂၄ ခု၊ ၂၀၁၅-၂၀၁၆ ဘတ်ဂျက်တုန်းက ငွေလုံးငွေရင်းခွင့်ပြုငွေ ၅၉၉၇ သန်းဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၂၇ ခုကို ဆောင်ရွက်ပေးခဲ့ပြီးတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းခွင့်ပြုငွေ သန်းပေါင်း ၅၉၄၀ ဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၁၃ ခုအား ဆောင်ရွက်ပေးရမယ်ဆိုပြီးတော့ လုပ်ထားပါတယ်။

အခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ထဲမှာ သန်းပေါင်း ၅၉၄၀ ပါရဲ့သားနဲ့ ခုနတုန်းက ကိုယ်စားလှယ်ကြီးတင်ပြခဲ့တဲ့ လက်ပံကျွန်းကျေးရွာအတွက် ဘာကြောင့်မပါတာလဲလို့ ကျွန်တော်စိစစ်ကြည့်ပါတယ်။ အဲဒီအခါမှာ လုပ်ရမယ်ဆိုတဲ့ သူတို့သတ်မှတ်ခွင့်ပြုထားတဲ့ ပထမရှစ်ခုဟာ အဲဒီရှစ်ခုမှာ ဆောင်ရွက်ရန်ကျန်တာရှိတယ်။ ဆောင်ရွက်ပြီးတဲ့ဟာ ရှိပါတယ်။ ဒီနှစ်က ရေအမြန်တက်ပြီးတော့ နှစ်လစောပြီးတော့တက်တဲ့အတွက်ကြောင့် တချို့လုပ်ငန်းတွေ အများကြီးကျန်နေပါသေးတယ်။ နောက်ဇယားမှာတော့ အဲဒီမှာလည်းပဲ ဆောင်ရွက်ရန်ကျန်တာ သုံးခုနဲ့ ဆောင်ရွက်ပြီးတာနှစ်ခုဖြစ်ပါတယ်။ အဲဒီတော့ ပေးထားတဲ့ သန်းပေါင်း ၅၉၄၀ ကို ပြည်နယ်အစိုးရအနေနဲ့ ခွဲထားတဲ့ဟာက အဲဒီအတိုင်း ဖြစ်နေပါတယ်။ အခုလက်ရှိ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့ လက်ပံကျွန်းကျေးရွာရဲ့ကမ်းပြိုမှုကို ဘယ်လောက်ကျမှာလဲလို့ တွက်လိုက်တဲ့အခါကျတော့ ၅၂၅ သန်း၊ ဒါကကျွန်တော် ခုနတုန်းက လူကိုယ်တိုင်မသွားနိုင်တော့ ပြီးတဲ့ဟာတွေကိုလိုက်ပြီးတော့ စစ်ထားတာပါ။ အဲဒီတော့ သံတွဲမြို့နယ်၊ တာရော်တောကျေးရွာမှာ မြေထိန်းနံရံအဟောင်းကို ပြန်လည်ပြုပြင်တာရှိပါတယ်။ ဒါလည်းပဲ အဲဒီတာရော်တောကျေးရွာမှာ ရေကာတန်းနှင့် ဟိုဘက်က ကျောက်စီကွန်ကရစ်ရိုက်ထားတဲ့အတန်းပါ။ ငပလီလေဆိပ်၊ အဲဒါကတော့ လေဆိပ်ပြေးလမ်းကို လာပြီးထိမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ လေဆိပ်အနီးမှာ လှိုင်းကာမြေထိန်းနံရံ မဖြစ်မနေဆောက်ခဲ့ရတယ်ဆိုတာကိုတွေ့ပါတယ်။ အဲဒီအနီးလေးနေရာဟာ မြေထိန်းနံရံ ဆောက်ထားရတဲ့ဟာ ဖြစ်ပါတယ်။ အားလုံးပေါင်း ၃၁၇ သန်း ကုန်ပါတယ်။ နောက် ခုနတုန်းက လှိုင်းကာမြေထိန်းနံရံကို ပြောတာပါ။ နောက် ကျောက်တော်မြို့နယ် ကာဒီကျေးရွာမှာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ခုနတုန်းက ပြထားတဲ့အနီးလေးနေရာ နှစ်နေရာကနေပြီးတော့ လုပ်ငန်းဆောင်ရွက်ရမယ့်မြေနေရာ ကာဒီကျေးရွာ အဲဒါမှာလည်း

အခုကျောက်တွေစီပြီး ချထားပြီးတော့ ဒီမြေထိန်းနံရံနဲ့ကာထားတဲ့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ထားတဲ့ အနေအထားဖြစ်ပါတယ်။ အဲဒီတော့ တာရော်တောရယ်၊ ငပလီလေဆိပ်အနီးက အခြေပြုလှိုင်းကာ မြေထိန်းနံရံရယ်၊ ကျောက်တော်မြို့နယ်က ကာဒီကျေးရွာသုံးခုကတော့ ရာနှုန်းပြည့် ဆောင်ရွက်ပြီးဖြစ်ပါတယ်။ အဲဒီတော့ ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတွက် တောင်ကုတ်မြို့နယ်အတွင်းမှာရှိတဲ့ လက်ပံကျွန်းကျေးရွာ၊ ရွာဦးဘုန်းတော်ကြီးကျောင်းဝင်း ချောက်ကမ်းပါးပြိုကျနေမှုကို ထိန်းသိမ်းကာကွယ်ရန်အတွက် ရေအရင်းအမြစ်နဲ့ မြစ်ချောင်းဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ရခိုင်ပြည်နယ်ရုံးအနေဖြင့် ဘိုးပိုင်အခြေပြု ကျောက်စီတမံအလျား ပေ ၆၀၀ တည်ဆောက်သွားဖို့ရာအတွက် လုပ်ငန်းတန်ဖိုးဟာ ၅၂၅.၄၂ သန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြည့်စွက်ရန်ပုံငွေမှာလည်းကောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်စိုးရအဖွဲ့ရဲ့ မူလရန်ပုံငွေမှာလည်းကောင်း ထည့်သွင်းတင်ပြတောင်းခံခဲ့ပေမဲ့ ခွင့်ပြု ရန်ပုံငွေကန့်သတ်ချက်ပေါ်မှာ မူတည်ပြီးတော့ ဦးစားပေးအဆင့်အလိုက် လုပ်ငန်းတွေဆောင်ရွက် ပေးနိုင်တဲ့အတွက်ကြောင့်မို့လို့ ယခု ဘဏ္ဍာရေးနှစ်အတွင်းမှာတော့ ခွင့်ပြုရန်ပုံငွေမရရှိခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ကမ်းပြိုတဲ့နေရာတွေကို အောက်ကအမြင့်ပေတွက်ချက်ထားတာတွေ ဖြစ်ပါတယ်။ ရေထဲကဟာကို တွက်ချက်ထားတာဖြစ်ပါတယ်။ ဒါကတော့ အပေါ်စီးမြင်ကွင်းဖြစ်ပါတယ်။ တောင်ကုတ်၊ လက်ပံကျွန်း ကျေးရွာမှာ အမှန်တကယ်လိုအပ်နေတဲ့အကြောင်းကို တွေ့ရှိပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ လုပ်မယ့်ဟာကတော့ အဲဒီလောက်ထိ ခိုင်ခိုင်မာမာလုပ်မှသာလျှင် နောက်ထပ်ထပ်ပြီးတော့ ကမ်းမပြိုမှာဖြစ်ပါတယ်။ အဲဒီအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာတော့ မဖြစ်မနေ ဒီဟာကိုတော့ ထည့်ပေးပါဆိုပြီးတော့ ရရချင်းကျွန်တော်တို့ ရန်ပုံငွေရရှိတဲ့အခါမှာ အမြန်ဆုံးဆောင်ရွက်ပေးသွားမယ်ဆိုတဲ့အကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ မေးခွန်းများဖြေကြားပြီးတဲ့ ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက တင်သွင်းသည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုများအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက တင်သွင်းသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့(၂၀-၉-၂၀၁၆ ရက်နေ့)တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၂-၉-၂၀၁၆ ရက်နေ့ နောက်ဆုံး ထားပြီး အမည်စာရင်းပေးသွင်းရန် တောင်းခံခဲ့ရာ ကိုယ်စားလှယ် ၁၉ ဦးတို့က အမည်စာရင်း တင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါ မယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်း တစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲ အစဉ်လိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိတဲ့အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီနဲ့ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းများ ပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာ ဖြစ်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ထပ်မံပြင်ဆင်ချက်(၁၀၂)ချက်ကို ဥပဒေကြမ်းကော်မတီက တင်သွင်းဖို့ဖြစ်ပါ တယ်။ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြန်မာပြည်သူပြည်သားအပေါင်း စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

**မူကြမ်း**

ကျွန်တော်ကတော့ ဥပဒေကြမ်းကော်မတီ၏ကိုယ်စား ပြန်လည်ရှင်းလင်းတင်ပြမယ့် မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလင်း ဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပြင်ဆင်ချက်အဆိုတင်သွင်းသူ လွှတ်တော်ကိုယ်စားလှယ် ၁၉ ဦး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၂၄-၉-၂၀၁၆ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ ၏ ထပ်မံပြင်ဆင်ရန်တင်ပြချက်(၁၀၂)ချက်ရှိပါတယ်။ ထပ်မံပြင်ဆင်ရန် ပြင်ဆင်ချက်ဇယားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ရန်တင်ပြချက်(၁၀၂)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးကျော်ဝင်း(ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံနိုင်ကြပါစေ။ ရှေးဦးစွာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်း(မူကြမ်း)ကို လွှတ်တော်သို့တင်ပြနိုင်ရေးအတွက် ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းစဉ်များကို ပိုမိုသိသာမြင်သာနိုင်အောင်လို့ ရှေးဦးစွာတင်ပြခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် ရင်းနှီးမှုလုပ်ငန်းများနှင့်ပတ်သက်ပြီး ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေတို့ကို ဥပဒေနှစ်ရပ်အဖြစ်

ပြဋ္ဌာန်းကာ နိုင်ငံခြားသားနှင့် နိုင်ငံသားသီးခြားစီဆောင်ရွက်လျက်ရှိခဲ့ပါတယ်။ ဒီနေရာကနေ ကျွန်တော်တို့ မြန်မာနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုမူဝါဒများနှင့်စပ်လျဉ်းပြီး OECD မှ မြန်မာနိုင်ငံအတွက် Investment Policy Review ပြုလုပ်ခဲ့တဲ့အခါမှာ ၎င်းတို့မှ ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ ဥပဒေ နှစ်ရပ်ထားရှိမည့်အစား ပိုမိုပြည့်စုံသော ဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းသင့်ကြောင်း အကြံပြုဖော်ပြခဲ့ တဲ့အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေမူကြမ်းကို ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ International Finance Cooperation-IFC ရဲ့ နည်းပညာအကူအညီရယူပြီးတော့ စတင်ရေးဆွဲဆောင်ရွက်ခဲ့ပါ တယ်။ ဒီကနေ ဆက်လက်ပြီးတော့ အဆိုပါမူကြမ်းကို အကြံပြုချက်များပေးနိုင်ရန်အတွက် Task force အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနမှပုဂ္ဂိုလ်များ၊ ပြည်သူ့လွှတ်တော်ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုး တိုးတက်ရေးကော်မတီနှင့် အမျိုးသားလွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုကော်မတီတို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများဖြင့် ပထမ အကြိမ် ညှိနှိုင်းအစည်းအဝေးကို ၂၀၁၄ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့မှာ တစ်ကြိမ်၊ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့မှာတစ်ကြိမ် ညှိနှိုင်းအစည်းအဝေးများပြုလုပ်ခဲ့ပါတယ်။ ဒီကနေတစ်ဆင့် ထပ်ဆင့်ပြီးတော့ ရင်းနှီးမြှုပ်နှံမှုဥပဒေမူကြမ်းအပေါ် အကြံပြုချက်များပေးနိုင်ရန်အတွက် ၂၀၁၅ ခုနှစ် မတ်လမှာ တစ်ကြိမ်၊ ဧပြီလမှာတစ်ကြိမ် ကြေးမုံသတင်းစာတွင်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီ ညွှန်ကြားမှုဦးစီးဌာန၏ Website တွင်လည်းကောင်း ကြေညာခြင်းများဖြင့် အများပြည်သူတို့၏ အကြံပြုချက်များကို ရယူခဲ့တဲ့အခါမှာ စီးပွားရေးနှင့်ဥပဒေပညာရှင်များအပါအဝင် လူမှုအဖွဲ့အစည်း ၃၉ ဖွဲ့မှ အကြံပြုချက်ပေါင်း ၁၇၅ ချက် လက်ခံရရှိခဲ့ပါတယ်။ ဒီလက်ခံရရှိခဲ့တာတွေကို ပေါင်းစပ်ပြီး တော့ Public Consultation အနေနဲ့ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၅ ရက်၊ ၁၈ ရက်၊ ၂၀ ရက်၊ ၂၂ ရက်နေ့ တို့မှာ UMFCC၊ Chatrium Hotel တို့မှာလည်း ရှင်းလင်းပွဲများပြုလုပ်ခဲ့ပြီး ၂၀၁၅ ခုနှစ်မှာ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့၊ မွန်ပြည်နယ် မော်လမြိုင်မြို့နဲ့ ရှမ်းပြည်နယ် တောင်ကြီးမြို့တို့မှာ လည်းပဲ အသီးသီးကျင်းပပြုလုပ်ခဲ့ပါတယ်။ ဤကဲ့သို့သော ဆောင်ရွက်ချက်များနှင့်အတူ အများ ပြည်သူရဲ့အကြံပြုချက်များအား စိစစ်၍ပြင်ဆင်ထားသည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ(မူကြမ်း) အပေါ် လူမှုအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေ ချုပ်ရုံးအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များနှင့်အညီ ပြင်ဆင်ခဲ့ပြီး သည့်နောက် ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် စီးပွားရေးရာကော်မတီနှင့် နိုင်ငံတော်သမ္မတရုံးသို့ လည်းကောင်း၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလတွင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့

လည်းကောင်း တင်ပြခွင့်ပြုချက်ရယူ၍ ယခုကဲ့သို့ပြည်သူ့လွှတ်တော်သို့ တင်ပြခဲ့ခြင်းဖြစ်ပါတယ်။ ယခုအသစ်ပြဋ္ဌာန်းမည့်ဥပဒေသစ်တွင် တည်ဆဲဥပဒေများ၏ အားနည်းချက်များအပေါ် ပြင်ဆင်ရေးဆွဲထားခြင်းကြောင့်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ထုံးလုပ်နည်းများအား ရှင်းလင်းလွယ်ကူစွာသိမြင်နိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်၏စီးပွားရေးမူဝါဒနှင့် ကိုက်ညီမှုရှိကြောင်းကိုလည်း တင်ပြအပ်ပါတယ်။ ထို့အတူ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ရန်တင်ပြခဲ့တဲ့၊ ဆွေးနွေးခဲ့တဲ့အချက်များမှာ စောစောကတင်ပြခဲ့တဲ့အချက်များကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ညှိနှိုင်းအစည်းအဝေးများမှာလည်း ဆွေးနွေးညှိနှိုင်းပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ သဘောထားမှတ်ချက်တစ်စုံတစ်ရာပေးရန်မလိုဘဲနဲ့ လက်ခံအတည်ပြုသင့်ကြောင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ထပ်မံပြင်ဆင်ချက်(၁၀၂)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ထပ်မံပြင်ဆင်ချက်(၁၀၂)ချက်ကို ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်(၁၁)ချက်ကို တင်သွင်းဆွေးနွေးသွားမှာဖြစ်ပါတယ်။ ယင်းပြင်ဆင်ချက်နှင့် စပ်လျဉ်းပြီး ယခုစတင်ဆောင်ရွက်ပါမယ်။ အပိုဒ် ၂ အပိုဒ်ခွဲ(ပ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်လပ်စွာအသုံးပြုနိုင်သည့် ငွေကြေးဆိုသည်မှာ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ International Monetary Fund(IMF)၏

သဘောတူညီချက်စာချုပ် အပိုဒ် ၃၀(စ)နှင့် ၎င်းကိုပြင်ဆင်သော ပြင်ဆင်ချက်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် အပြည်ပြည်ဆိုင်ရာ ငွေပေးချေမှုအတွက် လွှဲပြောင်းပေးခြင်းများနှင့် အဓိကနိုင်ငံခြားငွေကြေးဈေးကွက်များတွင် ကျယ်ကျယ်ပြန့်ပြန့်ရောင်းဝယ်ခြင်းပြုလုပ်နိုင်သည်။ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ၏ သုံးစွဲလျက်ရှိသော ငွေကြေးကိုဆိုသည်ဟု ပြင်ဆင်ထားပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ International Monetary Fund (IMF)ရဲ့ သဘောတူစာချုပ်အပိုဒ် ၃၀(စ)ဟာ ကမ္ဘာကအသိအမှတ်ပြုထားတဲ့ ငွေကြေးကိုဆိုလိုခြင်းဖြစ်ပါတယ်။ ကမ္ဘာမှာ မည်သည့်နေရာမှာမဆို လွတ်လပ်စွာသုံးစွဲနိုင်တဲ့ ငွေကြေးကိုဆိုလိုခြင်းလည်းဖြစ်ပါတယ်။ အဲဒီငွေများဟာဆိုလို့ရှိရင် ငွေကြေးလေးမျိုးရှိပါတယ်။ လာမယ့် အောက်တိုဘာလမှာဆိုလို့ရှိရင် တရုတ်နိုင်ငံယွမ်ငွေကိုလည်း ကမ္ဘာလုံးဆိုင်ရာအသုံးပြုနိုင်ရန်အတွက်လည်း ကြားနေရပါတယ်။ ဒါကြောင့်မို့လို့ ကမ္ဘာကသုံးတဲ့ ငွေကြေးငါးမျိုးဖြစ်သွားမှာဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာရဲ့ ငွေကြေးပေးချေမှုမှာ လွှဲပြောင်းပေးရန် နိုင်ငံတကာငွေကြေးဈေးကွက်မှာ လွတ်လပ်စွာသုံးစွဲနိုင်ရန်ဆိုတဲ့နိုင်ငံတစ်နိုင်ငံဖြစ်စေလိုပါသဖြင့် ထည့်သွင်းရခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်း၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုပေးပါရန် လွှတ်တော်ကို လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၂ အပိုဒ်ခွဲ(ပ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်းကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်ချိုချိုဝင်း(မော်လိုက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး နှင့် အားလုံးပဲမင်္ဂလာပါရှင်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေမူကြမ်း အခန်း(၁) အပိုဒ် ၂ ဟာဆိုလို့ ရှိရင် အပိုဒ်ခွဲငယ်(ပ)မှာဆိုလို့ရှိရင် အမည်နှင့်အဓိပ္ပာယ်ဖွင့်ဆိုချက်လို့ ဖော်ပြပေမယ့် ငွေကြေးရဲ့ လုပ်ဆောင်မှုနှစ်ရပ်ပါဝင်ပါတယ်။ အပြည်ပြည်ဆိုင်ရာ ငွေပေးချေမှုလွှဲပြောင်းခြင်းများနှင့် ငွေကြေး ဈေးကွက်တွင် ကျယ်ကျယ်ပြန့်ပြန့်ရောင်းဝယ်နိုင်ပြီး အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ၏သုံးစွဲလေ့ရှိသော ငွေကြေးလို့ မူလအဆိုပြုချက်မှာ ပါဝင်ပါတယ်ရှင်။ ကျွန်မတို့ အခု လက်ရှိရင်းနှီးမြှုပ်နှံမှုဥပဒေမူကြမ်းဟာဆိုလို့ရှိရင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုနှစ်ခုစလုံးကို ပေါင်းပြီးတော့မှ ရေးဆွဲထားတဲ့ ဥပဒေမူကြမ်းဖြစ်ပါတယ်။ ဥပဒေဆိုတာ ရေးဆွဲသူနားလည်ဖို့မဟုတ်ဘဲ အများပြည်သူနားလည်ဖို့ရေးဆွဲရမှာဖြစ်ပါတယ်။ ဒီအပိုဒ်နှင့်

ပတ်သက်ပြီးတော့မှ ဥပဒေကြမ်းကော်မတီကနေပြီးတော့မှ အဓိကနိုင်ငံခြားငွေကြေး စျေးကွက် ဆိုပြီးတော့မှ ရည်ညွှန်းပါ စကားရပ်ပါဝင်ပြီးဖြစ်တဲ့အတွက်ကြောင့် ကျွန်မရဲ့အဆိုအား ပြင်ဆင်ချက်ကို ရုပ်သိမ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်အား အတည်ပြုပေးပါရန် လေးစားစွာတင်ပြ အပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးကျော်ဝင်း(ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ ဥပဒေကြမ်း ကော်မတီရဲ့တင်ပြချက်ပါအတိုင်း အဓိကငွေကြေးစျေးကွက်တွေ ရောင်းဝယ်ခြင်းကိုသာ အတည်ပြု သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခုဆွေးနွေးတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၂ အပိုဒ်ခွဲ(ပ)နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက်ကို ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ ဒေါ်ချို့ချို့ဝင်းက ပြန်လည်ပြီးတော့ ၎င်းပြင်ဆင်ချက်အဆိုအား ရုပ်သိမ်းသွားပါ တယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ကလည်း အတည်ပြုပေးဖို့ သဘောထားပေးပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် ကို သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အပိုဒ် ၂ အပိုဒ်ခွဲ(ပ)သည် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၄၂ အပိုဒ်ခွဲ(ဂ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦးကို ဖိတ်ခေါ်ပါတယ်။

**ဦးဘိုဘိုဦး(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဘိုဘိုဦး ဖြစ်ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းပါ အမှတ်စဉ် ၁၁၆ အခန်း(၁၀) အပိုဒ် ၄၅ အပိုဒ်ခွဲ(ဂ)ကို ပြင်ဆင်ရန် တင်ပြလိုပါတယ်။ အဆိုပြုပြဋ္ဌာန်းချက်မှာ နိုင်ငံခြား

ရင်းနှီးမြှုပ်နှံမှုများကို ပြည်တွင်းရှိ နိုင်ငံသားလူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် နိုင်ငံသားပိုင်လုပ်ငန်းတစ်ခုခုနှင့်ပူးပေါင်း၍ ဖက်စပ်ရင်းနှီးမြှုပ်နှံမှုဖြင့်သာ ဆောင်ရွက်နိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဟုဖော်ပြပါရှိပါတယ်။ အဆိုပါ အဆိုပြုပြဋ္ဌာန်းချက်တွင် ရင်းနှီးမြှုပ်နှံသူများကို နိုင်ငံသားလူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် နိုင်ငံသားပိုင်လုပ်ငန်းတစ်ခုခုဟု ဖော်ပြပါရှိတဲ့ အရေးအသားနှင့် အဓိပ္ပာယ်မှာ ရှင်းလင်းသည်ဟုထင်ရသော်လည်း ဤဥပဒေကြမ်းရဲ့ အခန်း(၁)ပါ အမည်နှင့်အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အဆိုပါစကားရပ်မပါရှိခဲ့ပါ။ ဒါကြောင့် ပြည်တွင်းရှိ နိုင်ငံသားလူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် နိုင်ငံသားပိုင်လုပ်ငန်းတစ်ခုခုဆိုသည့်စကားရပ်ကို အခန်း(၁) အမည်နှင့်အဓိပ္ပာယ်ဖွင့်ဆိုချက်မှာပါရှိသည့် အစိုးရအဖွဲ့အစည်းများ သို့မဟုတ် ပြည်တွင်းရှိ နိုင်ငံသားရင်းနှီးမြှုပ်နှံသူများဟု အစားထိုးပြင်ဆင်ခြင်းအားဖြင့် ပိုမိုပြည့်စုံစေပါတယ်။ သို့ဖြစ်ပါ၍ အပိုဒ် ၄၅ အပိုဒ်ခွဲ(ဂ)ကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အစိုးရအဖွဲ့အစည်းများ သို့မဟုတ် ပြည်တွင်းရှိ နိုင်ငံသားရင်းနှီးမြှုပ်နှံသူများနှင့်ပူးပေါင်း၍ ဖက်စပ်ရင်းနှီးမြှုပ်နှံမှုဖြင့်သာ ဆောင်ရွက်နိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဟု ပြင်ဆင်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအပိုဒ်ရဲ့ ၄၂ မှာက ကန့်သတ်ထားတဲ့ အပိုဒ်တွေဖြစ်ပါတယ်။ အမျိုးအစားသုံးခုကို ကန့်သတ်ထားတာဖြစ်ပါတယ်။ (၁) အစိုးရကသာ ဆောင်ရွက်ခွင့်ရှိတဲ့ ရင်းနှီးမြှုပ်နှံတဲ့လုပ်ငန်း၊ (၂) နိုင်ငံခြားသားရင်းနှီးမြှုပ်နှံခွင့်မရှိတဲ့လုပ်ငန်း၊ (၃) နိုင်ငံခြားသားနှင့် နိုင်ငံခြားသားများက ဖက်စပ်လုပ်နိုင်တဲ့လုပ်ငန်းဆိုပြီးတော့ ကန့်သတ်ထားတဲ့လုပ်ငန်းများရှိပါတယ်။ သူ့အပိုဒ်နှင့်သူဖော်ပြထားခြင်းသာဖြစ်ပြီး ဦးဘိုဘိုဦး တင်သွင်းထားတဲ့အချက်မှာ ရှင်းလင်းခြင်းမရှိပါဘူး။ အပိုဒ်(ဃ)မှာလည်း အစိုးရကသာ ရင်းနှီးမြှုပ်နှံမယ့်လုပ်ငန်းဆိုပြီးတော့ ရှိပြီးဖြစ်ပါတယ်။ မူလအတိုင်းကသာ ရှင်းလင်းမှုရှိတဲ့အတွက် ဥပဒေကြမ်းက အတည်ပြုထားသောအချက်ကို သာလျှင် အတည်ပြုသင့်ပါကြောင်း လွှတ်တော်ကို လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးကျော်ဝင်း(ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်း

ကော်မတီ၏ ပုဒ်မ ၄၂ (ဂ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အစိုးရအဖွဲ့အစည်းများ သို့မဟုတ် ပြည်တွင်းရှိ နိုင်ငံသားရင်းနှီးမြှုပ်နှံသူများကို ပူးပေါင်း၍ ဖက်စပ်ရင်းနှီးမြှုပ်နှံမှုဖြင့်သာ ဆောင်ရွက်နိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ပြင်ဆင်ဖော်ပြချက်နှင့်ပတ်သက်၍ အနည်းငယ်ရှင်းလင်းတင်ပြပါမယ်။ လက်ရှိအခြေအနေမှာ ဖက်စပ်လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အမိန့်ကြော်ငြာစာအမှတ်(၂၆/၂၀၁၆)တွင် နိုင်ငံသားနှင့် ဖက်စပ်လုပ်ကိုင်နိုင်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများနှင့် အခြားကန့်သတ်ချက်ဖြင့် ဖက်စပ်စနစ်ဖြင့်သာဆောင်ရွက်ခွင့်ပြုသည့်စီးပွားရေးလုပ်ငန်းအမျိုးအစားများစာရင်းကို အတိအကျဖော်ပြထားပါတယ်။ အဆိုပါစာရင်းတွင် မပါဝင်သည့်လုပ်ငန်းများသည် ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ကိုင်ခွင့်ရှိမည့်လုပ်ငန်းများပဲ ဖြစ်ပါတယ်။ အဆိုပါ အမိန့်ကြော်ငြာစာအမှတ်(၂၆/၂၀၁၆)ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပုဂ္ဂလိကကဏ္ဍတို့နှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးပြီးမှ အားလုံးလက်ခံနိုင်သည့် လုပ်ငန်းများကို ဖက်စပ်လုပ်ကိုင်ခွင့်ပြုထားခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒကိုကြည့်မယ်ဆိုပါက နိုင်ငံပိုင်လုပ်ငန်းများ၏ အခန်းကဏ္ဍကိုလျှော့ချပြီး ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှုများကို မြှင့်တင်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် စီးပွားရေးမူဝါဒနှင့်ကွဲလွဲမှုမရှိစေရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေသည် နိုင်ငံတကာနှင့် အာဆီယံနိုင်ငံများအတွင်း ကန့်သတ်ချက်အနည်းဆုံးဖြင့်ယှဉ်ပြိုင်နိုင်သည့် ဥပဒေဖြစ်ရန်လိုအပ်သည့်အတွက်လည်းကောင်း ဥပဒေကြမ်းကော်မတီမှ သဘောတူညီထားသလို မူလအဆိုပြုချက်အတိုင်းရှိသင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၄၂ အပိုဒ်ခွဲ(ဂ)နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အဆိုပြုချက်အတိုင်းထားရှိရန်တင်ပြခဲ့ပြီး ဦးဘိုဘိုဦးက ပြင်ဆင်ချက်အဆိုတင်သွင်းထားပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်ကိုမူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဦးဘိုဘိုဦးရဲ့ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကိုကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၈၈ မဲ၊ ကန့်ကွက်ဆန္ဒမဲမရှိ၊ ကြားနေဆန္ဒမဲမရှိ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၄၂ အပိုဒ်ခွဲ(ဂ)သည် ဥပဒေကြမ်းကော်မတီ၏ အဆိုပြုချက် အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၄၆ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် အဆိုတင်သွင်းဖို့ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦးကို ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကျော်ကျော်ဦး(လှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အခန်း(၁၀) အပိုဒ် ၄၉ ပြဋ္ဌာန်းချက်က မူလဥပဒေကပြဋ္ဌာန်း ချက်ဖြစ်ပါတယ်။ ဒီပြဋ္ဌာန်းချက်မှာဖော်ပြထားတဲ့ ကော်မရှင်သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ လုံခြုံရေးအခြေအနေ၊ စီးပွားရေးအခြေအနေ၊ သဘာဝပတ်ဝန်းကျင်အခြေအနေနှင့် လူမှုအကျိုးစီးပွား ကို ကြီးစွာအကျိုးသက်ရောက်မှုဖြစ်စေနိုင်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးများကို ခွင့်ပြုမိန့်ထုတ်ပေး ရန်ဆောင်ရွက်သည့်အခါ အစိုးရမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရမည်ဟု ပြဋ္ဌာန်းချက်က အလွန်ပဲယေဘုယျဆန်ပါတယ်။ ဒီပြဋ္ဌာန်းချက်မှာ ဖော်ပြထားတဲ့ အချက်အလက်တွေအရ တိတိကျကျတိုင်းတာ သတ်မှတ်လို့မရတဲ့အခြေအနေ ရှိပါတယ်။ ဒါ့ကြောင့် ဒီပြဋ္ဌာန်းချက်က လုံးဝအသက်မဝင်သလို၊ သက်ရောက်မှု မရှိသလို ဖြစ်နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီနေ့အထိ ကျွန်တော်တို့ MIC ကနေပြီးတော့ ပြည်ထောင်စုလွှတ်တော်ကို တင်ပြအတည်ပြုချက်တောင်းခံတဲ့ဟာ တစ်ခုမှ ဒီနေ့အချိန်ထိ မရှိသေးပါဘူး။ ဒါ့ကြောင့် ဒီအပိုဒ်ကို ပြင်ဆင်လိုတာဖြစ်ပါတယ်။ ဥပမာအနေနဲ့ ပြောရရင် လွှတ်တော်ကပယ်ဖျက်တဲ့ Parkway ပုဂ္ဂလိကဆေးရုံနှင့် ဗိုလ်တထောင် Jetty ဆိပ်ကမ်း စီမံကိန်းတို့နှစ်ခုမှာ MIC ကခွင့်ပြုလိုက်၊ လွှတ်တော်က ပယ်ဖျက်လိုက်ဖြစ်တဲ့အခါမှာ ရင်းနှီးမြှုပ်နှံတဲ့ သူတွေရဲ့ယုံကြည်မှုကို ပျက်ယွင်းစေပါတယ်။ ပြီးတော့ စာချုပ်တွေပျက်ရတဲ့အတွက် လျော်ကြေးပေးရ တဲ့အတွက် ထိခိုက်နစ်နာမှုတွေလည်းရှိပါတယ်။ ဒါ့ကြောင့်မို့လို့ ငွေကြေးတန်ဖိုးတစ်ခု တိတိကျကျ သတ်မှတ်ပြီးတော့ ဒီဥပဒေပြဋ္ဌာန်းချက်ကို ပြင်ဆင်လိုတာဖြစ်ပါတယ်။ ပြီးတော့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ မိမိရဲ့မဲဆန္ဒနယ်မှာ ဘယ်လိုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကို ဆောင်ရွက်တယ် ဆိုတာ သိရှိထားသင့်ပါတယ်။ အမေရိကန်ပြည်ထောင်စုမှာတော့ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန် ဒေါ်လာသန်း ၁ဝဝ အထက်ရှိတဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို Congress မှာတင်ပြတောင်းခံပြီး အတည်ပြု ချက်ရယူရပါတယ်။ ဒါ့ကြောင့်မို့လို့ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကျပ်သန်း ၁ဝဝဝ နှင့်အထက်လုပ်ငန်းတွေ ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြရမည်။ ပြည်ထောင်စုလွှတ်တော်မှ ရက်ပေါင်း ၃၀ အတွင်း

အကြောင်းမပြန်ပါက လုပ်ငန်းကို ကော်မရှင်ကခွင့်ပြုလိုသည်လို့ ပြင်ဆင်လိုပါတယ်။ အားလုံး ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါ။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအချက်ဟာဆိုလို့ရှိရင် EIA, SIA တို့နှင့် သက်ဆိုင်နေပါတယ်။ ဥပမာ ရေနံတူးတဲ့လုပ်ငန်းနှင့်ပတ်သက်ပြီး လာရောက်လုပ်မယ်ဆိုပါက လုပ်ငန်းရဲ့ Platform ဆိုတာ လိုအပ်ပါတယ်။ သန်းပေါင်းများစွာအကုန်ကျခံပြီးတော့လည်း လုပ်ရပါ တယ်။ ငှားရမ်းပြီးလုပ်ရင်တောင်မှ သန်းနဲ့ချီပြီးကုန်ကျမှာဖြစ်ပါတယ်။ ငွေကြေးသတ်မှတ်ပြီးတော့ လွှတ်တော်ကိုတင်မယ်ဆိုပါက အချိန်ကုန်မယ်၊ ကြန့်ကြာမယ်၊ ရှုပ်ထွေးမှုတွေဖြစ်မယ် စတာတွေ ဖြစ်နိုင်ပါတယ်။ ဒီအချက်ဟာဆိုလို့ရှိရင် နိုင်ငံတော်လုံခြုံရေးကို ထိခိုက်စေသောအခါတွင်လည်း ကောင်း၊ စီးပွားရေးကိုထိခိုက်စေရန်သော်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးကို ထိခိုက် စေသောလုပ်ငန်းဆိုလျှင် လွှတ်တော်ကို အတည်ပြုချက်ယူရန် လိုအပ်သည်ဟု ဆိုလိုထားပါတယ်။ အဲဒီလိုမှမဟုတ်ဘဲ ငွေကြေးပမာဏ၏အပေါ်မှာ သွား၍ကန့်သတ်လို့မရပါဘူး။ ကန့်သတ်မယ်ဆိုလျှင် လည်း ရှုပ်ထွေးမှုများ ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်း၏အတည်ပြုချက်ကို အတည်ပြု သင့်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဦးကျော်ဝင်း(ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မူရင်းဥပဒေမူကြမ်း၏ ပုဒ်မ ၄၉ ဥပဒေကြမ်းကော်မတီ၏ ပုဒ်မ ၄၆ နှင့်စပ်လျဉ်းပြီး ဆွေးနွေးတင်ပြပါ့မယ်။ လက်ရှိတည်ဆဲ ဥပဒေမှာ မည်သည့်ရင်းနှီးမြှုပ်နှံမှုပမာဏ တစ်ရပ်ရပ်ကျော်လွန်ပါက လွှတ်တော်သို့တင်ပြရမည်ဟူ၍ ကန့်သတ်ထားခြင်းမျိုးမရှိပါဘူး။ ဒါကြောင့် ရင်းနှီးမြှုပ်နှံမှုများရဲ့အဆိုပြုချက်များကို မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်က မြန်ဆန်သွက်လက်စွာ ဆုံးဖြတ်ခွင့်ပေးနိုင်ပါတယ်။ လွန်ခဲ့သော ငါးနှစ်တာ ကာလအတွင်း ခွင့်ပြုပေးခဲ့သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစုစုပေါင်းဟာ ၁၀၃၈ ခုရှိခဲ့ပြီး ကျပ်သန်း ၁၀၀၀၊ အမေရိကန်ဒေါ်လာ တစ်သန်းနှင့်အထက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစုစုပေါင်း ၈၃၀ ရှိခဲ့ပြီး ၎င်းတို့အနက် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုခဲ့သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း

စုစုပေါင်း ၂၉၄ ခုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုခဲ့သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း စုစုပေါင်း ၅၃၆ ခု ရှိပါတယ်။ သို့ဖြစ်ပါ၍ ကျပ်သန်း ၁၀၀၀၊ အမေရိကန်ဒေါ်လာတစ်သန်းနှင့်အထက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစုစုပေါင်းသည် ခွင့်ပြုပြီးခဲ့သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းခန့်ရှိပါတယ်။ ဒါကြောင့် အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏အဆိုပြုချက်များကို လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူဆောင်ရွက်မည်ဆိုပါက လွှတ်တော်အနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကဲ့သို့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စအများစုကို ဆုံးဖြတ်ရသည့်အဖွဲ့အစည်းများ ဖြစ်သွားပြီး မလိုလားအပ်တဲ့တာဝန်များ ပိုမိုလာမှာဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့်လည်း မိမိတို့၏အဆိုပြုချက်များအား လွှတ်တော်တွင် ခွင့်ပြုခြင်းရှိ/မရှိဆိုသည်ကို ကြိုတင်ခန့်မှန်းသိရှိနိုင်ခြင်းမရှိဘဲ ကြိုတင်ခန့်မှန်းသိရှိနိုင်မှုအခြေအနေများလည်း ကျဆင်းသွားမှာဖြစ်ပါတယ်။ ယခု ဥပဒေကို ရင်းနှီးမြှုပ်နှံမှုလုပ်ထုံးလုပ်နည်းများ ပိုမိုရှင်းလင်းလွယ်ကူစေရန်အတွက် ရည်ရွယ်ရေးဆွဲထားခြင်းဖြစ်လို့ ကျပ်သန်း ၁၀၀၀၊ အမေရိကန်ဒေါ်လာတစ်သန်းနှင့်အထက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား လွှတ်တော်တင်ပြရမည်ဆိုပါက ဒီဥပဒေပြင်ဆင်ရေးဆွဲရခြင်းရဲ့ရည်ရွယ်ချက်နှင့် သွေဖည်သွားမှာလည်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျပ်သန်း ၁၀၀၀၊ အမေရိကန်ဒေါ်လာတစ်သန်းနှင့်အထက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား လွှတ်တော်သို့တင်ပြရမည်ဟူသောအဆိုကို လက်မခံသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၄၆ နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အဆိုပြုချက်အတိုင်းထားရှိရန် တင်ပြခဲ့ပြီး ဦးအောင်ကျော်ကျော်ဦးက ပြင်ဆင်ချက်အဆိုတင်သွင်းထားပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်ကို မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဦးအောင်ကျော်ကျော်ဦးရဲ့ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၇၅ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၇ မဲ၊ ကြားနေဆန္ဒမဲ မရှိပါ။ လွှတ်တော်ကိုယ်စားလှယ်များ

ခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၄၆ သည် ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက် အတိုင်း ဤဥပဒေကြမ်းရဲ့အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၄၉ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် အဆိုတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဤအခန်းပါပြဋ္ဌာန်းချက် များသည် အပိုဒ် ၇၉ ပါ ပြဋ္ဌာန်းချက်ကို ထိခိုက်ခြင်းမရှိစေရဆိုသည့်အချက်ကို ဤအခန်းပါပြဋ္ဌာန်းချက်များသည် အပိုဒ် ၇၆ ပါ ပြဋ္ဌာန်းချက်များကို ထိခိုက်ခြင်းမရှိစေရဆိုသည့် အချက်ဖြင့် အစားထိုးပြင်ဆင်ဖွဲ့စည်းထားခြင်းဖြစ်ပါ တယ်။ ဒီအချက်ဟာဆိုလို့ရှိရင် အပိုဒ် ၇၆ အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာပါက နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံသူများ ယှဉ်ပြိုင်တဲ့အခါမှာ (၁) ငွေကြေးမယှဉ်ပြိုင်နိုင်ပါဘူး။ (၂) နည်းပညာ မယှဉ်ပြိုင်နိုင်ပါဘူး။ (၃) လုပ်ငန်းအတွေ့အကြုံ မယှဉ် ပြိုင်နိုင်ပါဘူး။ ဒါ့ကြောင့် ယှဉ်ပြိုင်နိုင်ခြင်းမရှိမှာဖြစ်တာကြောင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံသူတို့အား တာဝန်၊ အခွင့်အရေးများ နှင့် ညီမျှမှုကိုပေးခြင်းသာဖြစ်ပါတယ်။ တာဝန်နှင့်အခွင့်အရေးများ ပေးမထား ဘူးဆိုလို့ရှိရင်လည်း ညီမျှမှုမဖြစ်နိုင်ပါဘူး။ ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီမှ အတည်ပြုချက်အတိုင်း အတည်ပြု ပေးနိုင်ပါရန် လွှတ်တော်ကိုလေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၄၉ နှင့်စပ်လျဉ်းပြီး အဆိုတင်သွင်းဖို့ ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်ကို ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းထွဋ်(ဖျာပုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဖျာပုံမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွဋ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အခန်း(၁၁) အပိုဒ် ၅၂ ကို ပယ်ဖျက်ဖို့ အဆိုတင်ထားပါတယ်။ ဒီအပိုဒ် ၅၂ ရဲ့ အဓိကရည်ညွှန်းတဲ့ပုဒ်မကတော့ အပိုဒ် ၇၉ ဖြစ်ပါ တယ်။ ဒီနေရာမှာ အပိုဒ် ၇၉ ရဲ့ အဓိကအရေးကြီးဆုံးအချက်ကို ကျွန်တော် တင်ပြဆွေးနွေးချင်ပါတယ်။ အပိုဒ် ၇၉ မှာ အဓိကအကျဆုံးအချက်ကတော့ မြန်မာနိုင်ငံသားပိုင်စီးပွားရေးလုပ်ငန်းများမှ လုပ်ငန်း ဆောင်ရွက်နေသည့်နေရာ သို့မဟုတ် စီးပွားရေးလုပ်ငန်းအမျိုးအစားနှင့်စပ်လျဉ်းသည့် ဆောင်ရွက်

ချက်များတွင် အထူးနှင့်သာလွန်သော ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များကို ခွင့်ပြုပေးနိုင်သည်လို့ ပြဋ္ဌာန်းထားပါတယ်။ ကျွန်တော့်အနေနဲ့ အပိုဒ် ၇၉ ကိုပယ်ဖျက်လိုတဲ့အတွက် အပိုဒ် ၅၂ ကိုလည်း ပယ်ဖျက်ရမှာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ဒီနေ့ဥပဒေမှာ အဓိက နိုင်ငံသားတွေကို ပိုမို သာလွန်တဲ့အခွင့်အရေးတွေပေးထားတဲ့ အပိုဒ်သုံးပိုဒ်ရှိပါတယ်။ ဒီအပိုဒ်သုံးပိုဒ်ရဲ့ပြဋ္ဌာန်းချက်တွေဟာ ရည်ရွယ်ထားတဲ့အတိုင်း အမှန်တကယ်ပဲ နိုင်ငံသားတွေရဲ့အကျိုးစီးပွားကို ဖြစ်ထွန်းစေနိုင်မလား ဒါမှမဟုတ်လို့ရှိရင် နိုင်ငံသားတစ်စုရဲ့အကျိုးစီးပွားကိုပဲ ဦးတည်မလားဆိုတဲ့ရှုထောင့်ကနေ ကျွန်တော် အနည်းငယ်ဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပယ်ဖျက်တဲ့ဆွေးနွေးချက်ဖြစ်တဲ့အတွက် ကျွန်တော် လိုရင်းကိုပဲ ဆွေးနွေးပါ့ မယ်။ အချိန်အနည်းငယ်ပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျ။ ဒီနေရာမှာ ကျွန်တော်အပိုင်းသုံးပိုင်း ခွဲပြီးတော့ ဆွေးနွေးမှာဖြစ်ပါတယ်။ ပထမပိုင်းကတော့ ကျွန်တော်တို့ နိုင်ငံသားအမည်ခံထားတဲ့ တရား မဝင်တဲ့ရင်းနှီးမြှုပ်နှံမှုများပဲဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးကဏ္ဍအသီးသီးမှာ ဒီလို တရားမဝင်တဲ့ရင်းနှီးမြှုပ်နှံမှုတွေဟာ အနှံ့အပြားဝင်ရောက်မြှုပ်နှံနေတာဖြစ်ပါတယ်။ အသေးစားနှင့် အလတ်စား ဝန်ဆောင်မှု၊ ထုတ်လုပ်မှုလုပ်ငန်းတွေတင်သာမကဘဲနဲ့ လုပ်ငန်းကြီးတွေဖြစ်တဲ့ မြေယာ အသုံးချခွင့်တွေ၊ Developer လုပ်ငန်းတွေ။ နောက်တစ်ခုက သယံဇာတတူးဖော်တဲ့လုပ်ငန်းတွေမှာပါ အများအပြားဝင်ရောက်မြှုပ်နှံနေတာဖြစ်ပါတယ်။ ဒီမြှုပ်နှံမှုတွေမှာ ဖားကန့်ကျောက်စိမ်းတွင်းတွေကို ကျွန်တော်တို့ နမူနာအနေနဲ့တွေ့ရှိနိုင်မှာဖြစ်ပါတယ်။ ထို့အတူပဲ အင်မတန်မှကြီးမားတဲ့ ပရောဂျက်ကြီး တွေဖြစ်တဲ့ အမေရိကန်ဒေါ်လာ ၈ ဘီလီယံလောက်မြှုပ်နှံမယ့် ရန်ကုန်မြို့သစ်စီမံကိန်းလို စီမံကိန်းမျိုး တွေကိုတောင်မှ ဆောင်ရွက်ဖို့ကြိုးပမ်းလာတာကို တွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ တရားဥပဒေရဲ့အားနည်းချက်၊ အဂတိတရားလိုက်စားမှုတွေကို အကာအကွယ်ယူပြီးတော့ တရားမဝင် ထုတ်လုပ်ရောင်းချမှုတွေ၊ တရားမဝင်ထုတ်လုပ်မှုတွေ၊ တင်ပို့ရောင်းချမှုတွေနှင့်အတူ အခွန်တိမ်းရှောင် ခြင်း၊ တရားဥပဒေကို လက်တစ်လုံးခြားလုပ်ပြီးတော့ ဆောင်ရွက်နေတဲ့အမှုတွေကိုလည်း ကျွန်တော်တို့ နိုင်ငံအနှံ့အပြားမှာ တွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီနေ့ပြဋ္ဌာန်းပေးလိုက်မယ့် ဥပဒေရဲ့ အခွင့်အရေးတွေကို အထူးရယူပြီးတော့ မိမိရဲ့ကိုယ်ကျိုးအတ္တကိုသာရှေ့တန်းတင်မယ့် နိုင်ငံသားတစ်စု နှင့်၎င်းရဲ့နောက်ကွယ်မှာရှိတဲ့ လက်မည်းကြီးတွေကနေပြီးတော့ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့စီးပွားရေး ကို ဦးဆောင်သွားမှာကို ကျွန်တော့်အနေနဲ့ အလွန်အမင်းစိုးရိမ်ပူပန်မိပါတယ်ခင်ဗျာ။

**မူကြမ်း**

ဒုတိယပိုင်းအနေနဲ့ကတော့ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများပါ။ ဒီနေ့ မကြာခင်အချိန်အတွင်းမှာ အမေရိကန်ပြည်ထောင်စုကနေပြီးတော့ ကျွန်တော်တို့ကို စီးပွားရေးပိတ်ဆို့မှုတွေ ရုပ်သိမ်းပေးတော့မှာ ဖြစ်ပါတယ်။ ကုန်သွယ်ရေးမှာ အထူးအခွင့်အရေးပေးတဲ့နိုင်ငံအဖြစ်နဲ့သတ်မှတ်ပြီးတော့ GSP စာရင်းကိုလည်းသွင်းပေးတော့မှာဖြစ်ပါတယ်။ ဒီအခွင့်အရေးကိုစောင့်မျှော်နေကြတဲ့ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူတွေဟာ မြန်မာနိုင်ငံအပေါ်မှာ အထူးအာရုံစိုက်နေကြပါတယ်ခင်ဗျ။ ဒီနိုင်ငံတကာရင်းနှီးမြှုပ်နှံသူတွေဟာ ဒီလို ကျွန်တော်တို့ရဲ့ မမျှတတဲ့ပြဋ္ဌာန်းချက်တွေအပေါ်မှာ ဘယ်လိုမှလိုလားနှစ်သက်သဘောကျကြမှာမဟုတ်ပါဘူး။ သူတို့ရဲ့ပုံရိပ်တွေကိုထိခိုက်နိုင်တယ်။ သူတို့ရဲ့လုပ်ငန်းဆောင်တာတွေကို၊ သူတို့ရဲ့ရင်းနှီးမြှုပ်နှံမှုတွေကို အတားအဆီးဖြစ်စေတယ်၊ သူတို့ရဲ့ယှဉ်ပြိုင်နိုင်စွမ်းတွေကို ထိခိုက်တယ်လို့ပဲ ယူဆယုံကြည်ကြမှာဖြစ်ပါတယ်။ ဒီနေရာမှာလည်း ကျွန်တော်တို့ ဥပမာအနေနဲ့ Samsung နည်းပညာကုမ္ပဏီကြီးကနေပြီးတော့ မြန်မာနဲ့ဗီယက်နမ်ကိုယှဉ်ပြီးစဉ်းစားတဲ့အခါမှာ ဗီယက်နမ်ကိုရွေးချယ်သွားတာဟာ သာဓကတစ်ခုပဲဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီနေ့ပြဋ္ဌာန်းမယ့်ဥပဒေဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို အထူးမစွဲဆောင်နိုင်ရင်တောင်မှပဲ မောင်းထုတ်ပစ်မယ့်ဥပဒေမျိုးမဖြစ်ဖို့၊ အဲဒီလိုပြဋ္ဌာန်းချက်တွေကို မပါဝင်ဖို့ဟာ အင်မတန်မှအရေးကြီးပါတယ်လို့ ကျွန်တော်ကတော့ လေးလေးနက်နက်ယုံကြည်ပါတယ်ခင်ဗျား။

တတိယပိုင်းအနေနဲ့ကတော့ နိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်များရဲ့ အခန်းကဏ္ဍပဲဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ဥပဒေတွေနဲ့ အထွေအထူးပြဋ္ဌာန်းပြီးတော့ အထူးအခွင့်အရေးတွေပေးပြီးတော့ ပြဋ္ဌာန်းစရာမလိုဘဲနဲ့ နိုင်ငံသားတွေရဲ့စီးပွားရေးအခန်းကဏ္ဍကို ကျွန်တော်တို့ မြှင့်တင်နိုင်တဲ့နည်းလမ်းတွေ အများကြီးရှိပါတယ်။ ဒီနည်းလမ်းတွေထဲကနေပြီးတော့ ကျွန်တော် တစ်ခုတင်ပြရမယ်ဆိုလို့ရှိရင် Localization ပါ။ Localization ဆိုတာက ကျွန်တော်တို့ ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေမှာ ပြည်ပကိုပို့တဲ့ပို့ကုန်ထဲမှာ ပြည်တွင်းထုတ်ကုန်ကို အချိုးအစားနဲ့ကန့်သတ်ပြီးတော့ အသုံးပြုစေခြင်းပဲဖြစ်ပါတယ်။ ဥပမာအနေနဲ့ဆိုလို့ရှိရင် Toyota ကုမ္ပဏီဟာ မြန်မာနိုင်ငံမှာလာပြီးတော့ တပ်ဆင်ထုတ်လုပ်ပြီးတော့ ပြည်ပကိုတင်ပို့မယ်ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံရဲ့ဆောင်ရွက်နိုင်တဲ့အခြေအနေတွေပေါ်မှာ မူတည်ပြီးတော့ ပထမငါးနှစ်အတွင်းမှာ ပြည်တွင်းထုတ်လုပ်မှုရဲ့ ၂၀ ရာခိုင်နှုန်း၊ ဒုတိယငါးနှစ်အတွင်းမှာ ပြည်တွင်းထုတ်လုပ်မှုရဲ့ ၅၀ ရာခိုင်နှုန်းကို အသုံးပြုရမယ်လို့ ကန့်သတ်တဲ့ကန့်သတ်ချက်မျိုးဖြစ်ပါတယ်။ ဒီလိုကန့်သတ်တဲ့အခါမှာ Toyota ကုမ္ပဏီရဲ့ မိတ်ဖက်ကုမ္ပဏီတွေ၊ Supplier ကုမ္ပဏီတွေဟာ ကျွန်တော်တို့ပြည်တွင်းကို ဝင်ရောက်မြှုပ်နှံရမှာ ဖြစ်ပါတယ်။

**မူကြမ်း**

ဒီလိုမြှုပ်နှံတဲ့အခါမှာ ကျွန်တော်တို့နိုင်ငံသားလုပ်ငန်းရှင်တွေအနေနဲ့ ဖက်စပ်လုပ်ငန်းတွေကို ထူထောင်ခွင့်ပေးခြင်းအားဖြင့် Supply Change လုပ်ငန်းကြီးတစ်ခုလုံး ကျွန်တော်တို့ရဲ့အသေးစား နှင့် အလတ်စားစီးပွားရေးလုပ်ငန်းတွေပါ ဖွံ့ဖြိုးလာမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်၊ စီမံခန့်ခွဲမှုနှင့် နိုင်ငံတကာစီးပွားရေးအလေ့အကျင့်တွေကိုလည်း ကျွန်တော်တို့ ကောင်းမွန်စွာ ရရှိနိုင်မှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ နိုင်ငံတကာစီးပွားရေး အလေ့အကျင့်တွေကိုလည်း ကောင်းမွန်စွာရရှိနိုင်မှာဖြစ်ပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီးတော့ အကောင်းဆုံးဥပမာကတော့ ကျွန်တော်တို့ အိမ်နီးချင်းထိုင်းနိုင်ငံပဲဖြစ်ပါတယ်။ ထိုင်းနိုင်ငံရဲ့ ဒီကနေ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေ၊ ဒီနေ့ခေနဥစ္စာတွေဟာ ကျွန်တော်တို့ အများကြီးပဲအတုယူရမှာဖြစ်ပါ တယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ရဲ့အခွင့်အရေးဟာ နှစ်ကြိမ်မရပါဘူး။ ကျွန်တော်တို့ တစ်ကြိမ်ပဲရတဲ့အခွင့်အရေးကို ကျွန်တော်တို့ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ပြီးတော့ ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးအုတ်မြစ်တွေကို ရေခံမြေခံကောင်းပေါ်မှာ ကျွန်တော်တို့တည်ထောင်နိုင်ဖို့ဟာ အင်မတန်မှ အရေးကြီးပါတယ်။ သို့ပါသောကြောင့် ကျွန်တော်တို့ နိုင်ငံတော်နှင့်နိုင်ငံသားတွေရဲ့အကျိုးစီးပွားကို မျှော်ကိုးပြီးတော့ ဒီနေ့ဥပဒေထဲမှာပြင်ဆင်ထားတဲ့ မမျှတတဲ့ပြင်ဆင်ချက်တွေကို ပယ်ဖျက်ပေးဖို့ အတွက် လေးစားစွာမေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဦးကျော်ဝင်း(ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မူရင်းဥပဒေမူကြမ်း၏ ပုဒ်မ ၅၂၊ ဥပဒေကြမ်းကော်မတီ၏ ပုဒ်မ ၄၉ နှင့်စပ်လျဉ်းပြီး ဆွေးနွေးတင်ပြပါမယ်။ အဓိကအားဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် မိမိ၏နိုင်ငံသားများနှင့် နိုင်ငံသားပိုင်စီးပွားရေးလုပ်ငန်းများအား သတ်မှတ်ချက်များနှင့်အညီ ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များပေးအပ်နိုင်ရန် ဖော်ပြထားခြင်းသာ ဖြစ်ပါတယ်။ အဆိုပါကင်းလွတ်ခွင့်နှင့်သက်သာခွင့်များကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် တောင်းဆိုခြင်းမပြုနိုင်အောင်လို့ ထည့်သွင်းထားခြင်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပယ်ဖျက်ရန်မသင့် ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၄၉ နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်အဆိုတင်သွင်းပြီး ဦးဝင်းထွဋ်က

အဆိုပြုချက်ကိုပယ်ဖျက်ရန် ဆွေးနွေးသွားခဲ့ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနက ဥပဒေကြမ်းကော်မတီရဲ့အဆိုကို ထောက်ခံထားပါတယ်။ ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို မူတည်ပြီး မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဦးဝင်းထွန်းရဲ့ အဆိုပြုချက်က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၃၃ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၄၉ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၆ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၄၉ သည် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်းရဲ့အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၅၀ အပိုဒ်ခွဲ(ခ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဟူသည် အစိုးရ သို့မဟုတ် အစိုးရအဖွဲ့အစည်းများထံမှဖြစ်စေ၊ ပုဂ္ဂလိကမြေ သို့မဟုတ် အဆောက်အဦပိုင်ရှင်ထံမှဖြစ်စေ၊ ကော်မရှင်ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ရရှိသည့်နေ့မှစ၍ ကနဦးနှစ် ၅၀ အထိ သတ်မှတ်ချက်နှင့်အညီ မြေ သို့မဟုတ် အဆောက်အအုံငှားရမ်းနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင် နိုင်ငံခြားသားများရဲ့ ရင်းနှီးမြှုပ်နှံမှုကို လုံခြုံစေချင်တာဖြစ်ပါတယ်။ မလုံခြုံဘူးဆိုလို့ရှိရင် ရင်းနှီးမြှုပ်နှံမှုများ မလာတော့ပါဘူး။ ဒီဥပဒေဟာဆိုလို့ရှိရင် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူတွေကို မက်လုံးပေးဆွဲဆောင်ရတဲ့ ဥပဒေတစ်ရပ်ဖြစ်ပါတယ်။ တခြားအိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လိုက်မယ်ဆိုလို့ရှိရင် မြန်မာနိုင်ငံထက် နှစ်သတ်မှတ်ပေးထားခြင်းမှာ ပိုများပါတယ်။ ဥပမာ- ထိုင်းမှာဆိုလို့ရှိရင် နှစ် ၇၀ အထိ ပေးထားတာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံမှာ နှစ် ၅၀ ထိဆိုသော်လည်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း

အပေါ်မှာမူတည်ပြီး ပေးရတာဖြစ်တာကြောင့် မြန်မာနိုင်ငံမှာဆိုလို့ရှိရင် နှစ် ၃၀ ပဲအများဆုံးပေးလေ့ရှိပါတယ်။ ဒီဥပဒေဟာဆိုလို့ရှိရင် စီးပွားရေးအတွက် နိုင်ငံတကာကို မက်လုံးပေးပြီးဆွဲဆောင်ရတဲ့ ဥပဒေဖြစ်ပါတယ်။ ဆွဲဆောင်မှုအားနည်းလျှင် တခြားနိုင်ငံများသို့ စီးပွားရေးလုပ်ငန်းများ ရောက်ရှိသွားမှာဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုချက်ကို အတည်ပြုပေးပါရန် လွှတ်တော်ကို လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၅၀ အပိုဒ်ခွဲ(ခ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုးကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ ဒီပြင်ဆင်ချက်အဆိုကို နှစ် ၅၀ အစား နှစ် ၃၀ ကို ကျွန်မပြောင်းပြီး တင်သွင်းတာဖြစ်ပါတယ်။ ပေါင်မဲဆန္ဒနယ်က ဒေါ်မိကွန်ချမ်းနှင့်အတူ ဒီအဆိုကို ကျွန်မတို့တင်သွင်းရတာဖြစ်ပါတယ်။ ကျွန်မအချက်နှစ်ချက်နဲ့ ဒီနှစ် ၃၀ ကိုပြောင်းတာပါ။ နံပါတ်(၁)တစ်ချက်က လုပ်ငန်းအမျိုးအစား တိတိကျကျမပါလို့ပါ။ ကျွန်မတို့ သယံဇာတတူးဖော်ခြင်းလုပ်ငန်းမျိုးတွေကို နှစ်ရှည်ပေးလိုက်ရင် အင်မတန်နစ်နာမှာဖြစ်တဲ့အတွက် ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံတဲ့နေရာမှာ ဟိုတယ်နှင့်ခရီးသွားလို၊ စက်မှုလုပ်ငန်းလိုမျိုးနှစ်ရှည်ရင်းနှီးမြှုပ်နှံရတာတွေကို နှစ်ရှည်ပေးရတာ ကိစ္စမရှိပေမယ့်လည်း သဘာဝပတ်ဝန်းကျင်ထိခိုက်တဲ့ လုပ်ငန်းမျိုးတွေကိုဖြစ်မှာ စိုးရိမ်တာဖြစ်တဲ့အတွက် ဖြစ်ပါတယ်။ နံပါတ်နှစ်အချက်ကတော့ ကျွန်မတို့နိုင်ငံသားတွေဟာ မြေယာပိုင်ဆိုင်ခွင့်ရဖို့အတွက်ကို အကြောင်း အမျိုးမျိုးကြောင့် ခက်ခဲနေပါတယ်။ မြေသိမ်း၊ ယာသိမ်းအပါအဝင် ဆင်းရဲမွဲတေမှုတွေကော မြေယာပိုင်ဆိုင်ဖို့ခက်ပါတယ်။ မြေယာပိုင်ဆိုင်ခွင့်နေနေသာသာ ကျွန်မမဲဆန္ဒနယ်မှာ မြေယာလုပ်ကိုင်ခွင့်ရတဲ့ ပုံစံ (၇) ရဖို့တောင် နှစ် ၂၀ လောက်အလုပ်လုပ်ထားပါလျက်နဲ့၊ စိုက်ပျိုးထားပါလျက်နဲ့ မြေယာပုံစံ (၇) ရဖို့တောင် ခက်ခဲနေတဲ့အတွက် ကျွန်မတို့နိုင်ငံသားတွေ မြေယာပိုင်ဆိုင်ခွင့် ခက်ခဲနေတဲ့အခြေအနေမျိုးတွေမှာ နှစ်ရှည် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုကိုပေးရမှာကို စိုးရိမ်တဲ့အတွက် ဒီအချက် နှစ်ချက်နှင့် ကျွန်မက ကနဦး နှစ် ၃၀ အထိ သတ်မှတ်ချက်ဆိုပြီး ပြောင်းလဲတင်သွင်းရတာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးကျော်ဝင်း(ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မူရင်းဥပဒေမူကြမ်း၏ ပုဒ်မ ၅၃ ပုဒ်မခွဲ(ခ) ဥပဒေကြမ်းကော်မတီ၏ ပုဒ်မ ၅၀ ပုဒ်မခွဲ(ခ)နှင့်စပ်လျဉ်းပြီး ဆွေးနွေးတင်ပြပါမယ်။ လက်ရှိဥပဒေမှာ မြေအသုံးပြုခွင့်ကာလကို စီးပွားရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း အမျိုးအစားနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏပေါ်မှာမူတည်ပြီး ကနဦး နှစ် ၅၀ နှင့် တစ်ဆက်တစ်စပ်တည်း သက်တမ်းတိုးခွင့် ၁၀ နှစ်နှင့် ယင်းသက်တမ်းကုန်ဆုံးပြီး ထပ်မံသက်တမ်းတိုးခွင့် ၁၀ နှစ် ပေးထားပါတယ်။ ဒီမှာပေးထားကတည်းကိုက ကျွန်တော်တို့ လုပ်ငန်းများကို ခွဲခြားပါရှိပြီးဖြစ်ပါတယ်။ ဒီ့အတူပဲ အခြားအခြားသောအရှေ့က ဥပဒေပုဒ်မများမှာလည်းပဲ သဘာဝပတ်ဝန်းကျင်ထိခိုက်လျော့နည်းဖို့အတွက် ကန့်သတ်ထားတဲ့ဥပဒေများလည်း ပါပါတယ်။ ဒါကြောင့်မို့လို့ ရင်းနှီးမြှုပ်နှံမှုများ၏ ပိုမိုစိတ်ဝင်စားမှုရရှိပြီး ပြီးခဲသော လေးနှစ်တာကာလအတွင်း ရင်းနှီးမြှုပ်နှံမှုများ သိသိသာသာ ဝင်ရောက်ခဲ့ပါတယ်။ အခြားနိုင်ငံများမှာ မြေအသုံးပြုမှုနှင့်ပတ်သက်ပြီး ပြဋ္ဌာန်းဆောင်ရွက်မှု အခြေအနေကို လေ့လာကြည့်ပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား ကမ္ဘောဒီးယားနိုင်ငံ၊ မလေးရှားနိုင်ငံတို့တွင် ၉၉ နှစ်အထိပေးထားပါတယ်။ စင်ကာပူနိုင်ငံမှာ နှစ် ၉၀ ထိပေးထားပါတယ်။ ဗီယက်နမ်နိုင်ငံမှာ နှစ် ၇၀ ထိပေးထားပြီး ဖိလစ်ပိုင်နိုင်ငံမှာ နှစ် ၅၀ ထိ မြေငှားရမ်းခွင့်ပြုထားတာ တွေ့ရှိပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေတဲ့ နိုင်ငံဖြစ်တဲ့အားလျော်စွာ Becoming World Class ဆိုပြီးတော့ ကမ္ဘာ့အဆင့်အတန်းမီအောင် ပြုပြင်ပြောင်းလဲမယ်ဆိုလို့ရှိရင် အခြားအခြားသော နိုင်ငံများက ကျင့်သုံးဆောင်ရွက်နေတဲ့နမူနာများကိုကြည့်ပြီးတော့ ကောင်းမွန်တဲ့ နမူနာများနှင့် ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ ဆောင်ရွက်သင့်တဲ့အခြေအနေများကို ပေါင်းစပ်ပြီးတော့ ပြဋ္ဌာန်းသင့်တဲ့ ဥပဒေများကို ပြဋ္ဌာန်းရမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ မြေအသုံးပြုခွင့်ကာလသတ်မှတ်ချက်သည် သင့်လျော်မှုရှိသည်ဟု သုံးသပ်နိုင်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုများဆွဲဆောင်ရာမှာ နှစ်ရှည်မြေငှားရမ်းခွင့်ပေးခြင်းသည် အရေးပါသည့် အချက်တစ်ချက်ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေနိုင်သည့် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုစွမ်းဆောင်မှု ရရှိနိုင်စေရေး အလေးပေးဆောင်ရွက်ရန်လိုအပ်ပါတယ်။

အကယ်၍ မြေအသုံးပြုခွင့်အား လက်ရှိ ခွင့်ပြုပေးနေသည့်ကာလထက် လျော့နည်းသတ်မှတ်မည်ဆိုပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရာတွင် အားနည်းသွားနိုင်ခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မြန်မာနိုင်ငံ၏ယှဉ်ပြိုင်နိုင်စွမ်းအားကျဆင်းလာခြင်း၊

မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမြင့်တင်ခြင်းကို အဟန့်အတားဖြစ်စေနိုင်သည့် အချက်များ ပေါ်ပေါက်လာ ခြင်းစသည့် အခြေအနေများကို ကြုံတွေ့ရမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မြေအသုံးပြုခွင့်ကာလကို လက်ရှိပြဋ္ဌာန်းချက်အတိုင်းသာ ကနဦး နှစ် ၅၀ တစ်ဆက်တည်း သက်တမ်းတိုးခွင့် ၁၀ နှစ်နှင့် ယင်းသက်တမ်းကုန်ဆုံးပြီး ထပ်မံ၍ သက်တမ်းတိုးခွင့် ၁၀ နှစ်ဟု သတ်မှတ်သင့်ပါကြောင်း အကြံပြု တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ဥပဒေကြမ်းရဲ့ အပိုဒ် ၅၀ အပိုဒ်ခွဲ(ခ)နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီနှင့် ဒေါ်အေးမြမြမျိုးတို့က ပြင်ဆင်ချက်အဆိုများ တင်သွင်းထားပါတယ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ထောက်ခံတဲ့သဘောရှိပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို မူတည်ပြီး မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်က အတည်ဖြစ်ပါ့မယ်။ ကန့်ကွက်မဲများလျှင် ဒေါ်အေးမြမြမျိုးရဲ့ ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းနှင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၆၁ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၂၀ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၃ မဲ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၅၀ အပိုဒ်ခွဲ(ခ)သည် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း ဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၅၀ အပိုဒ်ခွဲ( င)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်တီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၅၀ အပိုဒ်ခွဲ(င)ကို အစိုးရအဖွဲ့သည် မြေအသုံးချမှု သို့မဟုတ် မြေငှားရမ်းမှုများအတွက် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများအား ပိုမိုကောင်းမွန်သောသတ်မှတ်ချက်များနှင့် အခွင့်အရေးများကို ခွင့်ပြုပေးနိုင်သည်ဟု ပြင်ဆင်ခဲ့ခြင်း

**မူကြမ်း**

ဖြစ်ပါတယ်။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေဟာဆိုလို့ရှိရင် နိုင်ငံသားများကို အခွင့်အရေးပေးထားတာ နှစ်ချက်ပဲရှိပါတယ်။ ပထမတစ်ချက်ကတော့ သင်တန်းများပေးခြင်းနှင့် အထောက်အပံ့များပေးခြင်းဆိုတဲ့အချက် ဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ မြေငှားရမ်းမှုနှင့် ပတ်သက်ပြီးအစိုးရအနေနဲ့ အကူအညီပေးထားတယ်ဆိုတဲ့အချက်ပင်ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ မြန်မာနိုင်ငံသားများကို ဒီအချက်ပေးသင့်တာကြောင့်မို့ ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်ကိုသာ လက်ခံသင့်ပါကြောင်းနှင့် လွှတ်တော်သို့လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၅၀ အပိုဒ်ခွဲ(င)နှင့်စပ်လျဉ်းပြီး အဆိုတင်သွင်းဖို့ ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ် ကိုဖိတ်ခေါ်ပါတယ်။

**ဦးဝင်းထွဋ်(ဖျာပုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အပိုဒ် ၃ အပိုဒ်ခွဲ(င)ရဲ့ဆိုလိုချက်ဟာ ဥပဒေကြမ်းကော်မတီက တင်ပြသလို မြေငှားရမ်းမှုတွေမှာ ကူညီပေးရေးသက်သက်မဟုတ်ပါဘူးခင်ဗျား။ ပြည်ထောင်စုအစိုးရသည် မြေအသုံးချမှု သို့မဟုတ် မြေငှားရမ်းမှုများအတွက် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများအား ပိုမိုကောင်းမွန်သော သတ်မှတ်ချက်များနှင့် အခွင့်အရေးများကို ခွင့်ပြုပေးနိုင်သည်လို့ အတိအလင်းပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော် ဒုတိယအကြိမ်ထပ်မံဆွေးနွေးခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီဟာက ခုနကလိုပဲ ကျွန်တော်တို့ နိုင်ငံသားတွေရဲ့ အကျိုးစီးပွားကို ကာကွယ်တယ်လို့ ရည်ရွယ်ရင်းဖြစ်ပေမဲ့ ဒါဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို အင်မတန်မှစိတ်ပျက်စေတဲ့အချက်လည်း ဖြစ်ပါတယ်။ နိုင်ငံသားတစ်ယောက်နှင့် နိုင်ငံခြားသားတစ်ယောက်ယှဉ်ပြီးတော့ မြေငှားရမ်းမှုကိုအသုံးပြုမယ်ဆိုရင် ကျွန်တော်တို့ အချက်အချာကျတဲ့နေရာ၊ လုပ်ငန်းကိုင်ငန်းကောင်းတဲ့နေရာကို နိုင်ငံသားကိုခွင့်ပြုပြီးတော့ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံလိုသူတွေကို အကွက်အကွင်းမကောင်းတဲ့နေရာတွေကို ခွင့်ပြုမယ်ဆိုလို့ရှိရင် ဒါဟာ အင်မတန်မှပဲ မမျှတတဲ့စီမံချက်ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်ပြောချင်တာက ကျွန်တော်တို့ နိုင်ငံသားလုပ်ငန်းရှင်တွေတောင်းဆိုနေတဲ့အချက်ရှိပါတယ်။ ကလေးနှင့်လူကြီးအပြေးပြိုင်တဲ့နေရာမှာ ကလေးကိုအသာပေးသင့်တယ်၊ အခွင့်အရေးပိုပေးသင့်တယ်ဆိုတဲ့အယူအဆပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ မီတာ ၁၀၀ အပြေးပြိုင်လို့ရှိရင် ကလေးကို မီတာ ၅၀ အသာပေးလည်း ဘယ်လိုမှ လူကြီးကို မနိုင်နိုင်ပါဘူးခင်ဗျား။ ဒီနေရာမှာ ကျွန်တော်တို့ဆောင်ရွက်ရမှာက လာရောက်ဝင်ရောက်မြှုပ်နှံလာတဲ့ အပြည်ပြည်ဆိုင်ရာကော်ပိုရေးရှင်းကြီးတွေနဲ့ တွဲဖက်ပြီးတော့ နောက်ကနေဆောင်ရွက်နိုင်မယ့်နည်းလမ်းမျိုးကိုသာ ရွေးချယ်ရမှာဖြစ်ပါတယ်။

ဒီလို အထူးအခွင့်အရေးတွေကိုပေးပြီးတော့ သတ်မှတ်ထားမယ်ဆိုရင် ဂုဏ်သိက္ခာရှိတဲ့ ရင်းနှီးမြှုပ်နှံသူတွေဟာ ဒီလိုသတ်မှတ်တဲ့ ကျွန်တော်တို့နိုင်ငံမျိုးကိုမရွေးချယ်ဘဲနဲ့ ကျွန်တော်တို့ရဲ့အနီးအနားပတ်ဝန်းကျင်က တိုင်းပြည်တွေကိုပဲ သေချာပေါက်ရွေးချယ်မှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော်တင်ပြရမယ်ဆိုလို့ရှိရင် အိမ်နီးနားချင်းတိုင်းပြည်တွေဖြစ်တဲ့ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ ထိုင်း အစရှိတဲ့ နိုင်ငံအသီးသီးရဲ့ ရင်းနှီးမြှုပ်နှံမှုဥပဒေတွေမှာ ဒီလိုနိုင်ငံသားတွေကို သီးသန့်အကာအကွယ်ပေးတဲ့အပိုဒ်၊ ပုဒ်မတွေမပါဝင်ဘူးဆိုတာကို ကျွန်တော်ဒီနေရာကနေ ရဲရဲတင်းတင်းပဲကျွန်တော်တင်ပြဆွေးနွေးပါရစေ။

ကျွန်တော်တို့ရဲ့အနာဂတ်၊ ကျွန်တော်တို့ရဲ့နိုင်ငံတော်ရဲ့စီးပွားရေးအဝန်းအဝိုင်းသစ်ကို ကျွန်တော်တို့ပြုပြင်ချင်တယ်ဆိုရင် ကျွန်တော်တို့ဒီနေ့အခွင့်အရေးကို မှန်မှန်ကန်ကန်ဆုပ်ကိုင်ပြီးတော့ အသုံးချရမှာ ဖြစ်ပါတယ်။ တရားမဝင်ငွေတွေနဲ့၊ တရားမဝင်ရင်းနှီးမြှုပ်နှံမှုတွေကနေပြီးတော့ စီးပွားရေးကိုအမှောင်ပိတ်အောင်လုပ်နေတာ နှစ်ပေါင်းများစွာကြာပါပြီ။ ဒီကနေ့ ကျပ်ငွေရဲ့မတည်ငြိမ်မှုဈေးနှုန်းတွေ၊ နိုင်ငံရဲ့စီးပွားရေးကို အကြီးအကျယ်ဆိုးရွားစွာထိခိုက်နေတာတွေဟာ အခုလိုတရားမဝင်မြှုပ်နှံတဲ့ ရင်းနှီးမြှုပ်နှံမှုတွေကြောင့်ဖြစ်တယ်လို့ပဲ ကျွန်တော်တင်ပြလိုပါတယ်။ ဒီ့အတွက် ကျွန်တော် တို့နိုင်ငံတော်နှင့်နိုင်ငံသားတွေရဲ့ အကျိုးစီးပွားကို ရှေးရှုပြီးတော့ ဒီနေ့ပြည်သူ့ကိုယ်စားလှယ်တွေကနေ မှန်မှန်ကန်ကန်ရွေးချယ်ဆုံးဖြတ်နိုင်ပါစေလို့ဆန္ဒပြုရင်းနဲ့ပဲ နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဦးကျော်ဝင်း(ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအပိုဒ်နှင့်စပ်လျဉ်းပြီး ပြည်ထောင်စုအစိုးရသည် မြေအသုံးချမှု သို့မဟုတ် မြေငှားရမ်းမှုများအတွက် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများအား ပိုမိုကောင်းမွန်သော သတ်မှတ်ချက်များနှင့် အခွင့်အရေးများကိုခွင့်ပြုပေးနိုင်သည်ဆိုပြီးဖော်ပြထားပါတယ်။ ဒီဖော်ပြချက်ဟာ နိုင်ငံသားများအား နိုင်ငံတော်အတွင်း သားစဉ်မြေးဆက်အခြေချစီးပွားရေးလုပ်ကိုင်နိုင်ရန်အတွက် ထည့်သွင်းထားခြင်းပဲ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်းသာ ပြဋ္ဌာန်းသင့်ပါကြောင်း တင်ပြအပ်ပါသည်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၅၀ အပိုဒ်ခွဲ(င)နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်အဆိုတင်သွင်းခဲ့ပြီး ဦးဝင်းထွဋ်က အဆိုပြုချက်ကိုပယ်ဖျက်ရန် ဆွေးနွေးသွားခဲ့ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်အဆိုကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ထောက်ခံထားပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကိုမူတည်၍ မဲခွဲဆုံးဖြတ်ပါ့မယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကအတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဦးဝင်းထွဋ်ရဲ့အဆိုပြုချက်ကအတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့ အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၀၄ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၇၆ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၅ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၅၀ အပိုဒ်ခွဲ(င)သည် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်းရဲ့အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ကျိုးကြောင်းပြပြီးတော့ ဥပဒေကြမ်းတွေကို ပြင်ဆင်ချက်ဆွေးနွေးတဲ့အခါမှာ ဆွေးနွေးပါ။ ရိုးရိုးတန်းတန်းဆွေးနွေးလို့ရပါတယ်။ ကိုယ်လိုချင်တဲ့ရလဒ်ကိုမရတာနဲ့ ကျန်တဲ့ကိုယ်စားလှယ်တွေကို မှန်မှန်ကန်ကန်ဆုံးဖြတ်နိုင်ပါစေတို့၊ ဘာတို့ ဒီလိုဟာမျိုးတော့ မပြောသင့်ဘူးလို့ လွှတ်တော်အနေနဲ့ ကျွန်တော်လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ပြောကြားလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆွေးနွေးပါ။ ဆွေးနွေးခွင့်လည်းပေးထားပါတယ်။ အချိန်တွေ။ ကိုယ်လိုတာရမှ လွှတ်တော်ကိုယ်စားလှယ်တွေက မှန်/မမှန်ဆုံးဖြတ်နိုင်တယ်။ ကိုယ်လိုတာမရရင် ကျန်တဲ့ကိုယ်စားလှယ်တွေက မှန်မှန်ကန်ကန်မဆုံးဖြတ်နိုင်ဘူးဆိုတဲ့ သဘောမျိုးတော့၊ သွေးဆောင်တဲ့၊ ဖြားယောင်းတဲ့စကားလုံးမျိုးတော့ မပြောပါနဲ့လို့ အသိပေးပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၅၉ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်ကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မ ဒီဥပဒေရဲ့ စာမျက်နှာ ၃၂ အမှတ်စဉ် ၁၆၁ မူလပြဋ္ဌာန်းချက် ၆၂ ပြင်ဆင်တင်ပြချက် အပိုဒ် ၅၉ နှင့်ပတ်သက်ပြီးတော့ ကျွန်မ စကားလုံးလေးတစ်လုံးကိုပဲ ပြင်ဆင်ပေးဖို့ရာ အတွက် တင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ မူလပြဋ္ဌာန်းချက် ပုဒ်မ ၆၂ မှာ ဘဏ္ဍာငွေလွှဲပြောင်းမှုများအားလုံးသည် လွှဲပြောင်းမည့် ပမာဏအပေါ်မူတည်၍ သတ်မှတ်ထားသည့် အခွန်ဆိုင်ရာ ဥပဒေများနှင့်အညီ အခွန် ထမ်းဆောင်ပြီးမှသာ လွှဲပြောင်းရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ ကျွန်မအနေနဲ့ ဒါကို ပြန်လည်ပြီးတော့ ပြင်ဆင်ချင်တာဟာ ဘဏ္ဍာငွေလွှဲပြောင်းမှုများအားလုံးသည် လွှဲပြောင်းမည့် သတ်မှတ်ထားသည့် အခွန်ဆိုင်ရာဥပဒေများနှင့်အညီ အခွန်ထမ်းဆောင်ပြီးမှသာ လွှဲပြောင်းရမည်ဟု ပြင်ဆင်လိုခြင်းဖြစ်ပါ တယ်။ မူလပြဋ္ဌာန်းချက်မျာပါတဲ့ ပမာဏအပေါ် မူတည်၍ဆိုတဲ့စကားလုံးဟာ ဒီဥပဒေရဲ့အပေါ်မှာ လာရောက်ပြီး ရင်းနှီးမြှုပ်နှံမယ့် Investor တွေအနေနဲ့ ဒါရဲ့အပေါ်မှာနားလည်မှုတွေ လွဲမှားသွားနိုင်ပါ တယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ်ကနေပြီးလွှဲပြောင်းမယ့်ပမာဏရဲ့ အနည်းအများရဲ့အပေါ်မှာ အခွန်ဥပဒေအရ အခွန်ထမ်းဆောင်ရမယ်ဆိုတဲ့ ဒီအချက်ဟာ ရင်းနှီးမြှုပ်နှံတဲ့သူတွေအနေနဲ့က ဒီအခွန် ဆောင်တဲ့နေရာမှာ နားလည်မှုတွေလွဲသွားနိုင်ပါတယ်။ ခုနကလည်း ဥပဒေကြမ်းကလည်း ပြောထားတဲ့ အတိုင်းပါပဲ။ ဒီဥပဒေဟာ လာရောက်ရင်းနှီးမြှုပ်နှံမယ့်သူတွေကို မက်လုံးပေးဆွဲဆောင်တဲ့ဥပဒေဖြစ် တယ်ဆိုတဲ့ အတွက်ကြောင့်မို့လို့ ဒီလိုနားလည်မှုလွဲမှားနိုင်တဲ့ ပမာဏအပေါ်မူတည်၍ဆိုတဲ့စကားလုံး ကို ဖြုတ်ပြီးတဲ့နောက်မှာ ကျွန်မ ပြင်ဆင်ထားတဲ့အတိုင်း ပြည်သူ့လွှတ်တော်ကနေ အတည်ပြုပေးနိုင် ပါရန်အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါ။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာဆိုလို့ရှိရင် ဝင်ငွေခွန်နှင့် ပတ်သက်ပြီး အားလုံးဆောင်ဖူးကြမှာဖြစ်ပါတယ်။ ဥပမာအနေဖြင့်ပြောရမယ်ဆိုလို့ရှိရင် ဝင်ငွေ များများရသူက အခွန်များများဆောင်ရပါတယ်။ ဝင်ငွေနည်းနည်းရသူက နည်းနည်းဆောင်ရပါတယ်။ ဝင်ငွေနည်းနည်းရသူကိုလည်း ဒီသတ်မှတ်ချက်၊ များများရသူကိုလည်း ဒီသတ်မှတ်ချက်ဆိုတာ မဖြစ် သင့်ပါဘူး။ ဘဏ္ဍာငွေလွှဲပြောင်းမှုမှာလည်း ဒီအတိုင်းပါပဲ။ လွှဲပြောင်းမည့်ပမာဏပေါ်မှာ မူတည်ပြီး တော့ သတ်မှတ်ချက်များလည်း ရှိပြီးဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီက အတည်ပြုထား

သော အတည်ပြုချက်ကိုသာလျှင် လက်ခံသင့်ပါကြောင်း လွှတ်တော်သို့ လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးကျော်ဝင်း(ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဘဏ္ဍာငွေလွှဲပြောင်းတဲ့ပမာဏပေါ် မူတည်ပြီးဆိုတဲ့ စကားလုံးရဲ့ အနက်အဓိပ္ပာယ်မှာ လွှဲပြောင်းမယ့်ငွေပမာဏဟာ After Tax ဖြစ်ရပါမယ်။ ကျသင့်ကျထိုက်တဲ့အခွန်တွေပေးဆောင်ပြီးပြီလား။ ဒီ့အတူပဲ သက်ဆိုင်ရာ IFR Standard နှင့်အညီ ပြုစုရေးဆွဲထားတဲ့ စာရင်းနှစ်ချုပ်အစီရင်ခံစာကိုကြည့်ပြီး လွှဲပြောင်းသင့်တဲ့ပမာဏထက် ပိုလွှဲပြောင်းထားတာလား စသည်ဖြင့် ကျွန်တော်တို့ ဒါကိုအခြေခံပြီးတော့ ရေးဆွဲထားတဲ့ အစိတ်အပိုင်းဖြစ်တယ်လို့ သုံးသပ်လို့ရပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့သဘောတူညီချက်အရ အဆိုပြုပြင်ဌာန်းချက်ပါ ပြင်ဆင်ချက်အတိုင်း ပြဋ္ဌာန်းပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ဥပဒေကြမ်းရဲ့ အပိုဒ် ၅၉ နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အဆိုပြုချက်အတိုင်းထားရှိရန် တင်ပြခဲ့ပြီး ဒေါ်ခင်စန်းလှိုင်က ပြင်ဆင်ချက်အဆို တင်သွင်းထားပါတယ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးကလည်း အဆိုပြုချက်အတိုင်းထားရှိရန် သဘောထားပေးခဲ့ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်ကိုမူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဒေါ်ခင်စန်းလှိုင်ရဲ့ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၈၁ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၇ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၂ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၅၉ သည် ဥပဒေကြမ်းကော်မတီ

မူကြမ်း

ရဲ့ အဆိုပြုချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၇၆ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၇၆ ကို အခန်း(၁၁)ပါ ရင်းနှီးမြှုပ်နှံမှုများအား ဆက်ဆံဆောင်ရွက်ခြင်း၊ ပြဋ္ဌာန်းခြင်းများအပြင် အစိုးရအဖွဲ့သည် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများ သို့မဟုတ် နိုင်ငံသားပိုင်အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအား အထောက်အပံ့များ၊ ငွေကြေးဆိုင်ရာပံ့ပိုးမှုများ၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ သင်တန်းများဖွင့်လှစ်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ ထို့အပြင် မြန်မာနိုင်ငံသားပိုင် စီးပွားရေးလုပ်ငန်းများမှ လုပ်ငန်းဆောင်ရွက်နေသည့်နေရာ သို့မဟုတ် စီးပွားရေးလုပ်ငန်းအမျိုးအစားများနှင့်စပ်လျဉ်းသည့်ဆောင်ရွက်ချက်များတွင် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခွင့်ပြုပေးနိုင်သည်ဟု ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ ဒီအပိုဒ်မှာ ဆိုလို့ရှိရင် ဦးဝင်းထွတ်၏တင်ပြချက်မှာ အပိုဒ် ၄၉ နှင့်ဆက်သွယ်ထားသောကြောင့် ဥပဒေအပိုဒ်အဖြစ် အပိုဒ် ၄၉ တွင်ပယ်ဖျက်ရန် တင်ထားသောအပိုဒ်မှာလည်း ဥပဒေကြမ်း၏အတည်ပြုချက်အတိုင်း ထားရှိထားသဖြင့် ယခုအပိုဒ် ၇၆ ကိုလည်း ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်းသာလျှင် ထားရှိသင့်ပါကြောင်း လွှတ်တော်သို့ လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၇၆ နှင့်စပ်လျဉ်းပြီး အဆိုတင်သွင်းဖို့ ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွတ်ကို ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းထွင်(ဖျာပုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အပိုဒ် ၇၉ ကိုပယ်ဖျက်ဖို့အတွက် တင်ပြထားပါတယ်။ ဒါကလည်း ခုနလိုပဲ မူရင်းပြဋ္ဌာန်းချက်ထဲမှာ အထူးနှင့်သာလွန်သောကင်းလွတ်ခွင့်နှင့် သက်သာခွင့်တွေကို ခွင့်ပြုပေးနိုင်တယ်လို့ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူတွေကို အထူးအခွင့်အရေးတွေပေးထားတဲ့အတွက် ကျွန်တော် ပယ်ဖျက်ဖို့တင်ပြခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကိုပြောရမယ်ဆိုရင် အပိုဒ် ၇၆ ပါ ပထမပိုင်းပြဋ္ဌာန်းချက်တွေဖြစ်တဲ့ ရင်းနှီးမြှုပ်နှံမှုများဆက်ဆံဆောင်ရွက်ခြင်း ပြဋ္ဌာန်းချက်များအပြင် အစိုးရအဖွဲ့သည် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများ သို့မဟုတ် နိုင်ငံသားပိုင်အသေးစားနှင့်

အလတ်စား စီးပွားရေးလုပ်ငန်းများအား အထောက်အပံ့များ၊ ငွေကြေးဆိုင်ရာပံ့ပိုးမှုများ၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းများ၊ သင်တန်းများဖွင့်လှစ်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ ထို့အပြင် မြန်မာနိုင်ငံသားပိုင် စီးပွားရေးလုပ်ငန်းများမှ လုပ်ငန်းဆောင်ရွက်နေသည့်နေရာ သို့မဟုတ် စီးပွားရေး လုပ်ငန်းအမျိုးအစားများနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်များတွင် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခွင့်ပြု ပေးနိုင်သည်လို့ ပြင်ဆင်ထားပါတယ်။ ဒီနေရာမှာလည်း ကျွန်တော် ဆွေးနွေးချင်တာက ဒီအပိုဒ်ရဲ့ ပထမပိုင်းပါ ကျွန်တော်တို့ ဘဏ္ဍာရေးအထောက်အပံ့တွေ၊ သင်တန်းပေးတာတွေ၊ စွမ်းဆောင်ရည်မြှင့်တင်တာတွေဆိုတာ ကျွန်တော်တို့နိုင်ငံရဲ့ တည်ဆဲအခြားဥပဒေတွေမှာ ပြဋ္ဌာန်းထားပြီးသားဖြစ်ပါတယ်။ SMEs Law တွေ၊ အခုအခါ ကျွန်တော်တို့ အတည်ပြုပြဋ္ဌာန်းဖို့ရှိနေတဲ့ စက်မှုလုပ်ငန်းဥပဒေတွေမှာ ကျွန်တော်တို့နိုင်ငံရဲ့ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းရှင်တွေ၊ စက်မှုလုပ်ငန်းတွေကို ဘယ်လိုပံ့ပိုးကူညီမယ်ဆိုတာလည်း အတိအလင်းပြဋ္ဌာန်းထားပြီးသားဖြစ်ပါတယ်။ နောက်တစ်ခုကလည်း ကျွန်တော်တို့လက်ရှိအခြေအနေမှာကိုက အသေးစားနှင့် အလတ်စားလုပ်ငန်းတွေကိုလည်း ဘဏ္ဍာရေးဆိုင်ရာငွေချေးမှုတွေကို ပြုလုပ်ပေးနေပါတယ်။ ဒီနေရာမှာ ဒီလိုဆောင်ရွက်ပေးတဲ့အမှုတွေဟာ ရင်းနှီးမြှုပ်နှံမှုဥပဒေမှာ အထူးသီးသန့်ဖော်ပြစရာမလိုဘူးလို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်အစိုးရကနေပြီးတော့ ဒါမှမဟုတ်ရင် သက်ဆိုင်ရာဘဏ်တွေကတစ်ဆင့် ချေးငှားပေးတဲ့စက်မှုလုပ်ငန်းချေးငွေတွေကလည်း အတိုးနှုန်း ၈.၂၅ ရာခိုင်နှုန်းနဲ့ ချေးပေးနေတာဖြစ်ပြီးတော့ ဒီလိုချေးပေးတဲ့ပမာဏနဲ့ အတိုးနှုန်းတွေကို မည်သည့်နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူကမှ စိတ်ဝင်စားမှာမဟုတ်ပါဘူးခင်ဗျား။ ဒီအတွက် ကျွန်တော်တို့ တည်ဆဲဥပဒေတွေနှင့်အညီ စက်မှုလုပ်ငန်းဥပဒေ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဥပဒေတွေနှင့်အညီ ဆောင်ရွက်နိုင်တဲ့အခွင့်အလမ်းတွေကို ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံမှုဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းထား ခြင်းဟာ ပိုမိုရှုပ်ထွေးမှုတွေကို ဖြစ်ပွားစေပါတယ်။ နောက်တစ်ခုကနေပြီးတော့ ကျွန်တော်တို့ ဒီဥပဒေရဲ့ အဓိကကင်းလွတ်ခွင့်နှင့် သက်သာခွင့်တွေဟာ လုပ်ငန်းဆောင်ရွက်မယ့်နေရာဒေသနဲ့ နောက်တစ်ခုက လုပ်ငန်းအမျိုးအစားကို မူတည်ပြီးတော့ ကင်းလွတ်ခွင့်နဲ့ သက်သာခွင့်တွေကို သတ်မှတ်ပေးတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဇုန်သုံးဇုန် သတ်မှတ်ပြီးတော့ ဖွံ့ဖြိုးမှုအနည်းအများအလိုက်၊ ဖွံ့ဖြိုးမှုအနည်းဆုံးဇုန်မှာ လုပ်တဲ့လုပ်ငန်းတွေကို ပိုပြီးတော့ သက်သာခွင့်တွေပေးတဲ့ ဥပဒေဖြစ်ပါတယ်။ နောက်တစ်ခုကလည်း Promotion Sector လို့ခေါ်တဲ့ လုပ်ငန်းမြှင့်တင်မယ့်လုပ်ငန်းတွေ၊ လုပ်ငန်းကဏ္ဍတွေအပေါ်မှာ ကင်းလွတ်ခွင့်၊ အခွန်ကင်းလွတ်ခွင့်တွေ၊ သက်သာခွင့်တွေ

ကိုပေးတာ ဖြစ်ပါတယ်။ ဒီဥပဒေရဲ့ မူလပြဋ္ဌာန်းချက်ထဲမှာ အခုနကလိုပဲ အထူးနှင့်သာလွန်သော ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခွင့်ပြုပေးနိုင်သည်လို့ ဆိုထားပါတယ်။ ဒါက ကျွန်တော်တို့ နိုင်ငံသားရင်းနှီးမြှုပ်နှံသူတစ်ဦးဟာ ရန်ကုန်လိုနေရာမျိုးမှာ လာပြီးတော့ မြှုပ်နှံတယ်။ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူတစ်ဦးက ကယားပြည်နယ်မှာသွားပြီးတော့ မြှုပ်နှံတယ်ခင်ဗျား။ မြှုပ်နှံတဲ့လုပ်ငန်းခြင်း က တူလို့ရှိရင် အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်တွေကို တန်းတူပဲပေးရင်ပေးလို့ ရတယ်ဆိုတဲ့ ပြဋ္ဌာန်းချက်မျိုး ဖြစ်ပါတယ်။ ဒါဟာအင်မတန်မှ မမျှတတဲ့ပြဋ္ဌာန်းချက်ဖြစ်ပါတယ်။ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူတွေကို အင်မတန်မှပဲ စိတ်ပျက်စေတဲ့ ပြဋ္ဌာန်းချက်မျိုးဖြစ်ပါတယ်ခင်ဗျား။ နောက်တစ်ခုက လုပ်ငန်းအမျိုးအစား၊ လုပ်ငန်းအမျိုးအစားမှာ Promotion Sector တွေရှိပါတယ်။ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူက ပြည်ပပို့ကုန်အခြေပြုတဲ့ လုပ်ငန်းကိုလာပြီးမြှုပ်နှံတယ်။ ဒီအတွက် ဒီလောက်သက်သာခွင့်ပဲ ရတယ်။ နိုင်ငံသားရင်းနှီးမြှုပ်နှံသူက အိမ်ရာမြေ Development ကြီးတွေကို ဆောင်ရွက်တယ်။ Housing Development တွေကို ဆောင်ရွက်ပြီးတော့ သူရဲ့သက်သာ ခွင့်ကလည်း ဒီအတိုင်းပဲ ရတယ်ဆိုလို့ ရှိရင် ဒါဟာ အင်မတန်မှ Level Play Ground ပေါ်မှာ မရှိတဲ့ ပြဋ္ဌာန်းသတ်မှတ်ချက်မျိုး ဖြစ်ပါတယ်။ ဒီလိုပြဋ္ဌာန်းသတ်မှတ်ချက်မျိုးတွေကြောင့်လည်း ကျွန်တော် ဆွေးနွေးတဲ့ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူတွေဟာ ကျွန်တော်တို့ထက်ပိုမိုကောင်းမွန်တဲ့ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်ကိုပဲ ရွေးချယ်ကြတော့မှာဖြစ်ပါတယ်။ ဒီအတွက် ဒီအပိုဒ် ၇၉ ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ အပိုဒ် ၇၆ ကို ပယ်ဖျက်ပေးဖို့အတွက် ကျွန်တော့်အနေနဲ့ အဆိုပြု တင်ပြရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဦးကျော်ဝင်း(ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မူရင်း ဥပဒေကြမ်း ပုဒ်မ ၇၉ ဥပဒေကြမ်းကော်မတီ၏ ပုဒ်မ ၇၆ ဟာ မြန်မာနိုင်ငံသားများအတွက် အခွင့် အရေးပိုမိုပေးအပ်ထားတဲ့ ပြဋ္ဌာန်းချက်ဖြစ်ပြီး မိမိနိုင်ငံရဲ့ အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေဖို့အတွက် အစိုးရမှ ပိုမိုလွတ်လပ်စွာ ဆောင်ရွက်နိုင်စေရေးအတွက် အဆိုပါပြဋ္ဌာန်းချက် အား ထည့်သွင်းရေးဆွဲထားတယ်လို့ သုံးသပ်ရရှိပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ GDP အရ ဝင်ငွေကိုကြည့်လိုက်လို့ရှိရင် Income Distribution နဲ့ပတ်သက်လို့ရှိရင် Income Equality ဖြစ်နေ ပါတယ်။ အသေးစား၊ အလတ်စားလုပ်ငန်းတွေဟာ မြန်မာနိုင်ငံတစ်နှံ့တစ်လျားမှာ ရှိနေပါတယ်။ ဒီ

အသေးစား၊ အလတ်စားလုပ်ငန်းတွေကို ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်ပါမှ Balance Growth ကို ရပါမယ်။ Regional Growth ကို ရပါမယ်။ ဒီအချက်ကို ကျွန်တော်တို့စဉ်းစားလိုက်လို့ရှိရင် ဥပဒေသစ်၏အခန်း(၁၁) ရင်းနှီးမြှုပ်နှံသူများအား ဆက်ဆံဆောင်ရွက်ခြင်းပြဋ္ဌာန်းချက်များတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား ခွင့်ပြုချက်ပေးထားသော ကိစ္စရပ်များမှအပ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများနှင့် တန်းတူအခွင့်အရေးပေးရမည်ဟူ၍ ပြဋ္ဌာန်းထားပါတယ်။ လက်ရှိမိမိတို့နိုင်ငံရဲ့ အနေအထားအရ အစိုးရအနေနဲ့ အသေးစား၊ အလတ်စားလုပ်ငန်းများကို ပိုမိုပြုစုပျိုးထောင်ပေးဖို့ လိုအပ်နေပါတယ်။ အထူးသဖြင့် ပြည်နယ်ဒေသများမှာ ပိုမိုပြီးတော့ အာရုံစိုက်ပြီးတော့ အလေးပေးဆောင်ရွက်ဖို့လိုအပ်နေပါတယ်။ ယခု ပုဒ်မ ၇၉ ပြဋ္ဌာန်းချက်ဟာ လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုပြုစဉ်က ၎င်းတို့မှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများအတွက် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများနှင့် ယှဉ်ပြိုင်လုပ်ကိုင်ရာတွင် ငွေကြေး၊ နည်းပညာစသည်အားဖြင့် အားနည်းမှုများရှိသည်ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများအတွက် နိုင်ငံတော်အစိုးရ၏လုပ်ပိုင်ခွင့်အရ Right to Regulate ပြုလုပ်နိုင်ရန်အတွက် Policy Space ထားသင့်ကြောင်း အကြံပြုချက်များအရ ထည့်သွင်းရေးဆွဲထားခြင်းဖြစ်ပြီး အာဆီယံဆိုင်ရာ သဘောတူညီချက်များ၊ WTO သဘောတူညီချက်များနှင့်လည်း လိုက်လျောညီထွေမှုရှိပါတယ်။ ဒါကြောင့်မို့လို့ ပုဒ်မ ၇၉ အား ထည့်သွင်းခြင်းမပြုပါက နိုင်ငံတော်အစိုးရအနေနဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ခွင့်ပြုဆောင်ရွက်ရာမှာ မိမိနိုင်ငံ၏ အသေးစား၊ အလတ်စားလုပ်ငန်းများကို သီးခြားပေးအပ်မယ့် အခွင့်အရေးများ ဆုံးရှုံးသွားနိုင်ပါတယ်။ ဒီအတွက်ကြောင့်မို့လို့ ပုဒ်မ ၇၉ ကို ပယ်ဖျက်ခြင်းမပြုသင့်ကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ဥပဒေကြမ်းရဲ့ အပိုဒ် ၇၆ နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်အဆိုတင်သွင်းခဲ့ပြီး ဦးဝင်းထွန်းက အဆိုပြုချက်ကို ပယ်ဖျက်ရန်ဆွေးနွေးသွားခဲ့ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဦးဝင်းထွန်းရဲ့ အဆိုပြုချက်က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့အချက်နဲ့စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၄၅ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၁၉ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၃ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၇၆ သည် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၇၇ အပိုဒ်ခွဲ(က)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း ကိုဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းဝေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်။ ကျွန်တော်က စာမျက်နှာ ၄၁ ပုဒ်မ ၈၀ ပုဒ်မခွဲ(က)ကို ပြင်ဆင်ဆွေးနွေးမှာဖြစ်ပါတယ်ခင်ဗျား။ ပုဒ်မ ၈၀ ပုဒ်မခွဲ(က)က ရင်းနှီးမြှုပ်နှံမှုပြုလိုသူများကို အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပေးထားတဲ့အပိုဒ် ဖြစ်ပါတယ်။ သို့ရာတွင် လုပ်ငန်းတည်ဆောက်မှုကာလ သို့မဟုတ် လုပ်ငန်းပြင်ဆင်မှုကာလဆိုပြီးမှ နှစ်မျိုးသတ်မှတ်ထားပါတယ်။ အဲဒီမှာ လုပ်ငန်းပြင်ဆင်မှုကာလသည် ယေဘုယျဖော်ပြချက်ဖြစ်ပြီး တိကျမှုမရှိပါ။ အတိုင်းအဆမရှိတဲ့အချိန်ကာလဖြစ်ပါသဖြင့် ကျွန်တော့်အနေဖြင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပြင်ဆင်မှုကာလဆိုတဲ့စကားရပ်ကို ပယ်ဖျက်လိုပါတယ်။ ဒါ့အပြင် ဒီအပိုဒ်ထဲမှာပါဝင်တဲ့ နိုင်ငံခြားမှ အခွန်ကင်းလွတ်ခွင့်သက်သာစွာဖြင့် တင်သွင်းနိုင်သည့် လုပ်ငန်းသုံးတည်ဆောက်ရေးပစ္စည်းများ၊ စက်ကိရိယာအစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊ ပြည်တွင်း၌ဝယ်ယူရန်ခက်ခဲသည့် လုပ်ငန်းသုံးပစ္စည်းများကို ဒီပုဒ်မမှာ တိကျစွာဖော်ပြထားပေမယ့် အသုံးအဆောင်တန်ဆာပလာများဆိုတဲ့ တိကျစွာမဖော်ပြနိုင်တဲ့ ဝေါဟာရတစ်ခုကိုလည်း တွေ့ရပါတယ်။ အဲဒါကြောင့် အသုံးအဆောင်တန်ဆာပလာများဆိုတဲ့စကားရပ်ကိုလည်း ကျွန်တော့်အနေနဲ့ ပယ်ဖျက်လိုပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ကတော့ ရင်းနှီးမြှုပ်နှံမှု၊ လုပ်ငန်းပြင်ဆင်မှုကာလဆိုတဲ့ တိကျရေရာမှုမရှိတဲ့အချိန်ကာလအတွင်းမှာ အသုံးအဆောင်တန်ဆာပလာများဆိုတဲ့ တိကျစွာဖော်ပြမထားတဲ့ပစ္စည်းများကို ဘယ်နိုင်ငံခြားသားရင်းနှီးမြှုပ်နှံတဲ့သူတွေရော၊ နိုင်ငံသားရင်းနှီးမြှုပ်နှံသူတွေရော မိမိတို့အလိုရှိသလို အခွန်ကင်းလွတ်ခွင့်သက်သက်သာသာနဲ့ နိုင်ငံခြားကနေ တင်သွင်းခွင့်ရရှိနေမှာ ဖြစ်ပါတယ်။ လုပ်ငန်းပြင်ဆင်မှုအကြောင်းပြချက်နှင့် အခြားဈေးကွက်ဝင်ပစ္စည်းအသုံးအဆောင်တွေကိုလည်း အခွန်ကင်းလွတ်ခွင့်သက်သက်သာသာနဲ့ ခွင့်ပြု

ပေးသလို ဖြစ်နေပါတယ်။ သို့ဖြစ်ပါ၍ ပုဒ်မ ၈၀ ပုဒ်မခွဲ(က)ကို ပိုမိုတိကျကျစ်လျစ်စေရန် အောက်ပါအတိုင်း ပြင်ဆင်လိုပါတယ်။ ပုဒ်မ ၈၀ ပုဒ်မခွဲ(က) ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတည်ဆောက်မှုကာလအတွင်း အမှန်တကယ်လိုအပ်၍ တင်သွင်းသောစက်ပစ္စည်းများ၊ စက်ကိရိယာအစိတ်အပိုင်းများ၊ ပြည်တွင်း၌ ဝယ်ယူရရှိခြင်းမရှိနိုင်သော တည်ဆောက်ရေးပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများအပေါ်တွင် အကောက်အခွန်ဖြစ်စေ၊ အခြားပြည်တွင်းအခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးစလုံးကိုဖြစ်စေကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်လို့ ပြင်ဆင်လိုပါတယ်။ ကျွန်တော်၏ ပြင်ဆင်တင်ပြချက်ကို လွှတ်တော်မှ အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၏ ဆွေးနွေးချက်ကိုလေ့လာကြည့်မယ်ဆိုလို့ရှိရင် အဓိကအားဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ပြင်ဆင်မှုကာလတွင်ဆိုသည့်အချက်နှင့် အသုံးအဆောင်တန်ဆာပလာများဆိုတဲ့အချက်ကို ဖြုတ်ထားခြင်းသာ ဖြစ်ပါတယ်။ ဒီအပိုဒ်ဟာဆိုလို့ရှိရင် တည်ဆောက်မှုကာလ သို့မဟုတ် ပြင်ဆင်မှုကာလတွေမှာ အခွန်ကင်းလွတ်ခွင့်ပေးထားခြင်းပင်ဖြစ်ပါတယ်။ အသုံးအဆောင်တန်ဆာပလာများဆိုတာဟာ ဥပမာ- စက်တစ်လုံးသယ်လာတယ်ဆိုလို့ရှိရင် သူနဲ့သက်ဆိုင်တဲ့ လက်နက်ပစ္စည်းများကို ဆိုလိုခြင်းဖြစ်ပါတယ်။ အဲဒါတွေကိုလည်း တည်ဆောက်ပြင်ဆင်ကာလမှာ အခွန်ကင်းလွတ်ခွင့်ပေးထားခြင်းသာ ဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီမှ အတည်ပြုထားသော အတည်ပြုချက်ကိုသာလျှင် လက်ခံသင့်ပါကြောင်း လွှတ်တော်သို့ လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဦးကျော်ဝင်း(ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စက်ရုံတစ်ရုံဖြစ်စေ၊ လုပ်ငန်းတစ်ခုဖြစ်စေ တည်ဆောက်တဲ့အခါမှာ တည်ဆောက်ရေးကာလ သတ်မှတ်ချက်ရှိရပါတယ်။ ဒီနည်းတူပဲ project life Circle အရ၊ Project timeline အရ တည်ဆောက်ရေးကာလပါပါတယ်။ တည်ဆောက်ပြီးတဲ့နောက်ပိုင်းမှာ Grand Opening လုပ်ဖို့၊ Grand Operation လုပ်ဖို့ဆိုလို့ရှိရင် Test Run တွေ ကျွန်တော်တို့ ကာလကို ဖြတ်သန်းရပါတယ်။ ဒါဟာ ပြင်ဆင်တဲ့

ကာလဖြစ်ပါတယ်။ ဘယ်လုပ်ငန်းမျိုးမဆို ဒီကာလကိုချန်ထားလို့မရပါဘူး။ ထို့အတွက်ကြောင့်မို့လို့ ပြင်ဆင်တဲ့ကာလဟာ ထည့်သွင်းသင့်တဲ့စကားရပ်ဖြစ်ပါတယ်။ ဒီနည်းတူပဲ အသုံးအဆောင်တန်ဆာ ပလာဆိုတာ ကျွန်တော်တို့ အင်ဂျင်စက်တစ်ခုရဲ့ အစိတ်အပိုင်းဟာ အဓိက Main Body အပြင် Tools and equipment ဟာ အင်မတန်အရေးကြီးတဲ့ အစိတ်အပိုင်းများပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အသုံးအဆောင်တန်ဆာပလာများကိုလည်း ချန်လှပ်ထားခြင်းမပြုသင့်ပါဘူး။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်အတိုင်းပဲ အတည်ပြုသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဆွေးနွေးတဲ့ဥပဒေကြမ်းရဲ့ အပိုဒ် ၇၇ အပိုဒ်ခွဲ(က)နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အဆိုပြုချက်အတိုင်း ထားရှိရန်တင်ပြခဲ့ပြီး ဦးစိုင်းဝေါင်းဆိုင်ဟိန်းက ပြင်ဆင်ချက်အဆိုတင်သွင်းထားပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနက ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်အတိုင်း သဘောတူပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်ကိုမူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဦးစိုင်းဝေါင်းဆိုင်ဟိန်းရဲ့ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ယခု ဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၅၁ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၂၇ မဲ၊ ကြားနေဆန္ဒမဲမရှိပါ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၇၇ အပိုဒ်ခွဲ(က)သည် ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၇၇ အပိုဒ်ခွဲ(ဃ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဖို့ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်းကို ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းဝေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအပိုဒ်မှာလည်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပမာဏတိုးမြှင့်ဖို့အချိန်ကာလမှာ အကောက်အခွန်သက်သက်သာသာနဲ့ ပစ္စည်းတွေ တင်သွင်းခွင့်ပေးတာပဲဖြစ်ပါတယ်။ ဒီအပိုဒ်မှာ

လည်း ကျွန်တော့်အနေနဲ့ အသုံးအဆောင်တန်ဆာပလာများဆိုတဲ့ ဝေါဟာရကိုပဲ ထုတ်ပယ်ထားတာဖြစ်ပါတယ်။ ယခင်အပိုဒ်မှာ ကျွန်တော့်ရဲ့ပြင်ဆင်ချက် ရှုံးနိမ့်သွားတဲ့အတွက် ထပ်မံဆွေးနွေးရန်မရှိကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအပိုဒ်မှာဆိုလို့ရှိရင်လည်း အပိုဒ်(ဃ) ရှင်းပြထားတဲ့အတိုင်း အသုံးအဆောင်တန်ဆာပလာများကို ဖြုတ်ထားခြင်းသာဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုချက်အတိုင်းသာ အတည်ပြုပေးပါရန် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဦးကျော်ဝင်း(ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအချက်မှာတော့ အထူးသဘောထားပေးစရာမရှိတော့ပါဘူး။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဆွေးနွေးတဲ့ဥပဒေကြမ်းရဲ့ အပိုဒ် ၇၇ အပိုဒ်ခွဲ(ဃ)နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အဆိုပြုချက်အတိုင်းထားရှိရန်တင်ပြခဲ့ပြီး ဦးစိုင်းဝေါင်းဆိုင်ဟိန်းက ပြင်ဆင်ချက်အဆိုတင်သွင်းထားပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်ကိုမူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဦးစိုင်းဝေါင်းဆိုင်ဟိန်းရဲ့ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ယခု ဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၄၂ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၂၂ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၅ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၇၇ အပိုဒ်ခွဲ(ဃ)သည် ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၉၀ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၂) နှင့်စပ်လျဉ်းပြီး အဆိုတင်သွင်းဖို့ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်ကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မက ဒီဟာကို အပိုဒ်ခွဲငယ်(၂)တစ်ခုတည်းကို ပြင်ဆင်ဖို့ရာအတွက် တင်ထားတာမဟုတ်ပါဘူး။ ကျွန်မ အခန်း(၂၂) လုံခြုံရေးဆိုင်ရာကင်းလွတ်ခွင့်များ မူလပြဋ္ဌာန်းချက် ပုဒ်မ ၉၃ ကို ကျွန်မပယ်ဖျက်ဖို့ရာ အတွက် ဆွေးနွေးထားခြင်းဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ ဒီပုဒ်မ အခန်း(၂၂)ရဲ့ လုံခြုံရေး ဆိုင်ရာကင်းလွတ်ခွင့်များ မူလပြဋ္ဌာန်းပုဒ်မ ၉၃ နှင့် ပြင်ဆင်ပြဋ္ဌာန်းချက် ပုဒ်မ ၉၀ ကို ပယ်ဖျက်ပေးရန် အတွက် လွှတ်တော်ကနေ တင်သွင်းမှာဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ဒီပုဒ်မ ၉၃ ရဲ့ မူလပြဋ္ဌာန်းချက် ၉၃ ရဲ့ ပုဒ်မခွဲ(က)မှာဆိုရင် ဤဥပဒေပါ မည်သည့်ပြဋ္ဌာန်းချက်ကမှ အစိုးရအဖွဲ့က လုံခြုံရေးအလို့ငှာ လိုအပ်သောဆောင်ရွက်ချက်များပြုလုပ်ခြင်းကို တားမြစ်သည်ဟု မမှတ်ယူရဟု (က) မှာရေးထားပါ တယ်။ ဥက္ကဋ္ဌကြီးရှင်။ အဲဒီတော့ ဒီ(က)မှာရေးထားတဲ့ ရေးထုံးအရကိုက ဤဥပဒေပါမည်သည့်ပြဋ္ဌာန်း ချက်ကမှလို့ ပြောထားပါတယ်။ အဲဒီနောက်မှာမှ အစိုးရ အဖွဲ့ကလုံခြုံရေးအလို့ငှာ လိုအပ်သော ဆောင်ရွက်ချက်များပြုလုပ်ခြင်းကို တားမြစ်သည်ဟု မမှတ်ရ လို့ရေးထားတဲ့အတွက်ကြောင့်မို့လို့ ဒီဥပဒေမှာပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်တွေဟာ နိုင်ငံတော်ရဲ့ လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ချက်တွေနဲ့ မပတ်သက်ဘူးဆိုတာကို အတိအကျရေးသားထားခြင်း ဖြစ်ပါတယ်။ အပိုဒ်ခွဲ (ခ) မှာက ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် အစိုးရအဖွဲ့ကနိုင်ငံတော်၏ အရေးပါသော လုံခြုံရေးကိစ္စများကို ကာကွယ်ရန် အတွက်လိုအပ်သည်ဟုယူဆရသည့် အောက်ဖော်ပြပါ ဆောင်ရွက် ချက်တစ်စုံတစ်ရာလုပ်ဆောင်ခြင်း ကို တားဆီးခြင်းမရှိစေရဆိုပြီး ထပ်မံဖော်ပြပါတယ်။ အဲဒီမှာ အပိုဒ်ခွဲငယ်(၁)မှာ တပ်မတော် သို့မဟုတ် အခြားလုံခြုံရေးအဖွဲ့အား လက်နက်၊ ခဲယမ်း၊ မီးကျောက်နှင့် စစ်လက်နက်ကိရိယာ၊ တန်ဆာပလာများ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ဆောင်ရွက်သောဆောင်ရွက်ချက်များ၊ အပိုဒ်ခွဲငယ်(၂)က နိုင်ငံတကာဆက်ဆံရေးတွင် စစ်ဖြစ်ပွားခြင်းနှင့် အခြားအရေးပေါ်အခြေအနေများအရ လိုအပ်သလို ဆောင်ရွက်ခြင်းဆိုပြီး ရေးသားထားပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒီပုဒ်မ ၉၃ ဟာ တကယ်တော့ နိုင်ငံတော်အနေနဲ့ ဆောင်ရွက်ရမယ့်ကိစ္စတွေ ဖြစ်ပြီးတော့ လုံခြုံရေးဆိုင်ရာကိစ္စများကို ဒီလိုကျွန်မတို့တိုင်းပြည်အတွက် ပြဋ္ဌာန်းတဲ့ရင်းနှီးမြှုပ်နှံမှု ဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းဖို့ရန် မသင့်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မဒီပုဒ်မပါဝင်တဲ့ အခန်း(၂၂)

ပုဒ်မ ၉၃ လုံခြုံရေးဆိုင်ရာကင်းလွတ်ခွင့်များဆိုတဲ့ အပိုဒ်ကိုပယ်ဖျက်ပေးနိုင်ပါရန်အတွက် လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးကျော်စိုးလင်း (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအချက်ဟာဆိုလို့ရှိရင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ နိုင်ငံတကာနှင့်ဆက်သွယ်နေတဲ့အတွက် လုံခြုံရေးအရသော် လည်းကောင်း၊ ဥပဒေအရသော်လည်းကောင်း အကာအကွယ်ပေးနိုင်ရန် ရည်ရွယ်ရေးဆွဲထားခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီက အတည်ပြုထားသော အဆိုပြုချက်အတိုင်း အတည်ပြုပေးပါရန် လွှတ်တော်သို့လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးကျော်ဝင်း(ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်အတိုင်း၊ အတည်ပြုချက်အတိုင်းပဲ ဖြစ်သင့်ပါတယ်။ နိုင်ငံတော်ရဲ့အရေးပေါ်အခြေအနေတွေ ဖြစ်ပေါ်လာနိုင်မှုကို ကြိုတင်မျှော်တွေးပြီး ထည့်သွင်းရေးဆွဲ ထားပြီးဖြစ်တဲ့အတွက် မူလဆုံးဖြတ်ချက်အတိုင်း ပြင်ဆင်ပေးနိုင်ပါရန်နှင့် ပယ်ဖျက်ပေးရန် မသင့်လျော်ကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၉၁ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၂)နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အဆိုပြုချက်အတိုင်း ထားရှိ ရန်တင်ပြခဲ့ပြီး ဒေါ်ခင်စန်းလှိုင်က အဆိုပြုချက်ကိုပယ်ဖျက်ရန် ဆွေးနွေးသွားခဲ့ပါတယ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်အတိုင်း ထားရှိရန်နှင့် ဒီအဆိုပြုချက်ကို ပယ်ဖျက်ရန်မသင့်ကြောင်းဆွေးနွေးသွားပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်ကို မူတည်၍မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်ကိုထောက်ခံမဲများလျှင် ဥပဒေကြမ်း ကော်မတီရဲ့အဆိုပြုချက်က အတည်ဖြစ်ပါ့မယ်။ ကန့်ကွက်မဲများလျှင် ဒေါ်ခင်စန်းလှိုင်ရဲ့အဆိုပြုချက် ကအတည်ဖြစ်ပါ့မယ်။ ယခုဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့ နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားပါမယ်။ ဆန္ဒမဲပေးဖို့အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၆၈ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၁၈ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၁ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၉၀ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၂)သည် ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်အတိုင်း ဤဥပဒေကြမ်းရဲ့အစိတ်အပိုင်းဖြစ်ကြောင်းအတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကတင်သွင်းသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းများပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အပိုဒ်၊ အပိုဒ်ခွဲများအတိုင်းအတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီက တင်သွင်းသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လည်စာစားသုံးရန်အတွက် အစည်းအဝေးကိုခေတ္တရပ်နားပါမယ်။ နေ့လည် ၁၃း၀၀ နာရီအချိန်မှာ အစည်းအဝေးပြန်လည် စတင်ပါ့မယ်။

**အချိန်၊ ၁၂း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၂း၀၀ နာရီအချိန်တွင် ခေတ္တရပ်နားပါသည်။]

**မူကြမ်း**

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဦးကျော်အောင်လွင်၊ စေတုတ္တရာမဲဆန္ဒနယ်က တင်သွင်းသည့် မိမိနိုင်ငံအတွင်း အလုပ်အကိုင်ရှားပါးမှုနှင့် လုပ်ခလစာနည်းပါးမှုကြောင့် နိုင်ငံရပ်ခြားသို့ထွက်၍ အလုပ်လုပ်နေကြသော မြန်မာနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများမှ အလုပ်ရှင်များက ဥပဒေမဲ့ခိုင်းစေခြင်း၊ အနိုင်ကျင့်ခြင်း၊ စော်ကားခြင်း၊ ဖမ်းဆီးနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း ပြုလုပ်နေမှုများအား နိုင်ငံတော်အစိုးရမှ နှစ်နိုင်ငံအစိုးရချင်းချိတ်ဆက်၍ အမြန်ဆုံးထိရောက်စွာ ကူညီပံ့ပိုးကယ်တင်စောင့်ရှောက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးကျော်အောင်လွင်၊ စေတုတ္တရာမဲဆန္ဒနယ်က တင်သွင်းတဲ့ မိမိနိုင်ငံအတွင်း အလုပ်အကိုင်ရှားပါးမှုနှင့် လုပ်ခလစာနည်းပါးမှုကြောင့် နိုင်ငံရပ်ခြားသို့ထွက်၍ အလုပ်လုပ်နေကြသော မြန်မာနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများမှ အလုပ်ရှင်များက ဥပဒေမဲ့ခိုင်းစေခြင်း၊ အနိုင်ကျင့်ခြင်း၊ စော်ကားခြင်း၊ ဖမ်းဆီးနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း ပြုလုပ်နေမှုများအား နိုင်ငံတော်အစိုးရမှ နှစ်နိုင်ငံအစိုးရချင်းချိတ်ဆက်၍ အမြန်ဆုံးထိရောက်စွာ ကူညီပံ့ပိုးကယ်တင်စောင့်ရှောက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးရန် အမည်စာရင်းတင်သွင်းသူ ကိုယ်စားလှယ် ၁၅ အနက် ၁၀ ဦးက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ (၂၇-၉-၂၀၁၆ ရက်နေ့)တွင် ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ယခု ဆွေးနွေးရန်ကျန်ရှိတဲ့ ကိုယ်စားလှယ် ငါးဦးဆက်လက်ဆွေးနွေးခြင်းကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ပထမဦးစွာ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)။** ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မင်းကင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့် ဖြစ်ပါတယ်။ အဆိုမှာ အပိုင်းနှစ်ပိုင်း တွေ့ရှိရပါတယ်။ ဒီအဆိုနှင့်ပတ်သက်ပြီးတော့ Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ပထမအပိုင်းကတော့ မိမိနိုင်ငံအတွင်း အလုပ်အကိုင်ရှားပါးမှုနှင့် လုပ်ခလစာနည်းပါးမှုကြောင့် နိုင်ငံရပ်ခြားသို့ ထွက်ပြီးတော့မှ လုပ်ကိုင်နေကြတဲ့ မြန်မာနိုင်ငံသားများဆိုတဲ့အပိုင်းနဲ့ ဒုတိယအပိုင်း ကတော့ ၎င်းတို့ကို သက်ဆိုင်ရာအလုပ်ရှင်က ဥပဒေမဲ့ခိုင်းစေ၊ အနိုင်ကျင့်၊ စော်ကား၊ နှိပ်စက်တာကို အစိုးရချင်း ညှိနှိုင်းပြီးတော့မှ အမြန်ဆုံးအကူအညီပေးဖို့ဆိုတဲ့အပိုင်းဖြစ်ပါတယ်။ အဆိုရှင်ရဲ့ပထမ အပိုင်းကို Neglect လုပ်ထိုက်ပါတယ်။ တကယ်တော့ ပြည်တွင်းမှာ အလုပ်အကိုင်ဖန်တီးပေးရေးနဲ့ ထိုက်တန်တဲ့ လုပ်ခလစာရရှိအောင် ဆောင်ရွက်ပေးရေးဟာ ဒီအဆိုရဲ့ Root Cause ပဲဖြစ်ပါတယ်။ အစိုးရကိုတိုက်တွန်းတဲ့အခါမှာ ဒီအရေးကြီးတဲ့အဆိုက မပါဘူးဖြစ်နေပါတယ်။ သမိုင်းဆိုတာ တကယ်တော့ တစ်ကျော့ပြန်လည်တဲ့သဘောရှိပါတယ်။ စစ်ကြိုခေတ်ကာလတွေတုန်းက မြန်မာနိုင်ငံ မှာ 3D အလုပ်တွေကို တိုင်းတစ်ပါးသားတွေပဲ လာရောက်လုပ်ကိုင်တာကို မှတ်မိဦးမှာပါ။ ယခုလည်း ကျွန်တော်တို့ မြန်မာအများစုဟာ 3D အလုပ်တွေကို ပြည်ပနိုင်ငံတွေမှာ သွားရောက်လုပ်ကိုင်ကြတာ သမိုင်းတစ်ပတ်လည်တယ်လို့ပဲ စိတ်မကောင်းစွာနဲ့ နားလည်ပါတယ်။ ဒါတွေကို ဖြေရှင်းချင်ရင် ကြိုးစားရမယ်၊ ညီညွတ်ရမယ်။ FDI တွေဖိတ်ခေါ်ပြီးတော့မှ Job Creation တွေ ဆောင်ရွက်ပေးရ မယ်။ အထူးသဖြင့် Labor Intensive FDI တွေကို ဦးစားပေးခေါ်ယူဖို့ လိုပါတယ်။ FDI လာဖို့ အကန့် အသတ်ဖြစ်နေတဲ့ US Sanction Wave လုပ်ဖို့အတွက် အစိုးရကိုတိုက်တွန်းတဲ့အဆိုကို လွှတ်တော် ကိုယ်စားလှယ်အများစုက ကန့်ကွက်ခဲ့တာကိုလည်း ကျွန်တော်တို့က သတိရနေဦးမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့အစိုးရကာလမှာ EU Sanction Wave လုပ်ပေးတယ်။ GSP ပေးတယ်။ ယခုအစိုးရကာလမှာ လည်း U.S Sanction Wave လုပ်ပေးဖို့ရှိတယ်။ GSP ပေးမယ်လို့ ပြောတယ်။ ဒါ အစိုးရနှစ်ရပ်လုံးရဲ့ လုပ်ဆောင်ချက်တွေကို ကျွန်တော်က ကျေးဇူးတင် အသိအမှတ်ပြုရမှာဖြစ်ပါတယ်။ Investor Friendly ဖြစ်တဲ့ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးဖို့ဆိုတာ Policy တွေကို အခုတစ်မျိုး၊ တော်ကြာတစ်မျိုး လုပ်လို့မရပါဘူး။ ပြည်တွင်းလုပ်ငန်းရှင်တွေကို အကာအကွယ်ပေးဖို့ တစ်ခုတည်းကိုပဲ ဦးတည် စဉ်းစားလို့မရဘူးလို့ပဲ မြင်ပါတယ်။ ဥပမာအားဖြင့် ဘဏ်လုပ်ငန်းပဲဖြစ်ပါတယ်။ ဘယ်လိုအကြောင်း ကြောင့်ပဲဖြစ်ဖြစ် ပြည်ပကိုထွက်ပြီးလုပ်တဲ့သူတွေဟာ သူတို့ရဲ့ကာယ၊ ဉာဏအားနဲ့ Service ပေးတာပဲ ဖြစ်ပါတယ်။

**မူကြမ်း**

ဒုတိယအပိုင်းကို ဆက်လက်ပြီးတော့ တင်ပြပါ့မယ်။ အလုပ်သမားအချို့ဟာ အခွင့်အလမ်းပိုကောင်းတဲ့နိုင်ငံတွေကို သွားရောက်လုပ်ကိုင်နေကြတယ်။ တရားဝင်သွားရောက်မှသာ တရားဝင်အလုပ်သမား ဖြစ်ပါမယ်။ တရားမဝင်သွားရင်တော့ တရားမဝင်အလုပ်သမားပဲဖြစ်ပြီးတော့မှ နှိပ်စက်၊ စော်ကားခံ နေရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း အစိုးရအဆက်ဆက်က ပြည်ပရောက် မြန်မာအလုပ်သမားတွေကို တရားဝင်ဖြစ်ဖို့အတွက် ကြိုးစားခဲ့ပါတယ်။ ပြည်ပနိုင်ငံတွေထဲမှာတော့ ထိုင်းမှာ သုံးသန်းခွဲ၊ မလေးရှားမှာ ငါးသိန်းနဲ့ စင်ကာပူမှာတစ်သိန်းခွဲခန့် ရှိနေကြပါတယ်။ ထိုင်းမှာရှိတဲ့အလုပ်သမားတွေ တရားဝင်ဖြစ်ဖို့အတွက် ၂၀၀၄ ခုနှစ်ကနေ ၂၀၀၈ ခုနှစ်ကြားထဲမှာပဲ အစိုးရချင်းညှိနှိုင်းပြီးတော့မှ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်မှာ Process ကို လက်တွေ့ဆောင်ရွက်နိုင်ခဲ့ပြီးတော့မှ မြန်မာ ၁.၈ သန်းကို တရားဝင်ဖြစ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ မလေးရှားမှာလည်း အလားတူပါပဲ။ 6 D Program အရ ၂၀၁၁ ခုနှစ်က မြန်မာအလုပ်သမားတစ်သိန်းကျော်ကို တရားဝင်ဖြစ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ မလေးရှားနိုင်ငံမှာ အော်ပရာဆီလို့ခေါ်တဲ့ ရှောင်တခင်စစ်ဆေးမှုတွေမှာ အဖမ်းခံရတဲ့ မြန်မာအလုပ်သမားအကျဉ်းသား ၁၀၀၀၀ ကျော်ကိုလည်း ၂၀၀၉ ခုနှစ်က အစိုးရချင်းညှိနှိုင်းပြီးတော့မှ မြန်မာနိုင်ငံကိုပြန်ခေါ်ခဲ့ဖူးပါတယ်။ အလားတူပဲ အခုရက်ပိုင်းမှာပဲ မြန်မာအကျဉ်းသား ၁၄၀ ကို Mother construction and Cooperation Sponsorship နဲ့ ပြန်ခေါ်တဲ့သတင်းကို ဖတ်လိုက်ရပါတယ်။ သံရုံးအလုပ်ရှင်များနှင့် ပတ်သက်သူများအားလုံးကို ကျေးဇူးတင်ပါတယ်။ အခု သူတို့ခေါ်တာ စုစုပေါင်း ၁၂၀၀ ကျော်ရှိပြီလို့လည်း သိရပါတယ်။ ဆက်၍လည်း ကျွန်တော်တို့ လုပ်ရဦးမှာဖြစ်ပါတယ်။ ဒါဆိုရင် မြန်မာနိုင်ငံသားတွေကို ဘာကြောင့် အဖိနှိပ်ခံနေရသလဲလို့ ကျွန်တော်တို့ မေးစရာရှိပါတယ်။ ဥပမာတစ်ခု တင်ပြချင်ပါတယ်။ ရန်ကုန်မှာ အလုပ်သမား သုံးသန်းကျော်ပဲရှိတယ်။ ဒါပေမဲ့ ကျွန်တော်တို့ လုံလောက်အောင် အကူအညီမပေးနိုင်ဘူးဆိုတာ အင်းဝကိစ္စက သက်သေပြလျက်ရှိပါတယ်။ ထိုင်းမှာ အလုပ်သမား သုံးသန်းကျော်ရှိတယ်။ ကျွန်တော်တို့ သံရုံးတစ်ခုတည်းနဲ့ လုပ်ဖို့ဆိုတာကတော့ ယေဘုယျအားဖြင့် မဖြစ်နိုင်ဘူးလို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။ ဒါတွေအားလုံးကိုလည်း ကျွန်တော်တို့ အစိုးရအဆက်ဆက် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ လက်ရှိအစိုးရကာလမှာလည်း ဆောင်ရွက်နေမယ်ဆိုတာ ကျွန်တော်တို့က ယုံကြည်ပါတယ်။ ဒီမိုကရေစီယန္တရားကြီးကလည်း ဝန်ကြီးတွေကို Support လုပ်မယ်လို့ ယုံကြည်ပါတယ်။ ပြည်ပမှာရှိတဲ့ မြန်မာအလုပ်သမားအချို့ ပြဿနာပေါ်တာနဲ့ပဲ အစိုးရကို Push လုပ်ဖို့ မသင့်ဘူးလို့ မြင်ပါတယ်။

**မူကြမ်း**

ဒါကြောင့် နိဂုံးချုပ်အားဖြင့် တင်ပြချင်တာကတော့ ပြည်တွင်းမှာ အလုပ်အကိုင်ဖန်တီးပေးရေးနဲ့ Labor Right အပြည့်အဝရရှိရေးကို ဦးစားပေးဆောင်ရွက်သင့်ပါတယ်။ တရားမဝင်သွားရောက်ပြီးတော့မှ လုပ်ကိုင်နေသရွေ့ကတော့ အနိုင်ကျင့်ခံရမှုသံသရာထဲမှာ ရှိနေဦးမှာပါ။ ဒါကြောင့် ပြည်ပကိုသွားပြီး အလုပ်လုပ်မယ့်လူငယ်တွေကို Educate လုပ်ရပါမယ်။ တရားဝင်သွားရောက်လုပ်ကိုင်ရာမှာလည်း Skill Labor တွေပါ။ Semi- Skill Labor တွေဖြစ်အောင် Vocational Training School တွေများများဖွင့်လှစ်ပေးဖို့ ဖြစ်ပါတယ်။ ၂၀၀၇ ခုနှစ်က အာဆီယံခေါင်းဆောင်တွေ ဖိလစ်ပိုင်နိုင်ငံ စီဗူး မှာ လက်မှတ်ရေးထိုးခဲ့တဲ့ ASEAN declaration on the protection and promotion of right of Migrant Worker ကို Instrument တစ်ခုအနေနဲ့ အသုံးပြုဖို့ လိုပါတယ်။ ထိုင်းနိုင်ငံမှာရှိတဲ့ NGO အဖွဲ့အစည်းတွေ ဖြစ်တဲ့ ဦးကျော်သောင်းတို့ရဲ့ MAT၊ ဦးရဲမင်း၊ ဦးခံကြည်တို့ရဲ့ AAC၊ ဦးမိုးကြိုးရဲ့ JACP ဦးစိန်းဌေးတို့ရဲ့ WRN၊ ဦးစောခူရဲ့ ဘန်ကောက်အလုပ်သမားအဖွဲ့နဲ့ ဦးထူးချစ်ရဲ့ ပညာရေးဖွံ့ဖြိုးရေးဖောင်ဒေးရှင်း စသည်တို့နဲ့ပူးပေါင်းပြီးတော့မှ မြန်မာအလုပ်သမားတွေရဲ့ အကျိုးစီးပွားကို ကာကွယ်ပေးဖို့လိုတယ်လို့လည်း ကျွန်တော် တင်ပြလိုပါတယ်။ နိဂုံးချုပ်အားဖြင့်ကတော့ အစိုးရရှင်ရဲ့ တောင်းဆိုနေတဲ့စေတနာကို အသိအမှတ်ပြုသော်လည်း နိုင်ငံတော်အစိုးရအဆက်ဆက်ရဲ့ လက်တွေ့ဆောင်ရွက်မှုတွေကို သိရှိမှု၊ နားလည်မှုအားနည်းနေတယ်လို့ ရှုမြင်ပြီးတော့မှ မထောက်ခံပါကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ စေတုတ္တရာမဲဆန္ဒနယ်က ဦးကျော်အောင်လွင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာပဲဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကြာသေးမီက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ထိုင်းနိုင်ငံခရီးစဉ်မှာ အလုပ်သမားများအရေးဆွေးနွေးခဲ့တာတွေ သဘောတူစာချုပ်တွေနဲ့ နားလည်မှုစာချွန်လွှာတွေ လက်မှတ်ထိုးခဲ့တာတွေကိုလည်း အထူးပဲကြိုဆိုအပ်ပါတယ်။ ရေရှည်အတွက်တော့ ပြေလည်နိုင်တဲ့ ကောင်းတဲ့လမ်းစပဲလို့ မျှော်လင့်လို့ရပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံသားတွေကို ကာကွယ်မှုပေးတဲ့ လူမှုပတ်ဝန်းကျင်ကောင်းတစ်ခုရှိဖို့ လိုအပ်ပါတယ်။ ဒီရောက်နေတဲ့သူတွေအနေနဲ့ စိတ်ချလုံခြုံမှုတွေပေးတာမျိုးလိုအပ်တာကို ကျွန်မသတိထားမိတယ်။

ကျွန်မတို့က ပစ်ထားမှာမဟုတ်သလို လျစ်လျူရှုထားမှာလည်းမဟုတ်ပါဘူးဟု အမေစုက ပြောခဲ့တဲ့ အတွက်လည်း အားတက်စရာဖြစ်ရပါတယ်။ သို့သော်လည်း အမေစုသွားရောက်စဉ်မှာ အလုပ်သမား များနဲ့ မှန်မှန်ကန်ကန်တွေ့ခွင့်မရခဲ့တာ ပြန်လာပြီးနောက် အဖမ်းခံရတာတွေ၊ အလုပ်ဖြုတ်ခံရတာတွေ စက်တင်ဘာလကုန်ကနေပြီးတော့ ဒီဇင်ဘာလကုန်အထိကို အထူးစစ်ဆေးမှုတွေပြုလုပ်ကြရလို့လည်း အလွန်စိုးရိမ်မိပါတယ်။ လေးသန်းခန့်ရှိတဲ့ အလုပ်သမားများအနက် အများစုဟာ တရားဝင်မှတ်ပုံတင် မရှိဘဲလုပ်နေကြတာပါ။ ပုန်းလျှိုကွယ်လျှိုနဲ့ ကျီးလန့်စာစားနေကြရတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ လူဦးရေဟာ ၅၂ သန်းရှိပါတယ်။ ထိုင်းနိုင်ငံမှာအလုပ်လုပ်တဲ့ ရွှေ့ပြောင်းအလုပ်သမားဦးရေက လေးသန်းခန့်ရှိကြောင်း သိရပြီးတော့ ကိုးရီးယား၊ စင်ကာပူ၊ ဂျပန်၊ ဆော်ဒီ၊ ဂျော်ဒန်စတဲ့ နိုင်ငံတွေပေါင်းလို့ရှိရင် ခြောက်သန်းခန့်ရှိမယ်လို့ မှန်းဆရပါတယ်။ ဒါဟာ မြန်မာ့လူဦးရေရဲ့ ၁၀ သန်းကျော်ရှိပါတယ်။ ဒီသန်းနဲ့ချီတဲ့ ပြည်ပရောက်အလုပ်သမားတွေဟာလည်း မြန်မာပြည်မှာရှိတဲ့ သန်းနဲ့ချီသောမိသားစုတွေကို သူတိုရဲ့ချွေးနှဲစာနဲ့ ပြန်ပို့ထောက်ပံ့ကြတာ ဖြစ်ပြီးတော့ မြန်မာပြည်သူတစ်ရပ်လုံးအတွက် နိုင်ငံခြားငွေရှာပေးနေကြတာလည်း ဖြစ်ပါတယ်။ အဲဒီငွေတွေကို အကြမ်းဖျင်း ကိန်းချတွက်ကြည့်မယ်ဆိုရင် ဝင်ငွေအနည်းဆုံးဖြစ်တဲ့ ထိုင်းနိုင်ငံရောက် အလုပ်သမားတစ်ဦးမှာ တစ်လကို အမေရိကန်ဒေါ်လာ ၂၅၀ ကနေပြီးတော့ ၃၀၀ လောက်ထိ ရကြပါ တယ်။ မြန်မာပြည်က မိသားစုကိုပြန်ပို့တာက တစ်လကို ဒေါ်လာ ၈၀ မှ ၁၀၀ ခန့်ရှိပြီးတော့ တစ်နှစ်ကို ဒေါ်လာ ၁၀၀၀ ခန့်အထိ ပြန်ပို့ကြတာရှိပါတယ်။ ပြည်ပရောက်အလုပ်သမား ခြောက်သန်းခန့်နှင့် မြှောက်ကြည့်မယ်ဆိုလို့ရှိရင် သန်းပေါင်း ၆၀၀၀ ခန့်ရှိမှာဖြစ်ပါတယ်။ ဒီငွေတွေဟာ ပြည်တွင်းကို ပြန်စီးဝင်နေတာ ဒါဟာ အနိမ့်ဆုံးတွက်ကြည့်တာဖြစ်ပါတယ်။ ဒီလောက်များပြားတဲ့ နိုင်ငံခြားငွေ ရှာပေးနေသူ ပြည်ပရောက်အလုပ်သမားတွေကို အလွန်ပဲကျေးဇူးတင်ထိုက်ပြီး သူတို့ရဲ့ လုံလုံခြုံခြုံ စိတ်ချမ်းသာစွာ အလုပ်လုပ်နိုင်ဖို့ ကျွန်တော်တို့က နည်းမျိုးစုံနဲ့ အကာအကွယ်ပေးရန် အထူးပဲ လိုအပ်လှပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၀ ကိုတော့ ကိုယ်စားလှယ်တော်ကြီးများ ကိုးကား သွားကြပါတယ်။ အလားတူပဲ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄ မှာ အလုပ်သမားများ၏ အခွင့်အရေး များကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများပြဋ္ဌာန်းဆောင်ရွက်ရမည်ဟု ဖော်ပြထားသလို ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၂၃ မှာ တရားမျှတ၍ အဆင်ပြေမှုရှိသော လုပ်ငန်းခွင် အခြေအနေများ ရပိုင်ခွင့်၊ လူ့ဂုဏ်သိက္ခာနှင့် ထိုက်တန်သော ဘဝရပ်တည်မှုကို အာမခံနိုင်မည့် အခကြေးငွေ၊ ရပိုင်ခွင့်နှင့် လူမှုရေးအကာအကွယ်စောင့်ရှောက်မှုများရရန်လိုအပ်သည်လို့ ဖော်ပြထား

ပါတယ်။ ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေနှင့် အခြားအလုပ်သမားဆိုင်ရာဥပဒေတွေကိုလည်း ပြန်လည်သုံးသပ်ပြီးတော့ ပြင်ဆင်ဖို့ လိုအပ်မယ်လို့ တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မလေးရှားမှာ ယာဥ်တိုက်သေဆုံးသွားတဲ့ မောင်လင်းအောင် နစ်နာကြေး၊ အသက်အာမခံကြေး၊ လျော်ကြေးအတွက်ကို ပြီးခဲ့တဲ့လွှတ်တော်မှာ ကျွန်တော်တင်ပြခဲ့ဖူးပါတယ်။ သို့သော်လည်း သုံးနှစ်လောက်ကြာတဲ့အထိ အခုထိ အဆင်ပြေစွာမဆောင်ရွက်ပေးနိုင်သေးပါ။ မောင်လင်းအောင်ကဲ့သို့ပဲ ဒီနစ်နာတဲ့လူတွေအများကြီးရှိနိုင်တယ်လို့လည်း ယူဆရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံအများအပြားမှာရောက်နေကြတဲ့ မြန်မာရွှေ့ပြောင်း အလုပ်သမားများအရေး ဆောင်ရွက်တဲ့အခါ သံရုံးတွေမှာ လုံလောက်နိုင်နင်းတဲ့ ဝန်ထမ်းအင်အားလည်းရှိဖို့နဲ့ လိုအပ်တဲ့ ဘတ်ဂျက်ငွေကိုလည်း သတ်မှတ်သုံးစွဲရန်လိုအပ်ပြီးတော့ စွမ်းဆောင်ရည်ပြည့်ဝတဲ့ ဝန်ထမ်းများနဲ့ အကျင့်ဟောင်း အညွှင်းဆိုးတွေ Mindset တွေကိုပြောင်းဖို့လည်း လိုအပ်ပါမယ်။ ပြည်သူကို ကူညီကာကွယ်တဲ့ ပြည်သူ့ဝန်ထမ်းကောင်းများဖြစ်ရန် လေ့ကျင့်ပေးရန်နှင့် များပြားလှတဲ့အကြောင်းအရာတွေကို အစိုးရတစ်ခုတည်းနဲ့ဆောင်ရွက်လို့ ပြီးမြောက်မှာမဟုတ်ပါဘူး။ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သလို လိုအပ်လှပါကြောင်း တင်ပြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ပရွှေ့ပြောင်းအလုပ်သမားများအရေးပြောရင် စစ်ဘေးရှောင်ဒုက္ခသည်များအရေးကိုလည်း ချန်ထားဖို့မသင့်ပါဘူး။ အိမ်၊ ယာ၊ ရွာမရှိတော့ဘဲနဲ့ လင်သေသားဆုံးဘဝနဲ့ ဆယ်စုနှစ်ချီပြီး တစ်ပါးနိုင်ငံမှာခိုလှုံနေကြရပါတယ်။ ခါးသီးဆိုးရွားတဲ့ ဘဝနာကို ရင်ဆိုင်နေကြရတာပါ။ အရင်းစစ်တော့ အမြစ်မြေကဆုံသလို ဒါတွေဟာ အတိတ်က နှစ်ပေါင်းများစွာမှားယွင်းစွာ အုပ်ချုပ်ခဲ့တဲ့စနစ်ဆိုးရဲ့ ဒဏ်ရာဒဏ်ချက်အနာတရတွေပဲဖြစ်ပါတယ်။ ဒီရောဂါအတွက် အကောင်းဆုံးဆေးနည်းက အမျိုးသားပြန်လည်သင့်မြတ်ရေးပဲဖြစ်ပါတယ်။ တိုက်ခိုက်မှုတွေအမြန်ရပ်ပြီး ၂၁ ရာစုပင်လုံမှာ။

**ဥက္ကဋ္ဌ**။ ။ အဆိုနဲ့ပတ်သက်တာပဲ တိုက်ရိုက်ဆွေးနွေးပါ။

**ဦးမြင့်ဦး(သနပ်မဲဆန္ဒနယ်)**။ ။ ဒါမှသာ ပြည်ပရွှေ့ပြောင်းအလုပ်သမားများနှင့် စစ်ဘေးရှောင်ဒုက္ခသည်များဟာ အကောင်းဆုံးဖြေရှင်းနိုင်မှာဖြစ်ကြောင်းနှင့် ဦးကျော်အောင်လွင်ရဲ့ အဆိုကို --------။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးအင်ထုံးခါးနော်ဆမ်(မြစ်ကြီးနားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များ ခင်ဗျား။ ကျွန်တော်ကတော့ မြစ်ကြီးနားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအင်ထုံးခါးနော်ဆမ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စေတုတ္တရာမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စား လှယ် ဦးကျော်အောင်လွင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လူ့ရဲ့ စိတ်သဘောသဘာဝသည် မိမိနေထိုင်ရာ ပတ်ဝန်းကျင်အခြေအနေနှင့် အခြားတစ်ဖက်ရဲ့အခြေအနေ ပေါ်မူတည်ပြီး အမြင်စိတ်ခံစားမှု ပြောင်းလဲလာတတ်တဲ့သဘောရှိသလို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ကောင်း ကောင်းနေ ကောင်းကောင်းစား တိုက်နဲ့ တာနဲ့ ကားနဲ့ အရိပ်အောက်မှာ ဇိမ်နဲ့နေချင်လိုကြတဲ့ လူတွေ ရဲ့စိတ်ကူးယဉ်မှုဟာ လူတိုင်းအတွက် ဖြစ်လာနိုင်တဲ့ကိစ္စတော့မဟုတ်။ ဒါပေမဲ့ ဖြစ်ချင်တဲ့ဆန္ဒ၊ မျှော်လင့်ချက်နဲ့ မိမိနေရပ်ပတ်ဝန်းကျင်ကို စွန့်ခွာဖောက်ထွက်ရုန်းကန်ကြိုးစားရင်း အောင်မြင်သူတွေ ရှိသလို မအောင်မြင်ဘဲ ဒုက္ခပင်လယ်ဝဲဂယက်ထဲမှ ရုန်းမထွက်နိုင်၊ တချို့ကျပြန်တော့လည်း သူတစ်ပါး ရဲ့လက်ချက်ကြောင့် မရှုမလှသေဆုံးသွားတဲ့သူတွေ ဒုနဲ့ဒေး။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာ နိုင်ငံရဲ့ပထဝီအနေအထားဟာ ရေခံမြေခံ၊ တောတောင်ရေမြေ၊ စိမ့်စမ်း၊ သဘာဝအလှနှင့် မြေပေါ် မြေအောက်သယံဇာတ ပေါကြွယ်ဝတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါလျက်နဲ့ ဘာကြောင့်များ မြန်မာနိုင်ငံသား တွေ နိုင်ငံပြင်ပထွက်နေကြတာလဲ။ အားလုံးသိကြတဲ့အတိုင်း တိုင်းပြည်ဟာအခုအချိန်အထိ ငြိမ်းချမ်းမှု မရှိ၊ စစ်ပွဲများသာဖြစ်နေ၊ စစ်ရဲ့လွတ်ရာထွက်ပြေးတိမ်းရှောင်ရင်း ပြည်ပနိုင်ငံသို့ ရောက်သွားရ ခြင်း၊ နောက်ပြီး အစိုးရအဆက်ဆက် နိုင်ငံသားများရဲ့ လူသားအရင်းအမြစ်ကို တန်ဖိုးထားဖော်ထုတ် အားပေးမှုမရှိခြင်း၊ ငါနှင့် ငါ့အသိုင်းအဝိုင်းသာ ကြီးပွားချမ်းသာရေးဆောင်ရွက်နေခြင်း၊ တော်သူတတ် သူမပေါ်ပေါက်ရေးမူနှင့် ပညာရေးအဆင့်အတန်းနိမ့်ကျလာခြင်းတို့ကြောင့်လည်းကောင်း၊ နောက် တစ်ချက် နိုင်ငံကိုအုပ်ချုပ်ခဲ့တဲ့သူပုဂ္ဂိုလ်များရဲ့ နိုင်ငံသားများအပေါ်ထားရှိတဲ့ ခံယူချက်၊ လုပ်ဆောင် ချက်များ မှားယွင်းနေခြင်း ဒါတွေကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာမှ နိုင်ငံတော်အစိုးရအား ဒဏ်ခက်ပိတ်ဆို့ အရေးယူထားတဲ့အတွက်ကြောင့် ပြည်ပနိုင်ငံမှရင်းနှီးမြှုပ်နှံမှုမဝင်လာ။ ဒါကြောင့် အလုပ်အကိုင်ရရှိမှု ပိုမိုခက်ခဲခြင်း၊ နောက်ပြီး ဆင်းရဲတဲ့နိုင်ငံတစ်နိုင်ငံဖြစ်နေရခြင်း၊ လယ်ယာမြေ အဓမ္မသိမ်းယူခံရခြင်း၊ ပြည်တွင်းလုပ်ငန်းရှင်များရဲ့ လုပ်အားခနည်းပါးနေမှု စသည့်အကြောင်းများ ကြောင့် ပြည်ပနိုင်ငံသို့ထွက်ပြီး အလုပ်လုပ်ကိုင်နေကြရခြင်းဖြစ်တယ်ဆိုတာကို တင်ပြဆွေးနွေးလိုပါ တယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုမျိုးပြဿနာတွေကြောင့် မြန်မာနိုင်ငံသားအများဟာ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဂျပန်နှင့် အမေရိကန်နှင့် တရုတ်နိုင်ငံများသို့ထွက်ပြီး အလုပ်သွားလုပ်နေကြရခြင်းဖြစ်တယ်။ အဲဒီနိုင်ငံများထဲမှ အဆိုရှင်၏တင်ပြချက်၌ပါသော မတရားလုပ်ရပ်ပြုကျင့်မှုအများဆုံးပြုလုပ်တဲ့နိုင်ငံများဟာ ထိုင်း၊ မလေးရှား၊ တရုတ်၊ စင်ကာပူနိုင်ငံတွေဖြစ်တယ်။ အဲဒါကို ကျွန်တော်တို့အားလုံး အသိပဲဖြစ်သလို ပြည်တွင်းမှာလည်းပဲ ထိုဖြစ်စဉ်ပြဿနာမျိုး နေရာအနှံ့၌ ဖြစ်ပျက်နေတယ်ဆိုတာကိုလည်း လွှတ်တော်ကိုယ်စားလှယ်တိုင်း ကြားသိကြမှာပါ။ ဒါဟာ တရားဥပဒေစိုးမိုးရေးအားနည်းနေတယ်ဆိုတာကို ပြတဲ့သဘောလို့ တင်ပြဆွေးနွေးလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၆ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ နိုင်ငံတွင်းနှင့် နိုင်ငံပြင်ပသို့ လူကုန်ကူးခြင်းခံရမှု ပြည်တွင်း၌ ၁၇၄ မှု၊ ပြည်ပတရုတ်နိုင်ငံ ၉၃၅ မှု၊ မလေးရှား ၂၇ မှု၊ ထိုင်းနိုင်ငံ ၁၅၉ မှုရှိခဲ့ကြောင်း ဒါတွေက သိလိုက်တဲ့အမှုတွေဖြစ်ပြီး မသိလိုက်တဲ့ လူကုန်ကူးမှုခံရမှုများစွာရှိနိုင်ပါကြောင်း တင်ပြဆွေးနွေးလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုမျိုးမိမိနိုင်ငံသားတွေရဲ့ ဘဝလုံခြုံမှုမရှိ၊ ပြဿနာပေါင်းစုံ စည်းမဲ့ကမ်းမဲ့ ဖြစ်နေခြင်းကို တစ်ဖက်အိမ်နီးချင်းနိုင်ငံများက အခွင့်ကောင်းယူကာ အထင်အမြင်သေးပြီး စော်ကားနှိပ်ကွပ်ခြင်းကို ၎င်းတို့နိုင်ငံ၌ မြန်မာနိုင်ငံသားများ အလူးအလဲခံနေရခြင်းအတွက် အကာအကွယ်ပေးတဲ့နိုင်ငံတော်အစိုးရ၌များစွာတာဝန်ရှိကြောင်း တင်ပြဆွေးနွေးလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်နိုင်ငံနှင့်တစ်နိုင်ငံချိတ်ဆက်ဆက်ဆံရာ၌ နိုင်ငံတော်အစိုးရမှ သံအမတ်များကို ခန့်အပ်တာဝန်ပေးရသလို ၎င်းသံအမတ်များသည် နိုင်ငံတော်အစိုးရ၏ကိုယ်စားဖြစ်ပြီး နှစ်နိုင်ငံအကျိုးဆက်ဆံရေးဆောင်ရွက်ရန် တာဝန်သာမကဘဲ မိမိနိုင်ငံမှရောက်ရှိလာသော နိုင်ငံသားတိုင်းကိုလည်း အကာအကွယ်ပေးရန်၊ အကူအညီပေးရန်တာဝန်ရှိကြောင်း တင်ပြဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် ဦးကျော်အောင်လွင် တင်ပြသည့်ပြဿနာဖြေရှင်းရေးအတွက်သည် ၎င်းသံအမတ်တို့အပေါ်၌ များစွာမူတည်ပါသဖြင့် နိုင်ငံတော်အစိုးရမှ တာဝန်ပေးခန့်အပ်မည့်သံအမတ်များသည် မိမိနိုင်ငံသားများအပေါ် ငါ့သွေး၊ ငါ့သား၊ ငါ့နိုင်ငံသား၊ ငါအကာအကွယ်ပေးရမည်၊ ငါ့မှာတာဝန်ရှိသည်ဟူသော ခံယူချက်ရှိသူများကို ရွေးချယ်ခန့်အပ်ရမည်။ ဒါမှမဟုတ် ညွှန်ကြားချက်အမိန့်ထုတ်ပြီး အကာအကွယ်ခိုင်းစေရမည်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ပနိုင်ငံ၌ မြန်မာနိုင်ငံသားများ ဥပဒေမဲ့ပြုကျင့်ခံရမှုကို ကြုံခဲ့ရသော်လည်း အရင်အစိုးရမှ ကူညီဖြေရှင်းပေးခြင်းမျိုးအားနည်းမှုရှိခဲ့သဖြင့် ယခုအစိုးရသစ်သည် ပြည်သူဘက်ရပ်သော အစိုးရဖြစ်လာပြီဖြစ်တဲ့အတွက် ယခင်အစိုးရလူကြီးပုဂ္ဂိုလ်များ ဘယ်လိုပဲလုပ်ခဲ့လုပ်ခဲ့၊ သူတို့ရဲ့အားနည်းချက်၊ လုပ်ဆောင်ချက်များကို

**မူကြမ်း**

လက်ဆင့်မကမ်း အနာဂတ်နိုင်ငံနှင့်ပြည်သူအကျိုး၊ ပြည်သူကို အကာအကွယ်ပေးဖို့ ဒို့လွှတ်တော် ကိုယ်စားလှယ်အားလုံး အတွေးသစ်၊ အမြင်သစ် လက်တွဲညီညီ ဆောင်ရွက်သွားကြပါစို့လို့ တင်ပြ ဆွေးနွေးရင်း စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်ရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံအပ် ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးတင်အောင်ဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးတင်အောင်ဝင်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့ အစည်းဝင်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးတင်အောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စေတုတ္တရာ မဲဆန္ဒနယ်မှ ဦးထွန်းအောင်လွင် တင်သွင်းသည့်အဆိုအား အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုနိုင်ပါရန်တင်ပါအပ်ပါတယ်။ မြန်မာနိုင်ငံရဲ့အလုပ်လုပ်ကိုင်နိုင်သော လူဦးရေခန့်မှန်းခြေ ၁၀ ရာခိုင်နှုန်းခန့်ဟာ နိုင်ငံရပ်ခြားမှာ အလုပ်လုပ်ကိုင်ဖို့အတွက်ရည်ရွယ်ချက်နှင့် နယ်စပ်ဖြတ်ကျော်ပြီး နိုင်ငံပြင်ပတွင်ရောက်ရှိနေကြတာဖြစ်ပါတယ်။ တရားမဝင်ရွှေ့ပြောင်းလုပ်သား များဟာ ဒေသခံလုပ်သားများရရှိသော လုပ်အားခထက်နည်းသော လုပ်ခနှင့်အခွင့်အရေးများ ဆုံးရှုံး နေသည့်အပြင် မတရားစေခိုင်းခံရခြင်း၊ ကြွေးမြီဖြင့်စေခိုင်းခံရခြင်း၊ အနိုင်အထက်ပြုကျင့်ခံရခြင်းနှင့် လုပ်ငန်းခွင်တွင် လုပ်အားခခေါင်းပုံဖြတ်ခံရခြင်းစတဲ့ မတရားမှုများကို တွေ့ကြုံနေရပါတယ်။

နိုင်ငံတော်အနေနဲ့လည်း အထူးဦးစားပေးလုပ်ငန်းတစ်ရပ်အနေနဲ့ ရွှေ့ပြောင်းလုပ်သားအကာ အကွယ်ပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေကြောင်း တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံရဲ့ လုပ်သား အင်အားရွှေ့ပြောင်းခြင်းဆိုင်ရာ အကြောင်းအရင်းများထဲမှာ ဆင်းရဲမွဲတေမှု၊ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးမှု၊ လုံလောက်သောအခကြေးငွေမရရှိမှု၊ နေရင်းဒေသမလုံခြုံမှုတို့ကိုလည်း ပါဝင်နေကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ရွှေ့ပြောင်းလုပ်သားများအား ကာကွယ်စောင့်ရှောက်နိုင်ရန် အတွက် အလုပ်သမားသံမှူးရုံးတွေကို ထိုင်း၊ တောင်ကိုရီးယားနဲ့ မလေးရှားနိုင်ငံတွေမှာ ၂၀၁၂ ခုနှစ်မှ စပြီး ထားရှိဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါတယ်။ အလုပ်သမားသံမှူးရုံးအနေဖြင့် အလုပ်သမား များကို သတင်းအချက်အလက်များ ထောက်ပံ့ပေးခြင်းနှင့် အလုပ်သမားများအငြင်းပွားမှုများအတွက်

ဥပဒေရေးရာအကူအညီပေးခြင်းများအပါအဝင် အလုပ်သမားများ နှစ်သိမ့်ဆွေးနွေးဝန်ဆောင်မှုများ သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရွှေ့ပြောင်းအလုပ်သမားများရဲ့ လုပ်ငန်းခွင်အခြေအနေစောင့်ကြည့်လေ့လာခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါတယ်။ ယခုအခါ မြန်မာနိုင်ငံမှာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကြောင့် ရွှေ့ပြောင်းလုပ်သားများဟာ နိုင်ငံသို့ ပြန်လာရန်စောင့်မျှော်နေကြပါတယ်။ နေရပ်ပြန်ရွှေ့ပြောင်းလုပ်သားများရဲ့ ကျွမ်းကျင်မှုအရည်အချင်းများကို မြန်မာနိုင်ငံရဲ့ စီးပွားရေးကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြန်လည်အသုံးချရန် နိုင်ငံတော်အနေနဲ့ ထိရောက်သော၊ သေချာသောမူဝါဒ၊ အလုပ်အကိုင်အခွင့်အလမ်းများ ချမှတ်အကောင်အထည်ဖော်ပေးရန်လိုအပ်ပါတယ်။

နိုင်ငံပြင်ပမှာရောက်ရှိနေကြသော ရွှေ့ပြောင်းလုပ်သားဒုက္ခသည်များကို နိုင်ငံတော်အစိုးရနှင့် အသင်းအဖွဲ့များပူးပေါင်းပြီး ကူညီကယ်တင်ဆောင်ရွက်ပေးလျက်ရှိရာ မလေးရှားနိုင်ငံမှာရှိတဲ့ ထိန်းသိမ်းရေးစခန်း ၁၁ ခုမှာ အကြောင်းအမျိုးမျိုးကြောင့်ရောက်ရှိနေတဲ့ ထိန်းသိမ်းခံနေရတဲ့မြန်မာနိုင်ငံသား ၂၂၉၄ ဦးအား ကမ္ဘောဇ၊ အနာဂတ်အလင်းတန်း၊ မြန်မာဖောင်ဒေးရှင်း၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့နှင့်ပူးပေါင်းပြီးတော့ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ၎င်းတို့အနက်မှ နေရပ်ပြန်အခက်အခဲရှိသူ ၄၀၀ ဦးကျော်အား တပ်မတော်အစီအစဉ်ဖြင့် ၂၀၁၆ ခုနှစ် ဩဂုတ်လ တတိယပတ်မှစတင်ပြီး MAI စင်းလုံးငှားလေယာဉ်ဖြင့် မိမိနိုင်ငံသို့သုံးခေါက်အခမဲ့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်ပါတယ်။

ဒါ့အပြင် မလေးရှားနိုင်ငံမှာရောက်ရှိနေတဲ့ မြန်မာရွှေ့ပြောင်းလုပ်သား ၁၀၂ ဦးအား တပ်မတော်စစ်လေယာဉ်ဖြင့် ၂၀၁၅ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့မှာ မိမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ပါတယ်။ ပြည်ပရောက်ရွှေ့ပြောင်းအလုပ်သမားအရေးနှင့်ပတ်သက်ပြီး ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီး၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ထံ နှစ်သစ်ကူးသဝဏ်လွှာများပေးပို့ခဲ့ရာမှာ ကော့စမွီကျွန်း၌ဖြစ်ပွားခဲ့သော လူသတ်မှုတွင် သေဒဏ်ချမှတ်ခံရသော မြန်မာနိုင်ငံသားနှစ်ဦးကိစ္စနှင့်ပတ်သက်ပြီး တရားဥပဒေအရညီညွတ်မျှတစွာ အကောင်အထည်ဖော်ဆောင် အလေးထားဆောင်ရွက်ပေးနိုင်ရေးသဝဏ်လွှာ ပေးပို့ခဲ့ပါတယ်။

ထို့အတူ ၂၀၁၆ ခုနှစ်၊ မေလ ၂၆ ရက်နေ့မှာ ထိုင်းနိုင်ငံဝန်ကြီးချုပ်အား တွေ့ဆုံရာမှာ ထိုင်းနိုင်ငံတွင်အလုပ်လုပ်ကိုင်နေသော မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် အလုပ်အကိုင် အခွင့်အလမ်းကြောင့် ထိုင်းနိုင်ငံတွင် လာရောက်လုပ်ကိုင်သည့် တရားမဝင်နှင့်တရားဝင်အလုပ်သမား များကို ထိုင်းအစိုးရအနေဖြင့် ဥပဒေနှင့်အညီ စောင့်ရှောက်ပေးသည်ကို တွေ့ရှိရ၍ ကျေးဇူးတင်ရှိကြောင်း၊ ရှေ့ဆက်ပြီးဆောင်ရွက်ပေးသွားမည်ဟုယုံကြည်ပါကြောင်းကို အလေးထားပြီး ပြောကြားခဲ့ သည်ကိုတွေ့ရှိရပါတယ်။ ဒါ့အပြင် ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့မှာ ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ် နှင့်ကာကွယ်ရေးဝန်ကြီးအား လက်ခံတွေ့ဆုံပြီး ထိုင်းနိုင်ငံရောက်မြန်မာအလုပ်သမားများ၏ အရေး ကိစ္စများအား ထိုင်းနိုင်ငံ၏ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးရေးအတွက် ရင်းနှီးပွင့်လင်းစွာ အလေးထားပြီးဆွေးနွေးခဲ့ပါတယ်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁ ၊ ပုဒ်မ ၃၅၈ ၊ ပုဒ်မ ၃၈၀ တို့ပါ ပြဋ္ဌာန်းချက်များ အရလည်းကောင်း၊ ပုဒ်မ ၂၄ တွင် ဖော်ပြထားသော နိုင်ငံတော်သည် အလုပ်သမားများ၏ အခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ရမည် ဟူသော ပြဋ္ဌာန်းချက်အရလည်းကောင်း၊ ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံသူနိုင်ငံသားများ၏ အကျိုးစီးပွားအတွက် လုပ်ဆောင်ရန်လိုအပ်သည့်ဥပဒေပြုခြင်း၊ စီမံအုပ်ချုပ်လုပ်ကိုင်ခြင်းများကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သင့်ပါကြောင့် အကြံပြုတင်ပြအပ်ပါတယ်။ နိဂုံးချုပ်အားဖြင့်တင်ပြရရင် နိုင်ငံတော်တွင် ရွှေ့ပြောင်းလုပ်သားများပေါများနေခြင်းဟာ လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးနေရ တာဖြစ်တဲ့အတွက် နိုင်ငံတော်တွင်များစွာသော ထိခိုက်ဆုံးရှုံးနစ်နာမှုများ၊ မျိုးဆက်သစ်လူငယ်များ၏ အနာဂတ်ကိုပါ အာမခံနိုင်မှုမရှိခြင်းတို့ဖြစ်ပွားစေသကဲ့သို့ လူကုန်ကူးမှုများ၊ ခေါင်းပုံဖြတ်အမြတ် ကြီးစားမှုများ၊ မတရားကျေးကျွန်ပြုမှုများအပါအဝင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ မူလအခွင့်အရေး များကို ချိုးဖောက်ကျူးလွန်သော ရာဇဝတ်မှုခင်းတိုးပွားမှု၊ နိုင်ငံရေးမတည်မငြိမ်ဖြစ်မှုများကို ဖြစ်ပေါ်စေနိုင်ပါတယ်။ တပ်မတော်အနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များအရ လည်းကောင်း နိုင်ငံသားတစ်ဦး၏ လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများအရလည်းကောင်း၊ အချိန်အခါ နေရာဒေသမရွေး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်း၍ အလေးထား ဖြေရှင်းကူညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် မဟာဗျူဟာ၊ နည်းဗျူဟာများ စနစ်တကျချမှတ်ပြီး စီမံချက်များရေးဆွဲကာ ပြည်ပရောက်ရွှေ့ပြောင်းအလုပ်သမား များအပေါ် ထိထိရောက်ရောက်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်းတင်ပြရင်း စေတုတ္တရာမဲဆန္ဒနယ်မှ

**မူကြမ်း**

ဦးကျော်အောင်လွင်၏ အဆိုအပေါ် အကြံပြုဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဟိန်းမင်းထက် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးဟိန်းမင်းထက်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော် ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဟိန်းမင်းထက် ဖြစ်ပါတယ်။ စေတုတ္တရာမဲဆန္ဒနယ်က ဦးကျော်အောင်လွင်၏အဆိုကို အပြုသဘောဖြင့် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါ။ ကျွန်တော်၏ဆွေးနွေးချက်များအား တင်ပြပါ အစီ အစဉ်အတိုင်း ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ရည်ရွယ်ချက်အနေနဲ့ တင်ပြပါအတိုင်းဖြစ်ပါတယ်။ ၂၀၀၁ ခုနှစ် အစောပိုင်းကာလမှာ မြန်မာနိုင်ငံတွင် အထည်ချုပ်စက်ရုံပေါင်း ၄၀၀ ကျော်၊ အလုပ် သမား ပေါင်း ၃ သိန်းခန့်နှင့် ပို့ကုန်တန်ဖိုးအမေရိကန်ဒေါ်လာ သန်း ၆၀၀ ရှိနေရာမှ ၂၀၀၃ ခုနှစ် ဇူလိုင်လတွင် အမေရိကန်နိုင်ငံ၏ ကုန်သွယ်ရေးပိတ်ဆို့မှုပြဋ္ဌာန်းလိုက်သောကြောင့် အထည်ချုပ် စက်ရုံပိတ်ခဲ့ရပြီး အလုပ်သမားလက်မဲ့များစွာဖြစ်ပေါ်ခဲ့ရပါတယ်။ ပြည်တွင်းတွင် ယခင်က လုပ်သား အင်အားအများစုဖြင့် လည်ပတ်နေသော စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ လက်မှုနှင့် အသေးစားစက်မှု လုပ်ငန်းများ၊ အထည်ချုပ်လုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့ရာ ပြည်ပနိုင်ငံများသို့ ထွက်ခွာခဲ့ပြီး အလုပ်လုပ်ကိုင်ခဲ့ကြရပါတယ်။ အနောက်နိုင်ငံများ၏စီးပွားရေးပိတ်ဆို့ခံရခြင်း၊ ပြည်တွင်းတွင်အခြေခံ အဆောက်အအုံများအားနည်းခြင်းနှင့် အလုပ်အကိုင်အာမခံချက်များ မရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ရှားပါး လာပါတယ်။ လုပ်ခလစာမှာလည်း မိသားစုစားဝတ်နေရေး အတွက် လုံလောက်မှုမရှိခြင်း၊ နိုင်ငံခြားသို့တရားဝင်သွားရောက်ရန် အရင်းအနှီးလုံလောက်မှုမရှိခြင်း၊ ပညာဆက်လက်သင်ကြားရန် အခွင့်အလမ်းနည်းပါးလာခြင်း၊ ပညာလမ်းစပျက်ကာ ပညာရည်ချို့တဲ့ လာခြင်း စသည့် အကြောင်းများကြောင့် ပွဲစားနှင့် အဖွဲ့အစည်းအချို့၏သားကောင်များအဖြစ် နိုင်ငံ ပြင်ပသို့ တရားမဝင်သွားရောက်လုပ်ကိုင်မှုများ များပြားလာခဲ့ပြီး နိုင်ငံရပ်ခြားမှာ ဥပဒေအကာ အကွယ်မဲ့ကာ အတိဒုက္ခ ရောက်ခဲ့ရပါတယ်။ ပြည်ပနိုင်ငံများကို သွားရောက်အလုပ်လုပ်ကိုင်ကြသော အလုပ်သမားအများစုဟာ non-Skillded Worker များဖြစ်ကြသဖြင့် လုပ်ခလစာနည်းပါး၍ ဆင်းရဲ

ကြပ်တည်းစွာ လုပ်ကိုင်ရှာဖွေစားသောက်နေ ကြရပါတယ်။ ဒါကြောင့် နိုင်ငံတော်အနေဖြင့် အလုပ်သမားများအား Semi-Skilled Worker များမှတစ်ဆင့် Skillful Worker များဖြစ်လာစေရန် အထူးသဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်မှု အားနည်းသော တိုင်းဒေသကြီး/ပြည်နယ်များကို အဓိကထားကာ သင်တန်းပေးဆောင်ရွက်ခြင်းဖြင့် ဖန်တီးပေးရန်လည်း လိုအပ်ပါတယ်။ ၎င်းအပြင် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်အတွက် ဒေသနှင့်လိုက်လျောညီထွေရှိသည့် သက်မွေးသင်တန်းကျောင်းများအား နိုင်ငံအစီအစဉ်ဖြင့်လည်းကောင်း၊ ကမ္ဘာ့ဘဏ် ADB ကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ လည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်ဆောင်ရွက်ပေးရန်လည်း လိုအပ်ပါတယ်။ နိုင်ငံခြားသို့ တရားဝင်သွားရောက်လုပ်ကိုင်စေခြင်းအားဖြင့်၊ အစိုးရအနေဖြင့် နိုင်ငံတကာစည်းမျဉ်းစည်းကမ်းများ၊ စာချုပ်စာတမ်းများနှင့်အညီ မိမိတို့၏နိုင်ငံသားများအား တရားဥပဒေအရ အပြည့်အဝကာကွယ်ပေး ရန်အတွက် ရုံးလုပ်ထုံးလုပ်နည်းများ မှန်ကန်ကောင်းမွန်၍ ပွင့်လင်းမြင်သာမှုရှိပြီး မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်ရေး ဖြေလျှော့မှုများအပါအဝင် အစိုးရဌာနများနှင့် ဆက်စပ်အဖွဲ့အစည်းများ အသီးသီးတို့ကို တရားဝင်နည်းလမ်းများအတွင်းမှ ပူးပေါင်းဆောင်ရွက်နိုင်ရေး ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ပေးရန်လည်း လိုအပ်ပါတယ်။ ၂၀၁၀ ခုနှစ်၊ ရွေးကောက်ပွဲအပြီးပေါ်ပေါက်လာသည့် အစိုးရလက်ထက်တွင် အရှေ့အနောက်နိုင်ငံများနှင့် နိုင်ငံချင်းဆက်ဆံရေးကောင်းမွန်ခဲ့ပြီး စီးပွားရေးအရ ဖြေလျှော့မှု အချို့ရှိခဲ့သော်လည်း လုပ်သားအင်အားအများအပြား အလုပ်အကိုင်အခွင့်အလမ်းရရှိစေမည့် Labour Intensive Industry များ၌ ရင်းနှီးမြှုပ်နှံမှုနည်းပါးသေးကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ပြီးခဲ့သည့်လွှတ်တော်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု နှစ်ရပ်ကိုပြဋ္ဌာန်းကာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ခဲ့သော်လည်း မျှော်မှန်းသလောက် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခြင်းမရှိတာကိုလည်း တွေ့ရပါတယ်။ ထို့အတူ ပြည်တွင်းအလုပ်လက်မဲ့ပြဿနာနှင့် နိုင်ငံရပ်ခြားသို့ အလုပ်သမားများ အလုပ်သွားရောက်လုပ်ကိုင်မှုကိုလည်း ထိန်းချုပ်နိုင်မှုမရှိခဲ့ပါဘူး။ လက်ရှိအခြေအနေမှာ ပြည်တွင်း၌ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် အောင်ဆောင်ရွက်ပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ခိုင်မာတိုးတက်အောင် ဆောင်ရွက်ပေးရန်လည်းလိုအပ်ပါတယ်။ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်အနေဖြင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ အရင်းအနှီးနှင့် အထောက်အကူများဖြစ်စေရန် စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်ကဲ့သို့သော ဘဏ်လုပ်ငန်းများမှ အတိုးနှုန်းသက်သာစွာဖြင့် မတည်ငွေ များထုတ်ချေးခြင်း၊

လုပ်ငန်းအသင်းအဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်စေခြင်း၊ လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်လိုသူများ၏ တာဝန်များနှင့် အခွင့်အရေးများ ခံစားခွင့်ရရှိစေရန် စီမံဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် One Stop Service စနစ်ကို ဌာနဆိုင်ရာအသီးသီးတွင် ထိရောက်စွာလုပ်ကိုင်နိုင်ရန် စီမံဆောင်ရွက်ပေးခြင်း စသည်တို့ကို နိုင်ငံတော်အဆင့် ကာလတို၊ ကာလလတ် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါတယ်။ ဒါမှသာ နိုင်ငံသားများအနေနှင့် မိမိနိုင်ငံ၏တရားဥပဒေအတွင်း ဥမကွဲသိုက်မပျက် လုပ်ကိုင်စားသောက်နိုင်ပြီး နိုင်ငံပြင်ပရွှေ့ပြောင်းအလုပ် လုပ်ကိုင်သည့်အရေအတွက်ကို အချိန်တိုအတွင်း လျှော့ချနိုင်သော နည်းလမ်းတစ်ခုအဖြစ် အကောင်အထည်ဖော်ရာရောက်မှာဖြစ်ပါတယ်။ ထို့အတူ နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်ကိုင်သူများအတွက် သွားရောက်မည့်နိုင်ငံ၏ ပထဝီအနေအထား၊ ၎င်းနှင့်သက်ဆိုင်မည့် ဌာနဆိုင်ရာသံရုံးများ၊ အလုပ်သမားသံမှူးရုံးများ၊ နိုင်ငံတကာအလုပ်သမား အဖွဲ့အစည်းရုံးများ၊ ရဲစခန်းများ စသည့်အလုပ်သမားများနှင့်သက်ဆိုင်သည့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ တည်နေရာဆက်သွယ်ရန်များအား သိရှိနိုင်ရေး နိုင်ငံပိုင်ရုပ်သံလွှင့်အစီအစဉ်များ၊ ရေဒီယိုအစီအစဉ်များ၊ သတင်းစာများ၊ ဂျာနယ်များ၊ အစီအစဉ်များကိုလည်း အလွယ်တကူလေ့လာနိုင်ရေး ကျယ်ကျယ်ပြန့်ပြန့်စီမံဆောင်ရွက်ထားသင့်ပါတယ်။ ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက အမေရိကန်အစိုးရအနေဖြင့် စီးပွားရေးပိတ်ဆို့မှုများ ဖြေလျှော့ပေးမည်ဟု ထုတ်ပြန်ကြေညာခဲ့ရာ အမေရိကန်နှင့် အနောက်ဥရောပနိုင်ငံများက ရင်းနှီးမြှုပ်နှံမှုဝင်ရောက်လာနိုင်သည့်အနေအထား ဖြစ်ပေါ်လာခဲ့ပါတယ်။ မကြာမီ ပြည်ထောင်စုလွှတ်တော်တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို အတည်ပြုပြဋ္ဌာန်းပေးတော့မည်ဖြစ်ရာ နိုင်ငံခြားမှ စက်ရုံ၊ အလုပ်ရုံများနှင့် ရင်းနှီးမြှုပ်နှံလာပါက အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမှာဖြစ်ပါတယ်။ အလုပ်သမားများ အခွင့်အရေးရရှိရေးအတွက် အစိုးရ၊ လွှတ်တော်၊ အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်း၍ အလုပ်သမားများဆိုင်ရာဥပဒေများ ခိုင်မာစွာပြဋ္ဌာန်းရန်လည်း လိုအပ်ပါတယ်။ ပြဋ္ဌာန်းမည့်ဥပဒေများကိုလည်း ခေတ်စနစ်နှင့်အညီ ပြင်ဆင်သွားရန်လည်း လိုအပ်ပါတယ်။ အလုပ်ရှင်နှင့် အလုပ်သမားများ ပြဿနာမဖြစ်စေရေးအတွက် နှစ်ဖက်သဘောတူပဋိညာဉ်များကို နိုင်ငံတကာနည်းတူ သတ်မှတ်ထားရှိရန် လိုအပ်ပါတယ်။ ဒါ့အပြင် စက်မှုဇုန်များတွင် မြေယာပြဿနာများ၊ အခြေခံအဆောက်အအုံ ကျွမ်းကျင်လုပ်သားများ လုံလောက်စွာရရှိရေးအတွက် ဆောင်ရွက်မည့်အစီအမံများ ဖြေလျှော့နိုင်မည့် နည်းလမ်းများကို ကြိုတင်စဉ်းစားထားရန်လိုအပ်ပါကြောင်း အကြံပြုတင်ပြရင်း စေတုတ္တရာမဲဆန္ဒနယ်

**မူကြမ်း**

က ဦးကျော်အောင်လွင်၏အဆိုအား ထောက်ခံပါကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးကျော်အောင်လွင်၊ စေတုတ္တရာမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်ကြီး များခင်ဗျား။ အဆိုတင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်ကြီး များရဲ့ ဆွေးနွေးချက်များကို ကျွန်တော်တို့ များစွာအလေးထားပါတယ်။ ဆွေးနွေး ချက်များကို လေ့လာ ခြင်းအားဖြင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနဲ့ မြန်မာနိုင်ငံသား ရွှေ့ပြောင်း လုပ်သားများ အပေါ်မှာထားရှိတဲ့ စေတနာတွေ၊ စာနာမှုတွေနဲ့ ခံစားချက်တွေကို ထင်ထင်ရှားရှားသိမြင်နိုင်ခဲ့သလို ကောင်းမွန်တဲ့ အကြံပြုချက်များလည်းပဲ ကြားနာရပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာန၊ ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့လည်းပဲ လွှတ်တော် ကိုယ်စားလှယ်ကြီးများနည်းတူ ထပ်တူခံစားရပြီးတော့ လုပ်သားများနဲ့ပတ်သက်လို့ ထောက်ထား စာနမှုတွေ စေတနာများအပြင် တာဝန်ရှိမှုပါ ထပ်စောင်းပြီးတော့မှ ကျွန်တော်တို့ နိုင်ငံသား ရွှေ့ပြောင်းလုပ်သားကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ဦးစားပေး လုပ်ငန်း တာဝန်တစ်ရပ်အနေဖြင့် သတ်မှတ်ပြီးတော့မှ လုပ်ဆောင်လျက်ရှိပါတယ်။ ဒီလို လုပ်ဆောင်တဲ့နေရာမှာ စီပွားရေးမူဝါဒ ၁၂ ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိပြီးတော့ အဲဒီအချက်များ ထဲမှာ ပြည်တွင်းမှာနေထိုင်တဲ့ နိုင်ငံသား၊ နိုင်ငံခြားမှရောက်ရှိလာတဲ့ မြန်မာနိုင်ငံသား အလုပ်သမားများ အားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးဖို့ အလုပ်အကိုင် အခွင့်အလမ်းမြင့်မားတဲ့ စီးပွားရေးလုပ်ငန်းများကို ကာလတိုအတွင်း ပိုမိုဦးစားပေး ဆောင်ရွက်ဖို့ အချက်တစ်ချက်ကိုလည်းပဲ ကျွန်တော်တို့ထည့်သွင်းထားတာဖြစ်တဲ့အတွက် စီးပွားရေး မူဝါဒမှာ လည်းပဲ ကျွန်တော်တို့ အလုပ်သမားများအတွက် နိုင်ငံတော်အစိုးရအနေနဲ့ အလေးထား

ဆောင်ရွက်ပါကြောင်း ပထမဦးစွာ တင်ပြလိုပါတယ်။ ဒါ့အပြင် နိုင်ငံတော်အစိုးရအနေနဲ့ အလုပ်သမားကိစ္စရပ်များကို ဆောင်ရွက်တဲ့နေရာမှာ မူဝါဒများ ချမှတ်ပြီးတော့မှ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီမူဝါဒတွေကတော့ အလုပ်အကိုင်မူဝါဒခုနစ်ရပ်နှင့် ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာမူဝါဒကိုးရပ်ကို ချမှတ်ပြီးတော့ ဆောင်ရွက်တာဖြစ်ပါတယ်။ အချိန်ကို ငဲ့ညှာသောအားဖြင့် မူဝါဒများနှင့်ပတ်သက်ပြီးတော့မှ အသေးစိတ် ကျွန်တော်တို့ မတင်ပြတော့ပါဘူးခင်ဗျား။ နိုင်ငံတော်အစိုးရအနေနဲ့ အလုပ်သမားများကို သင့်တော်ကောင်းမွန်တဲ့ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ဖို့ ပြည်တွင်းပြည်ပမှာ အလုပ်လုပ်ကိုင်လျက်ရှိတဲ့ အလုပ်သမားရဲ့အခွင့်အရေးများနှင့် ရပိုင်ခွင့်များရရှိရေးတို့နှင့် ကာကွယ်စောင့်ရှောက်ပေးနိုင်ဖို့၊ အလုပ်သမားများရဲ့ ကျွမ်းကျင်မှုတွေ မြှင့်တင်ပေးနိုင်ဖို့၊ လုံခြုံစိတ်ချစွာ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်နိုင်ရေးတို့အတွက် အဓိကအလေးပေးထားပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချနိုင်ရေးတို့အတွက် အလုပ်လုပ်နိုင်သူတိုင်း အလုပ်အကိုင်ရရှိဖို့နှင့် သင့်တင့်ကောင်းမွန်တဲ့ အလုပ်အကိုင်ရရှိရေးကိစ္စရပ်တွေကို အလေးထားပြီးတော့မှ တစ်ချိန်တည်း တစ်ပြိုင်နက်တည်းမှာလည်းပဲ ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ လူဦးရေအများစုဟာ ကျေးလက်မှာ နေထိုင်ကြပါတယ်။ ပညာအခြေခံနည်းပါးကြပါတယ်။ လုပ်ငန်းကျွမ်းကျင်မှုအတတ်ပညာများလည်း တတ်ကျွမ်းမှုမရှိကြပါဘူး။ အလုပ်အကိုင်အခွင့်အလမ်းလည်း နည်းပါးနေပါတယ်။ သတင်းအချက်အလက် မှန်ကန်စွာရရှိမှုကိုလည်း အားနည်းခဲ့ပါတယ်။ ဒေသခံပွဲစားများကိုလည်းပဲ ယုံကြည်ကိုးစားမှု များလွန်းပါတယ်။ တရားမဝင်စုဆောင်းခံရမှုဟာလည်း လူကုန်ကူးမှုကိုဖြစ်ပေါ်စေနိုင်ကြောင်း မသိရှိတဲ့အတွက် နယ်နိမိတ်နှင့်ထိစပ်နေတဲ့ နိုင်ငံများသို့ သွားရောက်ရန်လည်းပဲ လွယ်ကူတဲ့အတွက် ကျေးလက်ဒေသမှာရှိတဲ့ နေထိုင်သူအများစုဟာ ပြည်ပနိုင်ငံများကို တရားမဝင်လမ်းကြောင်းက အမျိုးမျိုးကနေပြီးတော့မှ သွားရောက်အလုပ်လုပ်ကိုင်ကြတာ ဖြစ်ပါတယ်။

အဲဒီလို တရားမဝင်သွားရောက်လုပ်ကိုင်ခြင်းဟာ ဥပဒေနှင့်အညီ တရားဝင်သွားရောက်ခြင်းမဟုတ်တဲ့အတွက် ရသင့်ရထိုက်တဲ့အခွင့်အရေးနှင့် ဥပဒေရဲ့အကာအကွယ်များကို မရရှိဘဲ လုပ်ခလစာခေါင်းပုံဖြတ်ခံရခြင်း၊ အလုပ်ရှင်ရဲ့မတရားညှဉ်းပန်းမှုကိုခံရခြင်းနှင့် လူကုန်ကူးခံရခြင်း၊ လူ့အခွင့်အရေးဆိုင်ရာ ခံစားခွင့်များဆုံးရှုံးခြင်းတို့ကို ရင်ဆိုင်ကြုံတွေ့နေရတာဖြစ်ပါတယ်။ ပြည်ပသို့

သွားရောက်လုပ်ကိုင်ကြမယ့်အလုပ်သမားများ စေလွှတ်ရေးလုပ်ငန်းစဉ်ကို ၁၉၉၉ ခုနှစ်၊ ပြည်ပ အလုပ်အကိုင်ဆိုင်ရာဥပဒေအရ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ အလုပ်သမားများကို ပိုမိုထိရောက်စွာအကာအကွယ်ပေးနိုင်ဖို့ လုံခြုံစိတ်ချရတဲ့ ရွှေ့ပြောင်းသွားလာမှုဖြစ်စေဖို့နဲ့ ခေတ်ကာလနဲ့လိုက်လျောညီထွေဖြစ်စေရန် ရည်ရွယ်ပြီးတော့မှ အဲဒီဥပဒေတွေကိုလည်းပဲ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ပြင်ဆင်ရေးဆွဲလျက်ရှိပါတယ်။ ပြည်ပနိုင်ငံများကို အလုပ်သမား စေလွှတ်တဲ့လုပ်ငန်းစဉ်ဆောင်ရွက်တဲ့နေရာမှာ လိုက်နာရမည့်စည်းကမ်းများကိုလည်းပဲ တိတိကျကျ ချမှတ်ပြီးတော့မှ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ၂၀၁၁ ခုနှစ်မှာ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီကို ရွှေ့ပြောင်းသွားလာနေထိုင်အလုပ်လုပ်ကိုင်သူများနှင့်ဆက်စပ်ဆောင်ရွက်ရတဲ့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့နဲ့ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းပေးခဲ့ပါတယ်။ အဲဒီကော်မတီအောက်မှာ ရွှေ့ပြောင်းအလုပ်သမားရေးရာကိစ္စရပ်များကို ကဏ္ဍအလိုက်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် လုပ်ငန်းကော်မတီများဖြစ်တဲ့ စီမံခန့်ခွဲရေးလုပ်ငန်း ကော်မတီ၊ အလုပ်သမားများအကျိုးခံစားခွင့်ရရှိရေးလုပ်ငန်းကော်မတီနှင့် အလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီတို့မှာ ပါဝင်တဲ့ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိတာဖြစ်ပါတယ်။ ဒါ့အပြင် လိုအပ်တဲ့ပုဂ္ဂိုလ်များဖြစ်တဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့က ပုဂ္ဂိုလ်များကိုလည်းပဲ အသစ်ပြန်လည်ဖွဲ့စည်းတဲ့ ကော်မတီများမှာ ဖွဲ့စည်းပြီးတော့မှ အလုပ်သမားရေးရာကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်အနေနဲ့ ပြည်ပရောက်တရားမဝင်နည်းလမ်းအမျိုးမျိုးဖြင့် ရောက်ရှိအလုပ်လုပ်ကိုင်နေကြတဲ့ အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားများကို အထောက်အထားထုတ်ပေးခြင်းဖြင့် တရားဝင်ဖြစ်စေရေး၊ ပြည်ပနိုင်ငံများကို သွားရောက်လုပ်ကိုင်လိုတဲ့ မြန်မာအလုပ်သမားများကို တရားဝင်လမ်းကြောင်းဖြင့် သွားရောက်အလုပ်လုပ်ကိုင်ခြင်းဖြင့် သက်ဆိုင်ရာနိုင်ငံရဲ့ဥပဒေများနှင့် အညီ အကာအကွယ်နှင့် အကျိုးခံစားခွင့်များ ရရှိရေးကိုလည်းပဲ အလုပ်သမားအများဆုံးသွားရောက် နေတဲ့ဒေသများမှာ အသိပညာပေးတာတွေ၊ ဆွေးနွေးမှုများကိုလည်းပဲ ပြုလုပ်ပေးလျက်ရှိပါတယ်။ ရွှေ့ပြောင်းသွားလာရန် ဖြစ်နိုင်ခြေများတဲ့ တိုင်းဒေသကြီး/ပြည်နယ်များမှာလည်းပဲ ရွှေ့ပြောင်း

လုပ်သားထောက်ပံ့ကူညီရေးဗဟိုဌာန (MRC) များကို အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့(ILO)နှင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း(IOM)တို့ရဲ့ အကူအညီထောက်ပံ့မှုနှင့် ဖွင့်လှစ်ပေးခဲ့ပါတယ်။ ယခုအထိ စခန်း ၁၂ ခုအထိ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ပမှာ အလုပ်လုပ်ကိုင်နေကြတဲ့ မြန်မာအလုပ်သမားများရဲ့ လိုအပ်ချက်ကို ကူညီဆောင်ရွက်ပေးနိုင်ဖို့အတွက်ကို Complaints Mechanism Center ကိုလည်းပဲ နေပြည်တော်နှင့် ရန်ကုန်မြို့မှာ ဖွင့်လှစ်ထားပေးပါတယ်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှာလည်းပဲ မြန်မာရွှေ့ပြောင်းအလုပ်သမားများ သတင်းပို့နေရာကိုလည်းပဲ ဖွင့်လှစ်ပေးထားပါတယ်။ အဲဒီဆောင်ရွက်ပေးတဲ့နေရာမှာ ၂၀၁၆ ခုနှစ်ဧပြီလကနေ ဩဂုတ်လအထိ ဖြစ်ပွားခဲ့သော အမှုပေါင်း ၁၈၀ ကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံအနေနဲ့ ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ် ဇူလိုင်လအထိ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့နှင့်ဆက်စပ်တဲ့ လူကုန်ကူးမှု ၂၅၁ မှုအားလည်းပဲ ဖော်ထုတ်အရေးယူနိုင်ခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတစ်ဦး ဆွေးနွေးတဲ့ တစ်ဦး၊ နှစ်ဦး၊ သုံးဦး ဆွေးနွေးခဲ့ပါတယ်။ လူကုန်ကူးမှုကိစ္စတွေပါပါတယ်။ ဒီကိစ္စလေးကို ကျွန်တော်တို့ဆောင်ရွက်ချက်များကို အလျဉ်းသင့်သလို တင်ပြခြင်းဖြစ်ပါတယ်။ လူကုန်ကူးခံရတဲ့ တရားခံ ၄၄၆ ဦးကိုလည်းပဲ ဖမ်းဆီးအရေးယူနိုင်ခဲ့ပါတယ်။ လူကုန်ကူးခံရသူ ၃၅၂ ဦးကိုလည်းပဲ ကယ်တင်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် ၂၀၁၆ ခုနှစ်အတွင်းမှာ တရုတ်နိုင်ငံကို လူကုန်ကူးခံရသူ အမျိုးသမီး ၁၈ ဦးနှင့် ငါးဦးကို နှစ်နိုင်ငံရဲတပ်ဖွဲ့ချင်းပူးပေါင်းဆောင်ရွက်မှုဖြင့် ကယ်တင်နိုင်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့လည်းပဲ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ နယ်စပ်ဝင်ပေါက်/ထွက်ပေါက်များတွင် ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကို တွေ့ကြုံရမယ့်အန္တရာယ်များကို အသိပေးနိုင်ခဲ့ပါတယ်။ ၂၁၀ ဦးကိုလည်းပဲ ကျွန်တော်တို့ တားဆီးပြီးတော့ နေရပ်ကို ပြန်လည်စေလွှတ်နိုင်ခဲ့ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်းပဲ ပြည်ပကို ရောက်ရှိအလုပ်လုပ်ကိုင်နေတဲ့ မြန်မာအလုပ်သမားများအား သက်ဆိုင်ရာနိုင်ငံရဲ့ဥပဒေနှင့်အညီ အကာအကွယ်နှင့် အခွင့်အရေးများရရှိနိုင်ဖို့ အလုပ်သမားဈေးကွက်အခြေအနေကို လေ့လာနိုင်ဖို့နှင့် နှစ်နိုင်ငံအလုပ်သမားရေးရာကိစ္စရပ်များကို ထိရောက်စွာပူးပေါင်းဖြေရှင်းနိုင်ဖို့အတွက် မလေးရှားနိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှာ အလုပ်သမားသံအရာရှိများခန့်ထားပြီးတော့မှ သက်ဆိုင်ရာနိုင်ငံ မြန်မာသံအမတ်ကြီးများရဲ့ကွပ်ကဲမှုနှင့် သံရုံးဝန်ထမ်းများနှင့်အတူ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလုပ်သမားသံအရာရှိမရှိတဲ့နိုင်ငံများမှာလည်းပဲ အဲဒီနိုင်ငံမှာရှိတဲ့ မြန်မာသံရုံးများမှ

တာဝန်ယူပြီးတော့မှ အလုပ်သမားရေးရာကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရကုမ္ပဏီများကိုလည်းပဲ ပိုမိုထိရောက်စွာ ကြီးကြပ်နိုင်ရေးအတွက်ကို ပြည်ပရှိ မြန်မာအလုပ်သမားများကို ကာကွယ်စောင့်ရှောက်မှုပေးနိုင်ဖို့ မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်ကို ကျွန်တော်တို့ဖွဲ့စည်းပေးခဲ့ပါတယ်။ အေဂျင်စီများကို လိုက်နာရမယ့်ကျင့်ဝတ်လက်မှတ်ရေးထိုးနိုင်ရေးကိုလည်းပဲ ကြီးကြပ်ဆောင်ရွက်ခဲ့ပါတယ်။ ပြည်ပအလုပ်သမားစေလွှတ်ရေးနှင့် ပြည်ပရှိအလုပ်သမားရေးရာကိစ္စများနှင့် ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဝန်ကြီးဌာနနှင့် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်တို့အကြားမှာ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ပြီးတော့မှ လိုအပ်တဲ့ စည်းကမ်းသတ်မှတ်ချက်များနှင့် ကျွန်တော်တို့အလုပ်သမားများအတွက် အခြေအနေကောင်းများရှိအောင် ဖော်ဆောင်ပေးလျက်ရှိပါတယ်။ စည်းကမ်းလိုက်နာမှုမရှိတဲ့ ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီများကိုလည်းပဲ အရေးယူမှုများ ပြုလုပ်ပေးလျက်ရှိပါတယ်။ လိုင်စင်အပြီးသိမ်းခဲ့တဲ့အေဂျင်စီ လေးခု ရှိပါတယ်။ ယာယီရုပ်သိမ်းခဲ့တဲ့ အေဂျင်စီခုနစ်ခုနှင့် အမှုစစ်ဆေးနေဆဲဖြစ်တဲ့အတွက် အလုပ်ခေါ်စာ အသစ်တွေ လျှောက်ထားခြင်းကို ဆိုင်းငံ့ထားတဲ့ အေဂျင်စီကိုးခု လက်ရှိရှိနေပါတယ်။ အလုပ်သမားရေးရာပြဿနာများပေါ်ပေါက်ရာမှာ စစ်ဆေးတဲ့အခါမှာလည်းပဲ လိုင်စင်ရအေဂျင်စီဖြစ်တယ်ဆိုလို့ရှိရင် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေအရလည်းကောင်း၊ ချမှတ်ထားတဲ့စည်းမျဉ်းစည်းကမ်းအရလည်းကောင်း အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ လိုင်စင်မရှိတဲ့ကုမ္ပဏီများကို လူပွဲစားများဖြစ်တယ်ဆိုရင်တော့ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ အရေးယူနိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ လူကုန်ကူးမှုတားဆီးရေး၊ နှိမ်နင်းရေးအဖွဲ့သို့ လွှဲပြောင်းပေးပြီးတော့မှ ဝန်ကြီးဌာနချင်းချိတ်ဆက်ပြီးတော့မှ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒါ့အပြင် မြန်မာအလုပ်သမားများရဲ့အခွင့်အရေးကာကွယ်စောင့်ရှောက်နိုင်မှု အပြည့်အဝရရှိဆောင်ရွက်နိုင်ခြင်းမရှိတဲ့ ထိုင်းနိုင်ငံမှ ကုမ္ပဏီ ၂၄ ခုနှင့် အလုပ်ရှင်ကိုယ်စားလှယ် ခြောက်ဦးတို့ကိုလည်းပဲ အမည်မည်းစာရင်း (Black List) စာရင်း သတ်မှတ်ပြီးတော့မှ မြန်မာအလုပ်သမားများခေါ်ယူခြင်းကိုလည်းပဲ ရပ်ဆိုင်းထားခဲ့ပါတယ်။ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ကြမယ့် မြန်မာအလုပ်သမားများကို ပြည်ပသို့မထွက်ခွာမီ သွားရောက်လုပ်ကိုင်မယ့်နိုင်ငံရဲ့ ဥပဒေတွေ၊ ဓလေ့ထုံးတမ်းများနှင့် ဘာသာစကားစသည်တို့ကိုလည်းပဲ သိရှိနားလည်နိုင်ဖို့အတွက်ကို အကြိုသင်တန်းများပေးလျက်ရှိပါတယ်။ လိုအပ်တဲ့မှာကြားမှုများလည်း ပြုလုပ်ပေးခြင်းကိုလည်း ဆောင်ရွက်ပေး

လျက်ရှိပါတယ်။ ပြည်ပကိုရောက်ရှိချိန်မှာ လိုအပ်ပါက ဆက်သွယ်နိုင်ရန်အတွက်လည်း ဆက်သွယ်နိုင်မယ့်ဖုန်းနံပါတ်များကို တစ်ပါတည်းယူဆောင်သွားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာအလုပ်သမားကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်ပြီးတော့မှ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်တဲ့ NGO များ၊ INGO များနှင့် သက်ဆိုင်ရာနိုင်ငံမှာရှိတဲ့ လူမှုအဖွဲ့အစည်းများနှင့်ပေါင်းစပ်ပြီးတော့ ကျွန်တော်တို့ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ နိုင်ငံတော်အနေဖြင့် အလုပ်သမားစေလွှတ်မှုနှင့် ပတ်သက်ပြီးတော့မှ ကိုရီးယားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် အလုပ်သမားစေလွှတ်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ(MOU)များ ရေးထိုးဆောင်ရွက်လျက်ရှိသကဲ့သို့ တခြားအလုပ်သမားလက်ခံတဲ့ နိုင်ငံများနှင့်လည်း ညှိနှိုင်းဆွေးနွေးဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် အပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့်အညီဖြစ်စေရေးကိုလည်းပဲ စဉ်ဆက်မပြတ်ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးနှင့်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ထိုင်းနိုင်ငံမှာ မြန်မာအလုပ်သမားအများဆုံး သွားရောက်လုပ်ကိုင်လျက်ရှိပြီးတော့မှ မလေးရှားနိုင်ငံကို ဒုတိယအများဆုံး သွားရောက်လုပ်ကိုင်လျက်ရှိပါတယ်။ အလုပ်သမားရေးရာကိစ္စရပ်များ အများအပြားပေါ်ပေါက်လျက်ရှိတဲ့အတွက် နှစ်နိုင်ငံညှိနှိုင်းဆွေးနွေးဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အထူးသဖြင့် ထိုင်းနိုင်ငံနှင့် နှစ်နိုင်ငံညှိနှိုင်းဆွေးနွေးပွဲများကို အပြန်အလှန်မကြာခဏပြုလုပ်နေပါတယ်။ နှစ်နိုင်ငံဝန်ကြီးဌာနတို့မှ သတ်မှတ်ထားတဲ့ Focal Person အချင်းချင်းချိတ်ဆက်ခြင်းနှင့် သတင်းအချက်အလက်များ ဖလှယ်ခြင်းတို့ဖြင့် ကျွန်တော်တို့ ဖြေရှင်းဆောင်ရွက်မှုများကိုလည်းပဲ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရွှေ့ပြောင်းအလုပ်သမားများရဲ့ အခွင့်အရေးများနှင့် ကာကွယ်စောင့်ရှောက်မှုများ မြှင့်တင်နိုင်ရေးအတွက်ကိုလည်းပဲ နှစ်စဉ်အာဆီယံဒေသတွင်းမှာလည်းကောင်း၊ ကမ္ဘာ့နိုင်ငံများမှာလည်းကောင်း ပါဝင်ပြီးတော့မှ အစည်းအဝေးများ၊ ဆွေးနွေးပွဲများပြုလုပ်ပြီးတော့မှ အဖြေရှာခြင်းများကိုလည်းပဲ ဆောင်ရွက်လျက်ရှိပါတယ်။ ရွှေ့ပြောင်းအလုပ်သမားများနဲ့ပတ်သက်ပြီးတော့မှ အာဆီယံဒေသအတွင်း နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆောင်ရွက်နိုင်ဖို့အတွက်ကို ဖိလစ်ပိုင်နိုင်ငံ၊ စီဘူးမြို့မှာ ပြုလုပ်ခဲ့တဲ့ စီဘူး Declaration မှာလည်းပဲ ကျွန်တော်တို့နိုင်ငံက ပါဝင်လက်မှတ်ရေးထိုးပြီးတော့မှ အာဆီယံနိုင်ငံအဖွဲ့ဝင်နိုင်ငံများမှ အလှည့်ကျတာဝန်ပြုလုပ်ပေးနိုင်တဲ့ ASEAN Forum on Migration Labour (AFML) နဲ့ ကျွန်တော်တို့ အဲဒီကြေညာချက်အရ ASEAN Committee on the Implementation of the ASEAN Declaration on the Protection and Promotion of the Rights of Migrant Workers(ACMW) အစည်းအဝေးများကိုလည်းပဲ

ကျွန်တော်တို့ ကျင်းပပြီးတော့မှ တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီအစည်းအဝေး များမှတစ်ဆင့် ရွှေ့ပြောင်းသွားလာရေးနှင့်စပ်လျဉ်းပြီးတော့မှ အခက်အခဲများနှင့် အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုများအတွက် ဆောင်ရွက်ရမယ့်နည်းလမ်းများကို အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်တက်ရောက်ပြီးတော့မှ ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်အစိုးရအနေနဲ့ ပြည်ပနိုင်ငံများသို့ တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ၊ အထောက်အထား လက်မှတ်ရှိသည်ဖြစ်စေ၊ အထောက်အထားမဲ့ဖြစ်စေ ရောက်ရှိနေတဲ့မြန်မာနိုင်ငံသားများကို ကာကွယ် စောင့်ရှောက်မှုများပြုလုပ်ပေးလျက်ရှိပါတယ်။ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှာ ရောက်ရှိနေတဲ့ မြန်မာနိုင်ငံက အထောက်အထားမဲ့အလုပ်သမားများကို နှစ်နိုင်ငံညှိနှိုင်းဆွေးနွေးချက်အရ အထောက် အထားများထုတ်ပေးပြီးတော့မှ တရားဝင်အလုပ်လုပ်ကိုင်စေခဲ့ပါတယ်။ မလေးရှားနိုင်ငံ ထိန်းသိမ်း ရေးစခန်းမှာရှိတဲ့ မြန်မာနိုင်ငံသားများကိုလည်းပဲ ကျွန်တော်တို့ စဉ်ဆက်မပြတ် ပြန်လည်ပြီးတော့မှ ခေါ်ယူလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ပြည်ပရှိ မည်သည့်နိုင်ငံတွင်မဆို အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေတဲ့ မိမိနိုင်ငံအလုပ်သမားများရဲ့ အရေးကိစ္စများကို ကျွန်တော်တို့ အလေးပေးဆောင်ရွက် လျက်ရှိပါတယ်။

သို့ရာတွင် ပြည်ပနိုင်ငံများတွင် နည်းလမ်းအမျိုးမျိုးနဲ့ တရားမဝင်ရောက်ရှိနေတဲ့၊ အလုပ် လုပ်ကိုင်နေတဲ့ အလုပ်သမားများဟာ မည်သည့်နေရာ၊ မည်သည့်အလုပ်များအမျိုးအစားမှာ ရောက်ရှိ နေခြင်းကို သိရှိနိုင်ခြင်းမရှိတဲ့အတွက် ၎င်းတို့ခံစားနေရတဲ့ဒုက္ခတွေ၊ ခေါင်းပုံဖြတ်မှုများကို ကာကွယ် စောင့်ရှောက်ပေးဖို့ အခက်အခဲ အခြေအနေတစ်ရပ်လည်းရှိနေပါတယ်။ စိန်ခေါ်မှုတစ်ရပ်လည်း ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ တရားမဝင် ရောက်ရှိအလုပ်လုပ်ကိုင်နေတဲ့ အလုပ်သမားများစာရင်း ရရှိမှုတို့နှင့် နိုင်ငံတော်အစိုးရနှင့် နိုင်ငံသားတိုင်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးဖို့နဲ့ ကျွန်တော်တို့ အစိုးရအနေနဲ့လည်း တခြားသောပြည်ပနိုင်ငံများမှာရှိတဲ့ အလုပ်သမားအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံ မှာရှိတဲ့ အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပြီးတော့မှ ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ ထိုင်းနိုင်ငံ အတွင်းမှာ အထောက်အထားမဲ့မြန်မာလုပ်သား ၁.၇ သန်းကို အထောက်အထားများ ထုတ်ပေး နိုင်ခဲ့ပါတယ်။ အဲဒီအထောက်အထားများအရ ထိုင်းနိုင်ငံမှာ အလုပ်လုပ်ကိုင်လျက်ရှိတဲ့ လေးနှစ် ပြည့်နှင့် ခြောက်နှစ်ပြည့်အလုပ်သမားများကိုလည်း ဆက်လက်အလုပ်လုပ်ကိုင်ခွင့်နဲ့ နေထိုင်ခွင့် သက်တမ်းတိုးပေးခြင်းကိုလည်း နိုင်ငံတော်အစိုးရက ထိုင်းနိုင်ငံအစိုးရနှင့်ညှိနှိုင်းပြီးတော့မှ တရားဝင် ဆက်လက်အလုပ်အကိုင်ရရှိရေးကိုလည်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် ထိုင်းနိုင်ငံ

အတွင်း၌ ထိုင်းနိုင်ငံအစိုးရက ယာယီနေထိုင် အလုပ်လုပ်ကိုင်ခွင့်လက်မှတ် ထုတ်ပေးထားသည့် မြန်မာအလုပ်သမားများအား ပြည်သူပိုင်ဖြစ်ကြောင်း သက်သေခံလက်မှတ်ကိုလည်းပဲ ထုတ်ပေးနိုင်ရေးကိုလည်း နှစ်နိုင်ငံညှိနှိုင်းဆွေးနွေးဆောင်ရွက် လျက်ရှိပါတယ်။ သက်ဆိုင်ရာနိုင်ငံများနဲ့ ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်မှုနှင့် ဆက်စပ်မှုတို့မှာ စီးပွားရေးတိုးတက်ရေးနဲ့ နိုင်ငံသားများ အကာအကွယ်ပေးရေး၊ လုံခြုံရေးနှင့်အချုပ်အခြာအာဏာ စွမ်းဆောင်ပေးနိုင်မှုနှင့် အရင်းအမြစ်ကြားမှာ အားပြိုင်မှုများကိုလည်း တွေ့မြင်နိုင်မှာဖြစ်ပါတယ်။ ရွှေ့ပြောင်းနေထိုင်မှုဖြစ်စဉ်ကို ကိုင်တွယ်ဖြေရှင်းတဲ့နေရာမှာ အစိုးရတစ်ခုထဲမဟုတ်ဘဲနဲ့ Agency များ၊ ကုမ္ပဏီများ၊ အလုပ်သမားအဖွဲ့အစည်းများနှင့် NGO, INGO များ၊ အလုပ်သမားများအားလုံး ပူးပေါင်းဆောင်ရွက်မှသာ ပိုမိုထိရောက်အောင်မြင်မှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အချုပ်အားဖြင့်တင်ပြလိုတာကတော့ ကျွန်တော်တို့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ထိုင်းနိုင်ငံကို ဇွန်လအတွင်းမှာသွားရောက်တဲ့ ခရီးစဉ်မှာလည်းပဲ ဒီအလုပ်သမားရေးရာကိစ္စများကို အလေးအနက်ထားပြီးတော့မှ ဆွေးနွေးတောင်းဆိုခဲ့ပါတယ်။ ထိုက်သင့်တဲ့အခွင့်အရေးများလည်းပဲ ရရှိနေပြီဖြစ်ပါတယ်။ အလားတူပါပဲ ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ် ရောက်ရှိစဉ်မှာလည်းပဲ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် အလုပ်သမားရေးရာကိစ္စရပ်များကို ကာကွယ်စောင့်ရှောက်ပေးဖို့ဥပဒေနှင့်အညီ အခွင့်အရေးတွေပေးဖို့ ပြောကြားခဲ့ခြင်းအားဖြင့်လည်း နိုင်ငံတော်ရဲ့အကြီးအကဲများအနေနဲ့ ပြောင်းရွှေ့အလုပ်သမားများအပေါ်မှာ မည်မျှတန်ဖိုးထားကြောင်းနှင့် မည်မျှအလေးထားကြောင်း ထင်ရှားတဲ့အထောက်အထားများပဲ ဖြစ်ပါတယ်။ လက်ရှိအနေအထားဖြင့် ထိုင်းနိုင်ငံဆိုင်ရာမြန်မာသံရုံးမှာလည်းပဲ သံရုံးဝန်ထမ်းများ တိုးမြှင့်ခန့်ထားပြီးဖြစ်ပါတယ်။ အလားတူပါပဲ ထိုင်းနိုင်ငံမှာရှိတဲ့ အလုပ်သမားရေးရာ သံအရာရှိများကိုလည်း တိုးချဲ့ခန့်ထားဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ မြန်မာနိုင်ငံရွှေ့ပြောင်းအလုပ်သမားများအရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ပနိုင်ငံများမှာရှိတဲ့ မြန်မာအလုပ်သမားရေးရာကိစ္စရပ်များကို သက်ဆိုင်ရာနိုင်ငံများရဲ့ အစိုးရအဖွဲ့များနဲ့ ဆက်သွယ်ညှိနှိုင်းပြီးတော့မှ အစဉ်တစိုက်ဆောင်ရွက်လျက်ရှိတာသာမကဘဲနဲ့ သက်ဆိုင်ရာ မြန်မာနိုင်ငံသံရုံးများနှင့် အလုပ်သမားသံအရာရှိများကလည်း ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ထိုင်းနိုင်ငံအပါအဝင် မလေးရှားနိုင်ငံ၊ တခြားနိုင်ငံမှာရှိတဲ့အလုပ်သမားများကို အဲဒီနိုင်ငံမှာ ဥပဒေနှင့်အညီ လုပ်ခလစာနှင့် ခေါင်းပုံဖြတ်ခြင်းကင်းဝေးစွာတင်မဟုတ်ဘဲနဲ့ ကျွန်တော်

တို့အစိုးရအဖွဲ့ရဲ့ ရည်မှန်းချက်ကတော့ အဲဒီပြည်ပရောက်မြန်မာနိုင်ငံသားအလုပ်သမားများကို သူတို့ရဲ့ကျွမ်းကျင်မှုလုပ်ငန်းများနဲ့ မြန်မာနိုင်ငံအတွင်းကို ပြန်လည်ပြီးတော့မှ၊ ခေါ်ယူပြီးတော့မှ အလုပ်အကိုင် အခွင့်အလမ်းများပေးနိုင်ဖို့အတွက်ကို မြင့်မားတဲ့ရည်မှန်းချက်များထားပြီးတော့မှ ဘက်စုံကဏ္ဍစုံက ရည်မှန်းချက်အောင်မြင်ရေးအတွက်ကို သက်ဆိုင်ရာဝန်ကြီးဌာနများက ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများကို အလေးထားတင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ မြန်မာနိုင်ငံရွှေ့ပြောင်းအလုပ်သမားများအရေးကို အထူးအလေးထားပြီးတော့မှ ဆောင်ရွက်လျက်ရှိတဲ့နည်းတူ သက်ဆိုင်ရာဝန်ကြီးဌာနချင်းလည်း ပေါင်းစပ်ပြီးတော့မှ အလေးထားဆောင်ရွက်တဲ့လုပ်ငန်းစဉ်များ ဖြစ်ပါတယ်။ ဒီလိုလုပ်ငန်းများကလည်းပဲ စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ရမယ့်လုပ်ငန်းများဖြစ်တဲ့အတွက် လွှတ်တက်ကိုယ်စားလှယ်ရဲ့အဆိုကို မှတ်တမ်းတင်သင့်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့ သဘောထားပြောပါ။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ အားလုံးပဲမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လာရောက်ဆွေးနွေးပေးပါသော ပြည်ထောင်စုဝန်ကြီးနှင့် ဒီအဆိုနှင့်ပတ်သက်ပြီး ထက်သန်တက်ကြွစွာဆွေးနွေးခဲ့ကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အကြောင်းအမျိုးမျိုးကြောင့် ဆွေးနွေးခွင့်မရလိုက်တဲ့ ကိုယ်စားလှယ်များအားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်။ ဒီအဆိုဟာ အစိုးရအဆက်ဆက် အရေးယူဆောင်ရွက်မှုအားနည်းခဲ့တဲ့ ပြည်ပနိုင်ငံတွေမှာ ဒုက္ခရောက်နေကြတဲ့ ကူကယ်ရာမဲ့ ကျွန်တော်တို့ နိုင်ငံသားတွေခံစားနေရတဲ့ ဒုက္ခတွေက လွတ်မြောက်ဖို့ အတွက်ရည်ရွယ်ပြီးတော့ တင်သွင်းခဲ့ခြင်းဖြစ်ပါတယ်။ ပြည်ပမှာ အလုပ်လုပ်နေကြတဲ့ ကျွန်တော်တို့ နိုင်ငံသားတွေဟာ ဥပဒေချိုးဖောက်ခံနေရတာ၊ တရားမျှတမှုတွေပျောက်နေတာ လူ့အခွင့်အရေးတွေ ချိုးဖောက်ခံနေရတာ ဘဝတွေပစ်အသက်တွေပေးလိုက်ရတဲ့ အဖြစ်ဆိုးတွေ ဒီနေ့ဒီအချိန်မှာ မရှိတော့သင့်ပါဘူး။ ကျွန်တော်တို့သွေးချင်းညီအစ်ကိုမောင်နှမတွေ သက်ဆိုင်ရာနိုင်ငံတွေရဲ့ ဥပဒေအကာအကွယ် စောင့်ရှောက်မှုအောက်မှာ တရားမျှတမှုတွေရှိဖို့၊ လူ့အခွင့်အရေးတွေ၊ အလုပ်သမားအခွင့်အရေးတွေ ရရှိဖို့နဲ့ တန်းတူညီမျှမှုတွေရရှိဖို့ ရည်ရွယ်ပါတယ်။ ကျွန်တော်တို့ကို အားကိုးတကြီးမဲပေးရွေးချယ် လိုက်ကြတဲ့ ပြည်ပရောက်နိုင်ငံသားတွေအတွက် ဆုတ်ဆိုင်းမှုမရှိ အရေးတကြီးအလျင်အမြန် ဖြေရှင်းဆောင်ရွက်ပေးဖို့တာဝန်

ဟာ ကျွန်တော်တို့ရဲ့ ပခုံးထက်မှာ ကျရောက်နေတဲ့တာဝန်ပါ။ ဒါကြောင့် ဒုက္ခပင်လယ်ဝေနေရှာတဲ့ ကူကယ်ရာမဲ့ ကျွန်တော်တို့နိုင်ငံသားတွေအတွက် နိုင်ငံအဝှမ်းက စိုးရိမ်တကြီးနဲ့ စောင့်ကြည့်နေကြတဲ့ သူတို့ရဲ့မိသားစုတွေရဲ့ သောကဒုက္ခတွေအတွက် အရေးတကြီး အလျင်အမြန် ဆောင်ရွက်ကြရမှာပါ။ ဒီပြဿနာတွေကို ဖြေရှင်းဖို့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ထိုင်းနိုင်ငံကို သွားရောက်ပြီး ထိုင်းအစိုးရ တာဝန်ရှိသူတွေနဲ့ နားလည်မှုစာချွန်လွှာတွေရေးထိုး သဘောတူညီခဲ့ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ သော်လည်းကောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနအနေနဲ့သော် လည်းကောင်း၊ ပြည်ပရောက် မြန်မာအလုပ်သမားများအရေးအတွက် မူဝါဒတွေချမှတ်ပြီးတော့ အလေး ပေးအကောင်အထည်ဖော် ဆောင်ရွက်နေတာ သိရလို့လည်း အထူးပဲကျေးဇူးတင်ဝမ်းသာ ဂုဏ်ယူမိပါ တယ်ခင်ဗျား။ ဒါကြောင့် ပြည်ပနိုင်ငံများမှာ သွားရောက်အလုပ်လုပ်နေကြတဲ့ ကျွန်တော်တို့ နိုင်ငံသား တွေရဲ့ အရေးနဲ့ပတ်သက်ပြီး Government to Government နှစ်နိုင်ငံအစိုးရချင်း ချိတ်ဆက်ပြီး တော့ ထိရောက်စွာ ကူညီပံ့ပိုးကယ်တင်စောင့်ရှောက်နိုင်ဖို့ ကျွန်တော့်အဆိုကို လွှတ်တော်မှ မှတ်တမ်း တင်ရုံသာမက မှတ်တမ်းတင်စောင့်ကြည့်ပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ တင်ပြ အပ်ပါတယ်။ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးကျော်အောင်လွင် စေတုတ္တရာ မဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ် ၁၅ ဦးက ဆွေးနွေးပြီး အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အဆိုအား မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းခဲ့ပါ တယ်။ အဆိုရှင်ကလည်း အဆိုကို မှတ်တမ်းတင်ရုံသာမက လွှတ်တော်ကစောင့်ကြည့်ပြီးတော့ မှတ်တမ်းတင်စောင့်ကြည့်ပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင်စောင့်ကြည့်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးကျော်အောင်လွင်တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၄၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး(၄၃)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၃ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၅၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၄၂)ရက်မြောက်နေ့ကို ၁၃း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**